မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၃၄)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်၊ တနင်္ဂနွေနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အာဆီယံထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပမည့် ခန်းမများတည်ဆောက်ပြီးစီးမှုနှင့် အစည်းအဝေးအတွက် ပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှု

နေပြည်တော် နိုဝင်ဘာ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့် ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ တတိယမြောက်နေ့အဖြစ် ဆက်လက်ကျင်းပလျက်ရှိသည့် ကျေးလက်မီးလင်းရေးအထောက်အကူပြုပစ္စည်းနှင့် စက်မှုထုတ်ကုန်ပစ္စည်းပြပွဲ (၂၀၁၃)သို့ တက်ရောက်အားပေးသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် ပြပွဲအခမ်းအနားကျင်းပရာ MICC အဆောက်အအုံအတွင်းဘက် မြေညီထပ်၌ ခင်းကျင်းပြသလျက်ရှိသည့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများနှင့် စွမ်းအင်ဆိုင်ရာအထောက်အကူပြုပစ္စည်းများ၊ မော်တော်ယာဉ်နှင့်စက်ယန္တရားများ၊ ကျေးလက်မီးလင်းရေး အထောက်အကူပြုပစ္စည်းပြခန်းများ၊ အထည်အလိပ်နှင့် လျှပ်စစ်ပစ္စည်းပြခန်းများ၊ ဆေးဝါးနှင့်စားသောက်ကုန်ပစ္စည်းပြခန်းများ၊ စက္ကူနှင့်အိမ်သုံးပစ္စည်းပြခန်းများနှင့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယနေ့တွင် တေးသံရှင် Rဇာနည်၊ ဟဲလေး၊ နီနီခင်ဇော်၊ ဖြူဖြူကျော်သိန်း စသည့် အနုပညာရှင်များက တေးဂီတများဖြင့် သီဆိုဖျော်ဖြေကြရာ ပြပွဲလာရောက်သည့်ပရိသတ်များက ပျော်ရွှင်စွာပါဝင်သီဆိုအားပေးကြသကဲ့သို့ မိမိတို့ဝယ်ယူလိုသည့် စက်မှုကုန်ထုတ်ပစ္စည်းများကို အားပါးတရရှာဖွေဝယ်ယူလျက်ရှိသည်ကို တွေ့မြင်ရသည်။ *မျက်နှာ ၈ ကော်လံ ၁* ❐

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ခန်းမများတည်ဆောက်ပြီးစီးမှုနှင့် အစည်းအဝေးအတွက် ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာယူ-၂၃ (ခ)အသင်း၏ ပထမခြေစမ်းပွဲ ဂိုးပြတ်အနိုင်ရ

ရန်ကုန် နိုဝင်ဘာ ၂

ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာယူ-၂၃ အသင်းကို အထောက်အကူပြုရန် ဖွဲ့စည်းထားသည့် မြန်မာယူ-၂၃(ခ) အသင်းနှင့် ပထမတန်းကလပ်မြဝတီအသင်းတို့သည် ယနေ့နံနက်ပိုင်းက ပဒုမ္မာကွင်းတွင် ခြေစမ်းကစားရာ မြန်မာယူ-၂၃(ခ)အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာယူ-၂၃ (ခ)	-	သုံးဂိုး
မြဝတီ	-	တစ်ဂိုး

မြန်မာယူ-၂၃ (ခ) အသင်း၏ ပထမဆုံးခြေစမ်းပွဲမှာ အနိုင်ရလဒ်ဖြင့် စတင်နိုင်ခဲ့သည်။ စုစည်းလေ့ကျင့်ရက်အနည်းငယ်သာ ရှိသေးသော်လည်း ယူ-၂၃(ခ) အသင်းမှာ ပုံစံကောင်းကို ပြသနိုင်ခဲ့ပြီး စိုးမင်းနိုင်၊ ရဲအောင်၊ နန္ဒလင်းကျော်ချစ်၊ အောင်မြင့်ထွန်းတို့၏ တိုက်စစ်တွဲလုံးက မြဝတီဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ ပထမပိုင်းတွင် ယူ-၂၃ (ခ)အသင်းက ရဲအောင်၊ စိုးမင်းနိုင်တို့၏ ဂိုးများဖြင့် အနိုင်ရနေခဲ့ပြီး ဒုတိယပိုင်းအစတွင် ရဲဝေယံစိုးက မြဝတီအတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သည်။ ယူ-၂၃ (ခ)အသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ရန်နိုင်ထွေးက သွင်းယူပေးခဲ့သည်။

သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-စိုးညွန့်

မြန်မာယူ-၂၃(ခ) တိုက်စစ်ကို မြဝတီဂိုးသမား ကာကွယ်နေစဉ်။

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက် ကျဆင်းနိုင်

နေပြည်တော် နိုဝင်ဘာ ၂

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ တောင်ငူမြို့၏ စိုးရိမ်ရေမှတ်အထက် ၇၈ စင်တီမီတာ (၂ပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်ကျဆင်းနိုင်သည်။

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် တိုင်းတာရရှိသော ၇၁၃ စင်တီမီတာသည် ၁၉၆၆-၂၀၁၃ နှစ်ပေါင်း ၄၈ နှစ်အတွင်း ဒုတိယအမြင့်ဆုံးမြစ်ရေမှတ်ဖြစ်သည်။ စစ်တောင်းမြစ်ရေ (တောင်ငူမြို့)၏ ယခင်ဒုတိယအမြင့်ဆုံးမြစ်ရေမှတ်မှာ ၃၀-၈-၁၉၈၄ ရက်တွင် တိုင်းတာရရှိသော ၇၀၅ စင်တီမီတာဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဆီးဂိမ်းမော်ကွန်း

ကျွန်ုပ်တို့နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပတော့မည့် ဆီးဂိမ်းပြိုင်ပွဲကြီးသည် တဖြည်းဖြည်း နီးကပ်လာနေပြီဖြစ်သည်။ မြန်မာနိုင်ငံက ဤပြိုင်ပွဲကြီးကို နှစ်ပေါင်း ၄၄ နှစ်ကြာမှ တစ်ဖန်ပြန်လည်ကျင်းပခွင့်ရခဲ့သည့်အလျောက် မြန်မာအားကစားအပါအဝင် အာဆီယံနိုင်ငံအားလုံးအတွက် အဆင့်မြှင့်တင်ပေးမှုနှင့်အတူ အားသစ်လောင်းလိုက်ခြင်းလည်း ဖြစ်ပါသည်။

မြန်မာ့အားကစားသည် တစ်ချိန်က လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့ပါသည်။ ကျွန်းဆွယ်ခေတ်သည် မြန်မာတို့၏ ရွှေရောင်လွှမ်းသောအားကစားခေတ်ဟု ဆိုရပါလိမ့်မည်။ ထိုခေတ် ထိုအခါက ယနေ့ခေတ်ကဲ့သို့ အားကစားအဆောက်အအုံကောင်းများ မရှိသေးသော်လည်း မြန်မာအားကစားမောင်မယ်တို့၏ ကြိုးပမ်းအားထုတ်မှုများကြောင့် အာရှအဆင့်အထိ ထိုးဖောက်အောင်မြင်ခဲ့ပါသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ၁၉၆၉ ခုနှစ်က နောက်ဆုံးလက်ခံကျင်းပခဲ့သည့် ကျွန်းဆွယ်ပြိုင်ပွဲသည် ပဉ္စမအကြိမ်မြောက် ဖြစ်ပါသည်။ ပြိုင်ပွဲဝင်အားကစားသမား တစ်ဦးချင်းစီ၏ ကြိုးစားအားထုတ်မှုကြောင့် ဆုတံဆိပ်များ ဆွတ်ခူးနိုင်မှုတွင် မြန်မာတို့ သရဖူဆောင်းနိုင်ခဲ့ပါသည်။

ထိုခေတ်က နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သော အားကစားသမားများမှာ ရှင်ဘွေဂန်း(မာရသွန်)၊ မြင့်အောင်(ကျွမ်းဘား)၊ မခင်ပု (အပြေးနှင့် လှံတံပစ်)၊ဂျင်နီဖာတင်လေး (သံလုံးပစ်နှင့် ဘော်လီဘော)၊ ဘာဘရာကျော်ဘွား (အမြင့်ခုန်)၊ မတင်ပု (စွမ်းအင်ငါးမျိုး)၊ နန္ဒကျော်စွာ (ရေကူး)၊ ဖေအေး(အလေးမ)၊ ဝင်းမောင်(လက်ဝှေ့) နှင့် ဗိုလ်ကြီးကျော်ရိုန် (သေနတ်ပစ်)စသော အားကစားသမားများ ဖြစ်ပါသည်။ ၎င်းတို့သည် ဤကျွန်းဆွယ်ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များဆွတ်ခူးပေးခဲ့ရုံသာမက ခေတ်တစ်လျှောက်လုံး မြန်မာ့ရွှေရောင်အားကစားကို အရောင်တင်ပေးနိုင်ခဲ့ကြပါသည်။

သူတို့သည် ကြိုးစားအားထုတ်မှုကိုယ်စီဖြင့် မြန်မာ့အားကစား အောင်မြင်မှုမှတ်တိုင်များကို စိုက်ထူခဲ့ကြသည်။ နှောင်းလူတို့အတွက် ဂုဏ်ယူအားကျစရာဖြစ်ပါသည်။ မြန်မာ့အားကစားသမိုင်းတစ်လျှောက်တွင် ဤကဲ့သို့ မော်ကွန်းတင်နိုင်ခဲ့သော အားကစားသမားကောင်း မြောက်မြားစွာရှိခဲ့သည်။ အားကစားလောကတွင် ဂုဏ်ယူလေးစားထိုက်သူများ ဖြစ်ပါသည်။ ဤသူတို့သည်ကား ကျွန်းဆွယ်မော်ကွန်းကိုတင်နိုင်ခဲ့ကြသူများပင်ဖြစ်ပါသည်။

ယခုတစ်ဖန် ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာအားကစားမောင်မယ်တို့သည်လည်း မြန်မာ့အားကစားသမိုင်းတွင် ကြိုးစားအားထုတ်မှုကိုယ်စီဖြင့် မော်ကွန်းရေးထိုးပေးကြရတော့မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသော ဆီးဂိမ်းပြိုင်ပွဲတွင် အိမ်ရှင်အမိမြန်မာနိုင်ငံတော်ကြီးအတွက် ဆုတံဆိပ်များ ဆွတ်ခူးပေးခြင်းဖြင့် ဆီးဂိမ်းမော်ကွန်းကို ဂုဏ်ယူဝင့်ကြွားစွာ ရေးထိုးကြရတော့မည် ဖြစ်ပါသည်။ မဖြစ်မနေ အရယူမည်ဆိုသော စိတ်ဓာတ်သည် အောင်စိတ်ပင်ဖြစ်ပါသည်။ ဤစိတ်ဓာတ်ကို အစဉ်နှလုံးသွင်းလျက် မြန်မာအားကစားသမားတိုင်းက အကောင်းဆုံး ပြင်ဆင်လေ့ကျင့်မှု၊ အားထုတ်မှုများဖြင့် အောင်ပန်းဆွတ်ခူးနိုင်သော မြန်မာ့ဆီးဂိမ်းမော်ကွန်းကို ရေးထိုးသွားကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂

ပညာရေးမြှင့်တင်မှု လုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ရေး ညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီခွဲက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးလုပ်ငန်းအဖွဲ့(Task Force) ဥက္ကဋ္ဌ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ဆွေးနွေးပွဲများမှရရှိလာသော အချက်အလက်များကိုအခြေခံ၍ ပညာရေးဆိုင်ရာ မူဝါဒများ ပေါ်ထွက်လာနိုင်ရေးနှင့် ပညာရေးဆိုင်ရာ ဥပဒေရေးဆွဲသွားနိုင်ရေးအတွက် ဆောင်ရွက်ကြရန်လိုအပ်ကြောင်းနှင့် အချိန်ကာလ တိတိကျကျ သတ်မှတ်ပြီး ဆွေးနွေးပွဲများ ပြုလုပ်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆွေးနွေး

ထို့နောက် အထူးလုပ်ငန်းအဖွဲ့ (Task Force)ဒုတိယဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်က ဆွေးနွေးမည့် အကြောင်းအရာများနှင့်ပတ်သက်၍ လက်ရှိအခြေအနေနှင့် အစီအစဉ်လျာထားချက်များကို ဆွေးနွေးပြီး တက်ရောက်လာကြသူများက သက်ဆိုင်ရာအကြောင်းအရာ ခေါင်းစဉ်များအလိုက် အကြံပြုဆွေးနွေးတင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူဆယ်၌ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာ လုပ်ငန်းဆိုင်ရာ လုံခြုံရေးသင်တန်းဖွင့်

မူဆယ် နိုဝင်ဘာ ၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ ရွှေသီရိဟိုတယ်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့၏ ပူးပေါင်းကြီးကြပ်မှုဖြင့် ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာလုပ်ငန်းဆိုင်ရာ လုံခြုံရေးသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၈ ရက်ကဖွင့်လှစ်ရာ မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းမင်းဦး၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်၊ မူဆယ်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး လှဝင်း၊ မှုခင်းတပ်ဖွဲ့ ဒုတိယရဲမှူး မောင်ဖုန်း၊ သတင်းတပ်ဖွဲ့ ဒုတိယ ရဲမှူး အောင်ထူးမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယမြို့နယ်မှူး ဒုတိယရဲမှူး အောင်ဇော်မိုး၊ ဟိုတယ်နှင့် ခရီးသွားလာရေး မူဆယ်ရုံးခွဲမန်နေဂျာ ဦးဟန်ဇော်လင်းနှင့် ဟိုတယ်၊ မိုတယ်ရှစ်လုံး၊ တည်းခိုရိပ်သာ ၁၉ လုံးတို့မှ သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ကြသည်။ သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှဝင်း (ယာယီ)နှင့် ဟိုတယ်ခရီးလက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်တို့က ရှင်းလင်းခဲ့ကြသည်။

သင်တန်းတွင် ဧည့်ရိပ်သာ လုံခြုံရေးဆိုင်ရာများ၊ မိုင်းသတိရှိရေး၊ အန္တရာယ်ကင်းရှင်းရေးများ အဓိကထား၍ သင်တန်းပေးခဲ့ကြောင်း သိရသည်။

သိန်းဇော်(ရွှေလီဦး)

အားကစားအချပ်ပို ကြော်ငြာထည့်နိုင်

အားကစားဝတ်စုံ၊ အားကစားပစ္စည်း၊ ဆုတံဆိပ်၊ ဆေးဝါးစသည့် ကြော်ငြာများကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ဝေသည့် မြန်မာ့အလင်း လူမှုစီးပွား အားကစားအချပ်ပိုတွင် ထည့်သွင်းခြင်းဖြင့် အောင်မြင်မှုရယူပါ။

မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်ဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးအေးလွင်၊ ဦးမျိုးသန့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ China Development Bureau မှ Deputy Director General, Mr. Han Shengiian နှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၃၀ ရက် ညနေ ၃ နာရီက အသင်းချုပ်ရုံး၌ တွေ့ဆုံ၍ မြန်မာ-တရုတ်စီးပွားရေးလုပ်ငန်းများ ပူးပေါင်းတိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ နည်းပညာဖလှယ်နိုင်ရေးတို့ကို ဆွေးနွေးကြပြီး နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

(ကုန်သည်/စက်မှု)

မျိုးစေ့ထုတ်လုပ်ခြင်းနှင့် ဝတ်မှုန်ကူးပွဲတော်ကျင်းပ

ရွာင် နိုဝင်ဘာ ၂

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် မြို့ကြီးကျေးရွာအုပ်စု မြို့ကြီးကျေးရွာရှိ တောင်သူဦးမွတ်တား၏ ပုလဲသွယ်-၂ စပ်မျိုးစပါး စံပြကွက် တစ်ဧကစိုက်ကွင်းတွင် ရွာငံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် အောက်တိုဘာ ၃၀ ရက်က ဝတ်မှုန်ကူးပွဲတော်ကို ကျင်းပသည်။

အခမ်းအနားတွင် ရွာငံမြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရွာငံမြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူများ တက်ရောက်လေ့လာခဲ့ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်မျိုးသန့်က ပုလဲသွယ်-၂ စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်းနှင့် ဝတ်မှုန်ကူးပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးပြီးနောက် စပ်မျိုးစပါး ဝတ်မှုန်ကူးရခြင်းနှင့် ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက လက်တွေ့ပြသခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသော တောင်သူများက သိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျိုက္ကစံ ဆံတော်ရှင်စေတီတော် တန်ဆောင်တိုင်မီးထွန်းပွဲ ကျင်းပမည်

ရန်ကုန်   နိုဝင်ဘာ   ၂

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ်ရှိ သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင်ဆုတောင်းပြည့်စေတီတော်၏ နှစ်စဉ်ကျင်းပသည့် တန်ဆောင်တိုင်မီးထွန်းပူဇော်ပွဲနှင့် (၃၄)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်ခတ်ပြိုင်ပွဲအား တန်ဆောင်မုန်းလဆန်း ၁၄ ရက်ညနေတွင် စေတီတော်ရင်ပြင် စနေထောင့်၌ ကျင်းပမည်ဖြစ်သည်။

ရွှေကြာသင်္ကန်းရက်ခတ်ပြိုင်ပွဲကို စင်တော် ငါးစင်ဖြင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး တန်ဆောင်မုန်းလပြည့်နေ့ နံနက်တွင် ရက်ခတ်ပြီး ရွှေကြာသင်္ကန်းများကို ဗုဒ္ဓရုပ်ပွားဆင်းတုတော်များထံ ဆက်ကပ်လှူဒါန်း ပူဇော်မည်ဖြစ်သည်။ ယှဉ်ပြိုင်ကြသည့်အဖွဲ့များအား ပထမဆုငွေကျပ် ၂၅၀၀၀၀၊ ဒုတိယဆုငွေကျပ် ၂၃၀၀၀၀၊ တတိယဆုငွေကျပ် ၂၁၀၀၀၀၊ စတုတ္ထဆုငွေကျပ် ၁၉၀၀၀၀ နှင့် ပဉ္စမဆုငွေကျပ် ၁၇၀၀၀၀ တို့ကို ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ဆွေဆွေနိုင်(သတင်းစဉ်)

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ဥရောပငါးနိုင်ငံခရီးစဉ်မှ ပြန်လည်ရောက်ရှိ

ရန်ကုန်   နိုဝင်ဘာ   ၂

ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဥရောပငါးနိုင်ငံခရီးမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ဒေါ်အောင်ဆန်းစုကြည်သည် အောက်တိုဘာ ၁၈ ရက်တွင် ရန်ကုန်မြို့မှထွက်ခွာခဲ့ပြီး ဘယ်လ်ဂျီယံ၊ လူဇင်ဘတ်၊ ပြင်သစ်၊ ဗြိတိန်နှင့် အီတလီနိုင်ငံတို့သို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

ခရီးစဉ်အတွင်း ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲမြို့ရှိ Louvian-La-Neuve University မှပေးအပ်သည့် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့၊ ပြင်သစ်နိုင်ငံ Strasbourg မြို့ရှိ ဥရောပပါလီမန်မှ ပေးအပ်သည့် ဆာခရော့(Sakharov) ဆုနှင့်အီတလီနိုင်ငံ ရောမမြို့၌ ရောမမြို့တော်သူ ဂုဏ်ထူးဆောင်ဆုတို့ကို လက်ခံခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နယ်စပ်ဆက်ဆံရေးရုံးဖွင့်

နေပြည်တော်   နိုဝင်ဘာ   ၂

မြန်မာ-ထိုင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်နိုင်ရန်အတွက် မြဝတီမြို့နှင့် မဲဆောက်မြို့တို့တွင် နှစ်နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နယ်စပ်ဆက်ဆံရေးရုံးများ၏ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီ မိနစ် ၂၀ က မြဝတီမြို့၌ လည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် မဲဆောက်မြို့၌ လည်းကောင်း အပြန်အလှန် ဖွင့်လှစ်နိုင်ခဲ့ပြီး လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အစည်းအဝေးပွဲများ ကျင်းပခဲ့ကြသည်။ **(ယာပုံ)**

ကျင်းပခဲ့

မြဝတီနယ်စပ်ဆက်ဆံရေးရုံး ဖွင့်ပွဲအခမ်းအနားကို နံနက် ၉ နာရီ မိနစ် ၂၀ က ကျင်းပခဲ့ရာတွင် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များဖြစ်သော ရဲမှူးချုပ် ဝင်းနိုင်ထွန်းနှင့် Mr. Vichien Chawalit တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ကရင်ပြည်နယ် နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်၊ လူမှုရေးရာဝန်ကြီး ဦးချစ်လှိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်ထွန်းပါ မြန်မာကိုယ်စားလှယ်အဖွဲ့ ၂၉ ဦးနှင့် ထိုင်းနိုင်ငံမှ Mr. Vichien Chawalit ခေါင်းဆောင်သည့် ထိုင်းကိုယ်စားလှယ်အဖွဲ့ ၁၈ ဦးတို့ တက်ရောက်ကြသည်။

ဆက်လက်၍ မဲဆောက်နယ်စပ်ဆက်ဆံရေးရုံးဖွင့်ပွဲကို မွန်းလွဲ ၁ နာရီခွဲတွင် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ လဝကခရိုင်ရုံးရှိ (BCATIP) ရုံး၌ ကျင်းပခဲ့ရာ ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန တာ့ခ်ခရိုင် ဦးစီးမှူး၊ မစ္စတာ ပူရီတွဒ်မယ်ခရ၊ တာ့ခ်ခရိုင် အုပ်ချုပ်ရေးမှူး မစ္စတာ တူချိုယံပရာဆပ်ဘန်တစ်၊ ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr. Vichien Chawalit တို့က အမှာစကားပြောကြားကာ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ရဲမှူးချုပ်ဝင်းနိုင်ထွန်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်တို့က (BCATIP) ရုံးဆိုင်းဘုတ်ကို ကြိုးဆွဲ ဖွင့်လှစ်ခဲ့ပြီး သတင်းစာရှင်းလင်းပွဲ ကျင်းပသည်။ ထို့နောက် တာ့ခ်ခရိုင် လဝကရုံးအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

မဲဆောက် နယ်စပ်ဆက်ဆံရေးရုံး ဖွင့်ပွဲအခမ်းအနားသို့ ရဲမှူးချုပ်ဝင်းနိုင်ထွန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ၂၆ ဦးနှင့် ထိုင်းနိုင်ငံမှ Mr.Vichien Chawalit ခေါင်းဆောင်သည့် ထိုင်းကိုယ်စားလှယ်အဖွဲ့ ၁၈ ဦးတို့ တက်ရောက်ကြသည်။

ဆက်လက်ကျင်းပ

နိုဝင်ဘာ ၁ ရက်တွင် မဲဆောက်မြို့ စင်ထရယ်ဟိုတယ်တွင် နှစ်နိုင်ငံကိုယ်စားလှယ်များ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ အစည်းအဝေးပွဲများ ဆက်လက်ကျင်းပကြသည်။

၂၀၀၉ ခုနှစ် ဧပြီ ၂၄ ရက်တွင် နေပြည်တော်၌ မြန်မာ-ထိုင်း နှစ်နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို နှစ်နိုင်ငံဝန်ကြီးအဆင့် လက်မှတ်ရေးထိုးခဲ့ပြီး တာချီလိတ်-မယ်ဆိုင်၊ ကော့သောင်း-ရနောင်းနှင့် မြဝတီ-မဲဆောက်တို့တွင် နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေးရုံးများကို ၂၀၁၂ ခုနှစ်အတွင်း ဖွင့်လှစ်ရန် သဘောတူညီခဲ့သည်။ ထိုသဘောတူညီချက်အရ ၂၀၁၂ ခုနှစ် မတ် ၂၂ ရက်တွင် တာချီလိတ်- မယ်ဆိုင် (BCATIP)ရုံးများကို ပထမဦးဆုံး အပြန်အလှန် ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ကော့သောင်း-ရနောင်း (BCATIP) ရုံးများကို ထပ်မံဖွင့်လှစ်နိုင်ခဲ့ကြသည်။

ယခုဖွင့်လှစ်သည့် မြဝတီ-မဲဆောက် နှစ်နိုင်ငံလူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နယ်စပ်ဆက်ဆံရေး (BCATIP) ရုံးသည် တတိယအကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နယ်စပ်ဆက်ဆံရေး (BCATIP) ရုံးများဖြစ်ကြောင်း လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ထံမှ သိရသည်။

ကိုကိုရှုပ

ဆီးဂိမ်းအားကစားပြိုင်ပွဲနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ရယူနိုင်ရန် Official Website တစ်ခု လွှင့်တင်ထား

ရန်ကုန်   နိုဝင်ဘာ   ၂

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ မြန်မာနိုင်ငံ၌ ကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့်ပတ်သက်သော သတင်းအချက်အလက်များအား နိုင်ငံတကာနှင့် ပြည်တွင်းမှ ပြည်သူများ သိရှိနိုင်စေရန်နှင့် ပြိုင်ပွဲကာလအတွင်း သတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ Official Website ဖြစ်သော www.27 seagames 2013.com အား လွှင့်တင်ထားပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေးပွဲ ကုန်သည်/စက်မှုအသင်းချုပ်၌ကျင်းပမည်

ရန်ကုန်   နိုဝင်ဘာ   ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ထိုင်ဝမ်အခြေစိုက် Chinese International Economic Cooperation Association (CIECA) တို့ပူးပေါင်း၍ "The 1 st Joint Meeting between UMFCCI and CIECA " ကို နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီခွဲတွင် ကုန်သည်/စက်မှုအသင်းချုပ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း ဘဏ်လုပ်ငန်း၊ စတီးလ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်း၊ ဆေးနှင့်ဆေးပစ္စည်းကိရိယာများ၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း၊ မော်တော်ယာဉ်အပိုပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ သစ်အချောထည်နှင့် သစ်ပရိဘောဂလုပ်ငန်း၊ ဖိနပ်ထုတ်လုပ်မှု လုပ်ငန်း၊ လျှပ်စစ်မီးလုပ်ငန်း၊ အားကစားပစ္စည်းအမျိုးမျိုး၊ မွေးမြူရေးနှင့် ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းတို့တွင် မြန်မာစီးပွားရေး လုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ရေးအတွက် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲကို ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် UMFCCI ပထမထပ် မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲသို့ တက်ရောက်ရန် စိတ်ပါဝင်စားပါက ကုန်သည်/စက်မှုအသင်းချုပ်၊ နိုင်ငံတကာဆက်ဆံရေးဌာန ဖုန်းနံပါတ် ၂၁၄၃၄၄~၄၉ (ext; 122,123) သို့ လည်းကောင်း၊ e-mail;ird.umfcci 29 @gmail. com သို့ လည်းကောင်း အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မိုးလေဝသ အခြေအနေ

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ



လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ၂၀၁၄ ခုနှစ်အတွက် မှတ်စုစာအုပ်နှင့် လက်ကိုင်မှတ်စုစာအုပ်ရိုက်နှိပ်ထုတ်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် ၄-၁၁-၂၀၁၃ရက် ဖြစ်ပါသည်။

၃။ တင်ဒါပိတ်ရက်နှင့်အချိန်မှာ ၂၉-၁၁-၂၀၁၃ရက် မွန်းတည့် ၁၂း၀၀နာရီဖြစ်ပါသည်။

၄။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ပြည်ထောင်စုဝန်ကြီးရုံး၊ အဖွဲ့ခွဲ (၃)၊ ရုံးအမှတ် (၁၅)တွင် အမျိုးအစားတစ်ခု ၃၀၀၀ိ/-ဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

မှတ်စုစာအုပ်အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရုံးအမှတ် ၁၅၊ ဖုန်း-၀၆၇-၄၁၀၀၉၄

နိုင်ငံတကာသတင်း

တရုတ်၌မီးကျည်မီးပန်း စက်ရုံပေါက်ကွဲ အနည်းဆုံး ၁၁ ဦး သေဆုံး၊၁၇ ဦးဒဏ်ရာရ

ကွမ်စီ နိုဝင်ဘာ ၂

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်စီဒေသ၌ မီးရှူးမီးပန်းစက်ရုံပေါက်ကွဲခဲ့ရာ ၁၁ ဦးသေဆုံးပြီး ၁၇ ဦးဒဏ်ရာရရှိသွားကြောင်း နိုင်ငံပိုင်မီဒီယာက သတင်းဖော်ပြသည်။

အဆိုပါ ပေါက်ကွဲမှုသည် ကွမ်စီကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စင်စီမြို့၌ နိုဝင်ဘာ ၁ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းပေါက်ကွဲမှုနှင့် ပတ်သက်ပြီး စီးပွားရေးလုပ်ငန်းရှင် နှစ်ဦးကို ဖမ်းဆီးထားကြောင်း ဆင်ဟွာ သတင်းအေဂျင်စီက ဖော်ပြသည်။

တရုတ်မီးကျည်မီးပန်းလုပ်ငန်းများသည် စည်းကမ်းထိန်းချုပ်မှု အားနည်းခြင်းကြောင့် မကြာသေးမီနှစ်များက သေစေနိုင်သောပေါက်ကွဲမှုများ ဖြစ်ပွားလျက်ရှိသည်။ **(ဆင်ဟွာ)**

အာဖရိကဦးချိုဒေသပင်လယ်ဓားပြတိုက်မှု၊ ၂၀၀၅ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ပြန်ပေးငွေဒေါ်လာ သန်း ၄၀၀ ကျော် တောင်းဆိုရယူခဲ့

ဂျီနီဗာ နိုဝင်ဘာ ၂

အာဖရိက ဦးချိုဒေသမှ ပင်လယ်ဓားပြများသည် ၂၀၀၅ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ပြန်ပေးငွေ အမေရိကန်ဒေါ်လာသန်း၄၀၀ ကျော် တောင်းဆိုရယူခဲ့ကြောင်း ကမ္ဘာ့ဘဏ်နှင့် ကုလသမဂ္ဂထုတ်ပြန်ချက် တစ်ရပ်တွင် ဖော်ပြသည်။

ပင်လယ်ဓားပြ နောက်ကွယ်မှ ငွေကြေးထောက်ပံ့သူများသည် ယင်းတို့ကိုယ်တိုင် ဓားပြမတိုက်ဘဲ အဆိုပါငွေများကို စုဆောင်းထားကြသည်ဟု ဆိုသည်။ ယင်းငွေများကို လက်နက်များနှင့် လူမှောင်ခိုမှုများ အပါအဝင် အခြားသော မှုခင်းတားဆီးရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ရန်ပုံငွေထူထောင်ထားကြသည်ဟု ဆိုသည်။

အဆိုပါသတင်းတွင် ငွေကြေးခဝါချမှု ကွန်ရက်များကို အမြစ်ပြတ်ရှင်းလင်းသွားရန် ငွေကြေးဆိုင်ရာ လုပ်ငန်းအဖွဲ့ ထူထောင်ရန်လည်း ဆော်ဩတိုက်တွန်းလိုက်သည်။

အာဖရိက ဦးချိုဒေသသည် ပင်လယ်ကူး သင်္ဘောကြီးများနှင့် လူသားချင်း ကူညီရေးဆိုင်ရာ သင်္ဘောများ အဓိကသွားရောက်ရာ လမ်းကြောင်းဖြစ်သည်။ ယင်းဒေသတွင် အီးယူရေတပ်သင်္ဘော ၁၀ စင်း ထက်မနည်း ကင်းလှည့်နေသော်လည်း ပင်လယ်ဓားပြများ သောင်းကျန်းနေဆဲဖြစ်သည်။ **(ဘီဘီစီ)**

ကြောင်တစ်ကောင် ခွေးရူးရောဂါဖြင့် သေဆုံးပြီးနောက် ပြင်သစ်နိုင်ငံ ပါရီမြို့၌ သတိပေးချက်ထုတ်ပြန်

ပါရီ နိုဝင်ဘာ ၂

ပြင်သစ်နိုင်ငံတွင် ယခင်က ခွေးရူးပြန်ရောဂါပိုးရပ်စ် အမြစ်ပြတ်ဖယ်ရှားနိုင်ခဲ့ပြီဟု ယူဆထားခဲ့သော်လည်း ကြောင်တစ်ကောင် ခွေးရူးပြန်ရောဂါဖြင့် သေဆုံးခဲ့ပြီးနောက် ပြင်သစ်အာဏာပိုင်များက သတိပေးချက်များ ထုတ်ပြန်ထားသည်။

နှစ်လသားအရွယ် ကြောင်တစ်ကောင်သည် ပါရီမြို့အနီး၌ နိုဝင်ဘာ ၁ ရက်က ခွေးရူး ပြန်ရောဂါဖြင့် သေဆုံးခဲ့ပြီးနောက် သတိပေးချက်များ ထုတ်ပြန်ထားသည်။

ပြင်သစ် စိုက်ပျိုးရေးဝန်ကြီးဌာနက အဆိုပါ သတိပေးချက် ထုတ်ပြန်သကဲ့သို့ ခွေးရူးပြန်ရောဂါ ဆေးထိုးထားသူ ငါးဦးကိုလည်း စောင့်ကြည့်စစ်ဆေးလျက်ရှိသည်။

ပြင်သစ်နိုင်ငံသည် ၂၀၀၁ ခုနှစ်မှစပြီး ကမ္ဘာပေါ်တွင် ခွေးရူးပြန်ရောဂါကင်းစင်သော နိုင်ငံအဖြစ် ကြေညာနိုင်ခဲ့သည်။

သို့သော်လည်း ၂၀၀၈ ခုနှစ်တွင် မော်ရိုကိုမှ ရောဂါကူးစက်ခံရသော ခွေးတစ်ကောင် တင်သွင်းခဲ့သည်ဟု ဆိုသည်။

အဆိုပါ ခွေးရူးပြန်ရောဂါဖြင့် သေဆုံးသွားသော ကြောင်၏ပိုင်ရှင်နှင့် အခြားအနီးအနား တိရစ္ဆာန်များကိုလည်း ရောဂါကူးစက်ခြင်း ရှိမရှိ စစ်ဆေးရန်လိုအပ်ကြောင်း ပြင်သစ်စိုက်ပျိုးရေး ဝန်ကြီးဌာနက ပြောကြားသည်။ **(ဘီဘီစီ)**

ရွှေ့ပြောင်းသူများ၏ စခန်းများ နိုင်ဂျာအစိုးရ ပိတ်ပင်မည်

နိုင်ဂျာ နိုဝင်ဘာ ၂

နိုင်ဂျာနိုင်ငံ မြောက်ပိုင်းရှိ တရားမဝင်ပြောင်းရွှေ့လာသူများ၏စခန်းများကို ပိတ်သွားမည်ဖြစ်ကြောင်း အကြောင်းမှာ ဆာဟာရ၌ လူ ၉၂ ဦး အစာရေစာပြတ်လပ်သေဆုံးခဲ့ခြင်းကြောင့်ဖြစ်ကြောင်း နိုင်ဂျာနိုင်ငံက ပြောကြားသည်။

အဆိုပါ ပြောင်းရွှေ့လာသူများအရေးတွင် ပါဝင်ပတ်သက်သူများအားလုံးကို ထိုက်သင့်သော အပြစ်ပေးရလိမ့်မည်ဖြစ်ကြောင်း နိုင်ဂျာအစိုးရက ပြောကြားသည်။ အယ်လ်ဂျီးရီးယားနိုင်ငံသို့ သွားရာလမ်းမပေါ်တွင် ထရပ်ကားနှစ်စီးဖြင့်သယ်ဆောင်လာစဉ် ကလေး ၅၂ ဦး၊ အမျိုးသမီး ၃၃ ဦးနှင့် အမျိုးသားခုနစ်ဦးသေဆုံးသွားခဲ့သည်ဟု ဆိုသည်။ နိုင်ဂျာနိုင်ငံသည် ဆာဟာရ အာဖရိကဒေသခွဲနှင့် ဥရောပတို့အကြား အဓိကပြောင်းရွှေ့လာသူများ၏ လမ်းကြောင်းပေါ်တွင် ရှိသည်။ အစိုးရက နိုင်ဂျာမြောက်ပိုင်းရှိ ရွှေ့ပြောင်းလာသူများ၏ စခန်းများကို ပိတ်ရန်စီစဉ်နေကြောင်း ရုပ်မြင်သံကြားမှတစ်ဆင့် ကြေညာခဲ့သည်။ **(ဘီဘီစီ)**

ကမ္ဘာ့ အကြီးဆုံး လိမ္မော်ရောင်စိန်တစ်ပွင့် ဂျီနီဗာမြို့၌ လေလံတင်ရောင်းချမည်

ဂျီနီဗာ နိုဝင်ဘာ ၂

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ လာမည့် ရက်သတ္တပတ်ထဲတွင် လိမ္မော်ရောင်ရှိ အကြီးဆုံးစိန်ပွင့်ကို လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း၊ အဆိုပါစိန်ပွင့်မှာ ရှားပါးကျောက်မျက်စိန်တစ်ပွင့်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၇ သန်းမှ သန်း၂၀ အကြား ဈေးခေါ်သွားမည်ဖြစ်ကြောင်း လေလံပစ်သူများက နိုဝင်ဘာ ၁ ရက်၌ပြောကြားခဲ့သည်။

ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော အရောင်အသွေးကြည်လင်တောက်ပသည့် လိမ္မော်ရောင်စိန်ပွင့်တစ်ပွင့်ဖြစ်ပြီး အလေးချိန် ၁၄ ဒသမ ၈၂ ကရက်ရှိကာ အရွယ်အစားမှာ မက်မွန်သီးတစ်လုံးအရွယ်ရှိသည်ဟု သိရသည်။ ယင်းကို တောင်အာဖရိကမှ တွေ့ရှိထားခြင်းဖြစ်သည်။

လိမ္မော်ရောင်အသွေးရှိ စိန်ပွင့်များကို "fire diamonds" များဟု ခေါ်ကြပြီး ယင်းတို့သည် သဘာဝအားဖြင့် အလွန်လည်းရှားပါးကာ လေလံတင်ရောင်းချမှု မရှိသလောက်ပင်ဖြစ်သည်။ အလွန်ဆုံးရှိပါမှ ခြောက်ကရက်ထက်မကြီးပေ။

ယခုလိမ္မော်ရောင်စိန်ပွင့်ရောင်းချအပြီး နောက်တစ်ရက်တွင် ဆိုသာဘီလေလံပွဲမှ နောက်ထပ် အနာဆာကင်း ၅၉ ဒသမ ၆၀ ကရက်ရှိ ပန်းရောင်စိန်တစ်ပွင့်ကိုလည်း ထပ်မံရောင်းချမည်ဖြစ်သည်။ ၎င်းပန်းရောင်စိန်ပွင့်မှာ ကြမ်းခင်းဈေး ကန်ဒေါ်လာသန်း ၆၀ ဖြင့် ဈေးခေါ်သွားမည်ဖြစ်သည်။ **(အေအက်ဖ်ပီ)**

အစုလိုက်သတ်ဖြတ်ထားသော သင်္ချိုင်း ဘော့စနီးယားအနောက်မြောက်ပိုင်း၌ တွေ့ရှိ

ဘော့စနီးယား နိုဝင်ဘာ ၂

ဘော့စနီးယားနိုင်ငံတွင် ၁၉၉၀ ပြည့်လွန်နှစ်များက စစ်ပွဲကာလအတွင်း အစုအပြုံလိုက် သတ်ဖြတ်မြှုပ်နှံထားခဲ့သော လူပေါင်း ၃၆၀ ၏ ရုပ်ကြွင်းများကို မှုခင်းဆိုင်ရာ သိပ္ပံပညာရှင်များက တူးဖော်ခဲ့ကြသည်။

အဆိုပါ သင်္ချိုင်းမြေသည် ဘော့စနီးယား အနောက်မြောက်ပိုင်း တိုမာစီကာကျေးရွာအနီး၌ ရှိသည်။ ယင်းဒေသသည် ဆားဘီးယားမဟုတ်သူများအား ဘော့စနီးယားတပ်ဖွဲ့ဝင်များက စစ်ပွဲကာလအတွင်း ညှဉ်းပန်းနှိပ်စက်ရာ နေရာဖြစ်သည်။

ဘော့စနီးယား ၁၀၀၀ နှင့် ခရိုအေးရှားအမျိုးသား အမျိုးသမီးနှင့် ကလေးများ၏ ရုပ်ကြွင်းများ တွေ့ရှိဖွယ်ရှိကြောင်း တာဝန်ရှိသူများက ယုံကြည်ထားသည်။ ဘော့စနီးယား မျက်မြင်တွေ့ရှိသူများသည် မကြာသေးမီအချိန်အထိ အဆိုပါ သင်္ချိုင်းမြေမြှုပ်နှံထားမှုနှင့် ပတ်သက်ပြီး ရေငုံနှုတ်ပိတ်နေခဲ့ကြသည်။

ဘော့စနီးယား ဆားဘီးယားလူမျိုး ၁၆ ဦး၏ ရုပ်အလောင်းများ ယခုအထိတွေ့ရှိထားပြီဟု ဆိုသည်။ ပရီဂျက်ဒေါမြို့သည် အဆိုပါစစ်ပွဲကာလက ဘော့စနီးယား ဆားဘီးယားတို့၏ ခံတပ်ဖြစ်သည်။ **(ဘီဘီစီ)**

လော့စ်အိန်ဂျလိစ်လေဆိပ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား

လော့စ်အိန်ဂျလိစ် နိုဝင်ဘာ ၂

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်လေဆိပ်၌ နိုဝင်ဘာ ၁ ရက် နံနက်စောစောပိုင်းက သေနတ်သမားတစ်ဦးက ပစ်ခတ်ခဲ့သဖြင့် အနည်းဆုံး လုံခြုံရေးအဖွဲ့ဝင်တစ်ဦး သေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိသွားခဲ့သည်။

အဆိုပါ သံသယရှိ သေနတ်သမားသည် လေဆိပ် terminal 3 ၌ လုံခြုံရေးစစ်ဆေးရေးဂိတ်သို့ လမ်းလျှောက်ဝင်လာပြီး အိတ်ထဲမှရိုင်ဖယ်သေနတ်ကိုထုတ်ကာ နံနက် ၉ နာရီ မိနစ် ၂၀ ခန့်တွင် စတင်ပစ်ခတ်ခဲ့ကြောင်း လော့စ်အိန်ဂျလိစ်လေဆိပ်ရဲဌာနအကြီးအကဲ ပက်ထရစ်ဂန်နွန်က ပြောကြားသည်။ **(ဆင်ဟွာ)**

ဂူဂဲလ်ကုမ္ပဏီမှ အန်းဒရွိုက် OS ဗားရှင်းသစ်စတင်မိတ်ဆက်

နယူးယောက် နိုဝင်ဘာ ၂

စမတ်ဖုန်းများတွင် အသုံးပြုနိုင်သော အန်ဒရိုက် OS ဗားရှင်းအသစ်တစ်ခုကို ဂူဂဲလ်ကုမ္ပဏီမှ စတင်မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း နိုဝင်ဘာ ၁ ရက် သတင်းတွင် ရေးသားဖော်ပြထားသည်။

အွန်လိုင်းနှင့် ချိတ်ဆက်အသုံးပြုရသည့် function တော်တော်များများကို သုံးနိုင်စေရေးရည်ရွယ်ကာ ၄င်းဗားရှင်းကို ထွင်လိုက်ခြင်းဖြစ်သည်။

"Kit Kat" ဟုခေါ်သော ၄င်းဗားရှင်းအသုံးပြုခြင်းဖြင့် အခြားသော devices များနှင့် တွဲသုံးရာတွင် အဆင်ပြေစေမည် ဖြစ်သည်ဟု ဂူဂဲလ်ကုမ္ပဏီမှ အကြီးအကဲ Sundar Pichai က ဆန်ဖရန်စစ္စကိုမြို့တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသွားသည်။

အဆိုပါဗားရှင်းသစ်သည် အွန်လိုင်းအသုံးပြုမှုကိုလည်း လွယ်လင့်တကူဖြစ်စေမည်ဖြစ်သဖြင့် အန်ဒရိုက်သုံးသူများကို ပိုမိုအဆင်ပြေစေမည်ဖြစ်သည်။

ဂူဂဲလ်မှ အန်ဒရိုက် OS ကို ကမ္ဘာပေါ်ရှိ စမတ်ဖုန်းသုံးသူ ၈၀ ရာခိုင်နှုန်းခန့် သုံးစွဲလျက်ရှိကြောင်း လေ့လာသူတို့က ဆိုကြသည်။ **(ဘီဘီစီ)**

ဆီးရီးယားဒုက္ခသည် ၄၀၀၀၀၀ အကူအညီလိုအပ်နေ

လက်ဘနွန်နိုင်ငံမှ ဆီးရီးယားဒုက္ခသည် လေးသိန်းကျော်အတွက် ဆောင်းမဝင်မီ နိုင်ငံတကာ အသိုင်းအဝိုင်းမှ အကူအညီလိုအပ်နေကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်)က ပြောကြားသည်။ ဒုက္ခသည်ကလေး များအတွက် ပညာရေးကဲ့သို့သော ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများတွင် ပြည်ပအကူအညီများ လိုအပ်နေကြောင်း ယူနီဆက်က နိုဝင်ဘာ ၁ ရက်က ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

လက်ဘနွန်သမ္မတ မိုက်ကယ်ဆလိန်မန်းနှင့် ဝန်ကြီးချုပ် နာဂျစ်မီကာတီတို့သည် ယူနီဆက် အမှုဆောင်ညွှန်ကြားရေးမှူး အန်ထော်နီလိတ်တို့ တွေ့ဆုံပြီးနောက် ယင်းသတင်းကြေညာချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အီရန်ကို အမေရိကန်ခြိမ်းခြောက်

ပင်တဂွန်နှင့်စီအိုင်အေညွှန်ကြားရေးမှူးဟောင်း လီယွန်ပါနက်တာက အီရန်အနေဖြင့် အမေရိကန်၏ မူဝါဒကို လက်မခံနိုင်လျှင် စစ်ရေးအရ အရေးယူခြင်းကို ခံရနိုင်ကြောင်း ခြိမ်းခြောက်ပြောကြားလိုက်သည်။

ဝါရှင်တန်က အီရန်ကိုအရေးယူပိတ်ဆို့ရေးနှင့် ဖိအားပေးရန် စီစဉ်နေသော်လည်း စစ်ရေးအရ အရေးယူဖွယ်ရှိကြောင်း နယူးယောက်မြို့၌ အောက်တိုဘာ ၃၁ ရက် ညက အစ္စရေးကိုလိုလားသော အစည်းအဝေးကျင်းပစဉ် ၎င်းကပြောကြားလိုက်သည်။

အမေရိကန်သည် ကမ္ဘာပေါ်တွင် အစ္စရေးထက် ပိုကောင်းသော မိတ်ဆွေမရှိနိုင်ကြောင်းလည်း ၎င်းကပြောကြားသည်။

အမေရိကန်တိုက်ခိုက်မှု တာလီဘန်ခေါင်းဆောင်သေဆုံး

အမေရိကန်တို့က နိုဝင်ဘာ ၁ ရက်က မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခဲ့မှုကြောင့် တာလီဘန်ခေါင်းဆောင် ဟာကီမူလာမီဆွပ်သေဆုံးဖွယ်ရှိပြီးနောက် ပါကစ္စတန်လုံခြုံရေးတပ်များ တပ်လှန့်မှုပြုလုပ်ခဲ့သည်။ မီဆွပ်၏နာရေးအခမ်းအနားကို မြောက်ဝါဇီရစ္စတန်လူမျိုးစုဒေသ၌ပြုလုပ်နေစဉ် ပါကစ္စတန်လုံခြုံရေးတပ်များ တပ်လှန့်မှုပြုလုပ်ခဲ့သည်။

အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုသည် စစ်သွေးကြွများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဖျက်ဆီးရာရောက်ကြောင်း ပါကစ္စတန်ဝန်ကြီးတစ်ဦးကပြောသည်။

မီဆွပ်သည် မြောက်ဝါဇီရစ္စတန်၌ အမေရိကန်တို့ပစ်သော ဒုံးကျည်များ ၎င်း၏ကားကို ထိမှန်ပြီး သက်တော်စောင့်နှစ်ဦးအပါအဝင် လေးဦးသေဆုံးခဲ့သည်။ တာလီဘန်တပ်မှူး ခမ်းဆိတ်ဆက်နားသည် တာလီဘန်ခေါင်းဆောင်သစ်ဖြစ်လာဖွယ်ရှိသည်။

မြင့်မောင်စိုး-စုစည်းသည်

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ ကျိုက္ကဆံလမ်းမကြီးပေါ် ဈေးနှင့်ကျောင်းနီး၊ ပေ(၄၀×၉၀)၊ နှစ် ၆၀ဂရန်၊ ရေ၊မီးစုံ။
၂။ တာမွေမြို့နယ်တွင် ပေ (၅၀×၅၀)၊ ပြင်ဆင်ပြီး၊ RC 3½ ၊ အသင့်နေနိုင်သည်။ ရေ၊မီးစုံ။ (ရောင်းသူမှ အခွန်ဆောင်ပေးမည်။)

ဖုန်း-၀၉-၇၃၁၅၃၂၂၁၊ ၀၉-၅၆၆၀၁၁၀၊
၀၉-၇၃၀၆၇၃၇၃၊ ၀၉-၄၂၀၂၃၀၂၅၅၊ ၀၉-၅၁၄၇၆၅၉

၃၀-၁၀-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဦးစမျိုးမင်းစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဒေါ်ဝါဝါခိုင်၏ အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်သတိပေးဖြေရှင်းချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ဦးလွန်းမောင်လမ်း၊ ခြံအမှတ် ၅၄နေ ဒေါ်စန္ဒာလင်း ၈/ပခက(နိုင်)၁၅၀၃၅၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ဖြေရှင်းသတိပေးအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ထိန်စွန်းကျေးရွာ၊ ၂လမ်း-၃လမ်းကြားရှိ အလျား×အနံ (၄၁၄×၁၂၁)ပေ အကျယ်အဝန်းရှိ ခြံမြေနှင့်အိမ်အား ဒေါ်စန္ဒာလင်းမှ စာချုပ်စာတမ်းဖြင့် တရားဝင်တစ်ဦးတည်း ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ပါသည်။

အထက်ဖော်ပြပါကြေညာချက်ပါ ဦးစမျိုးမင်းစိုးသည် ဒေါ်စန္ဒာလင်းနှင့်ငွေကြေးပတ်သက်မှု တစ်စုံတစ်ရာ မည်သည့်အချိန်ကမျှ မရှိခဲ့ပါ။ ဦးစမျိုးမင်းစိုး၏ ကြေညာချက်သည် ဒေါ်စန္ဒာလင်း၏ ကောင်းမြတ်သော ဂုဏ်သိက္ခာကို များစွာထိခိုက်စေခဲ့ပါသည်။ ထို့ကြောင့် ဦးစမျိုးမင်းစိုး၏ ရှေ့နေကြေညာချက်သည် နေရပ်လိပ်စာမမှန်ကန်သည့်အပြင် အကျယ်အဝန်းပေလည်း မမှန်ကန်ပါ။ ခိုင်လုံသောအထောက်အထားမရှိဘဲ မဟုတ်မမှန် စွပ်စွဲကြေညာချက်များသာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးစမျိုးမင်းစိုးသည် ဒေါ်စန္ဒာလင်း ပိုင်ဆိုင်သော မြေကွက်အပေါ် မဟုတ်မမှန် ပြုလုပ်ဆောင်ရွက်ခဲ့ပါက တရားဥပဒေကြောင်းများအရ ချက်ချင်းအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး၍ ပြန်လည်ကြေညာလိုက်ပါသည်။ (ဤကြေညာချက်ပါရှိပြီး ခုနစ်ရက်အတွင်း ဦးစမျိုးမင်းစိုးသည် ဒေါ်စန္ဒာလင်းပိုင်ဆိုင်သည့် အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်သည့် ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများယူဆောင်၍ တရားလွှတ်တော်ရှေ့နေ ဒေါ်နွယ်နီတင်ထံ လာရောက်ပြသရန်နှင့် ရောက်လာခဲ့ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး သိစေအပ်ပါသည်။)

ဒေါ်စန္ဒာလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နွယ်နီတင် တရားလွှတ်တော်ရှေ့နေ (စဉ်-၆၉၃၉)
ဒေါ်တင်နှင်းယု အထက်တန်းရှေ့နေ (စဉ်-၃၂၁၈၂)
ဒေါ်နန္ဒာအောင် အထက်တန်းရှေ့နေ (စဉ်-၃၂၇၁၆)
အမှတ် ၄၉၃၊ ပထမထပ်၊ အခန်း (၃)၊ နဂါးရုံဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်တရားရုံးအနီး၊ (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

နိုင်ငံတကာသတင်း

သူလျှိုလုပ်မှုကို တိုက်ဖျက်မယ့် ဘရာဇီး နဲ့ ဂျာမနီ

မောင်နွေသစ်

ဘရာဇီးသမ္မတ ဒီလ်မာရောက်ဆက်(ဝဲ)နှင့် ဂျာမနီဝန်ကြီးချုပ် မာကဲလ်တို့အား တွေ့ရစဉ်။

အမေရိကန်ကအခြားနိုင်ငံတွေရဲ့ တယ်လီဖုန်းခေါ်ဆိုမှုတွေကို သူလျှိုလုပ်ဖို့ ကြားဖြတ်ဖမ်းယူနေတယ်လို့ စွပ်စွဲခံနေရချိန်မှာ ဘရာဇီးနဲ့ ဂျာမနီနိုင်ငံတွေကတော့ ကုလသမဂ္ဂဆိုင်ရာ သူလျှိုတိုက်ဖျက်မှု မူကြမ်းတစ်ရပ်ကို ကုလသမဂ္ဂသို့တင်ပြလိုက်ပြီ ဖြစ်ပါတယ်။

ဒီမူကြမ်းကို ကုလသမဂ္ဂအထွေထွေညီလာခံ လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးရေးအဖွဲ့သို့ လွှဲပြောင်းမပေးမီ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့မယ်လို့ ဆိုပါတယ်။ မူကြမ်းတွင် လူ့အခွင့်အရေးများကဲ့သို့ အွန်လိုင်းဆက်သွယ်မှုတွေအပေါ် လူတစ်ဦးချင်းစီအတွက် ကာကွယ်ပေးလိမ့်မယ်လို့ဆိုပါတယ်။ အွန်လိုင်းမှတစ်ဆင့် ပုဂ္ဂိုလ်ရေးအရ ပြောဆိုမှုများအပေါ် ကြားဖြတ်နားထောင်ပါက လူ့အခွင့်အရေး ချိုးဖောက်မှုကဲ့သို့ဖြစ်လာလိမ့်မယ်လို့ဖော်ပြထားပါတယ်။

ဂျာမနီဝန်ကြီးချုပ် အိန်ဂျယ်လာ မာကဲလ်နှင့် ဘရာဇီးသမ္မတဒီလ်မာရောက်ဆက်တို့ နှစ်ဦးစလုံးက အမေရိကန် အမျိုးသားလုံခြုံရေးအေဂျင်စီ(အင်န်အက်စ်အေ) လျှို့ဝှက်ထောက်လှမ်းမှုသတင်းများကျယ်ပြန့်လာခြင်းအပေါ် စိုးရိမ်မိကြောင်း ဖြေကြားပြီးတဲ့နောက် အဆိုပါ မူကြမ်းထွက်ပေါ်လာခြင်းဖြစ်ပါတယ်။

ဝန်ကြီးချုပ်မာကဲလ်က အမေရိကန်က သဘောတူညီချက်မရဘဲ သူလျှိုလုပ်ခြင်းအပေါ် ရှင်းလင်းပေးပါရန် တောင်းဆိုလိုက်ပါတယ်။ အခုတလော ဂျာမနီနဲ့ ပြင်သစ်ခေါင်းဆောင်တွေနဲ့ နိုင်ငံသားတွေအပေါ် အမေရိကန်က သဘောတူညီချက်မရဘဲ သူလျှိုလုပ်နေခြင်းအပေါ် သတင်းများ ထွက်ပေါ်လာခြင်းကို အကြောင်းပြု၍ ဂျာမနီဝန်ကြီးချုပ်က အမေရိကန်ကို ဖြေရှင်းပေးဖို့ တောင်းဆိုထားခြင်းဖြစ်ပါတယ်။

အမေရိကန်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေနိုင်ငံတွေဖြစ်တဲ့ ဂျာမနီနဲ့ ပြင်သစ်နိုင်ငံတွေအပေါ် တရားမဝင် သူလျှိုလုပ်ခြင်းကို ရပ်ဆိုင်းပစ်ဖို့ လိုအပ်လိမ့်မယ်လို့လည်း ဂျာမနီဝန်ကြီးချုပ်က အလေးအနက် ပြောကြားလိုက်ပါတယ်။ ဂျာမနီဝန်ကြီးချုပ်မာကဲလ်ရဲ့ မိုဘိုင်းဖုန်းကို အင်န်အက်စ်အေက ၂၀၁၂ ခုနှစ်ကတည်းက ထောက်လှမ်းနေခဲ့တယ်လို့ ဆိုပါတယ်။ ၂၀၁၃ ခုနှစ် ဇွန်လအထိ အမေရိကန်က သူရဲ့ ဖုန်းကို ထောက်လှမ်းနေခဲ့တယ်လို့ဆိုပါတယ်။

ပြီးခဲ့တဲ့လက ဘရာဇီးသမ္မတက ကုလသမဂ္ဂအထွေထွေညီလာခံမှာ အင်တာနက်တွေကို ပစ်မှတ်ထားပြီး သူလျှိုလုပ်နေခြင်းကိုလည်း စည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်သွားဖို့ ဆော်ဩတိုက်တွန်းလိုက်ပါတယ်။ ဘရာဇီးသမ္မတရဲ့ အီးမေးလ် ဖုန်းခေါ်ဆိုမှုနဲ့ မက်ဆေ့ချ်တွေမှာ အမေရိကန် အမျိုးသားလုံခြုံရေး အေဂျင်စီက ထောက်လှမ်းခဲ့ကြောင်း ဘရာဇီးရုပ်မြင်သံကြားက စက်တင်ဘာလအတွင်း ထုတ်လွှင့်ခဲ့ပါတယ်။

အမေရိကန် ထောက်လှမ်းရေးကန်ထရိုက်တာဟောင်း အက်ဒဝပ်စနိုးဒန်းက အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီနဲ့ FBI တို့ရဲ့ သန်းပေါင်းများစွာသော လျှို့ဝှက်ထောက်လှမ်းမှုများကိုဖွင့်ချခဲ့ပါတယ်။ အဲဒီထိပ်တန်း ၅၁နကြီးနှစ်ခုက ဖုန်းခေါ်ဆိုမှုများနဲ့အင်တာနက်အီးမေးလ်တို့ကတစ်ဆင့်လျှို့ဝှက်ထောက်လှမ်းမှုတွေ ပြုလုပ်ခဲ့တယ်လို့ ဆိုပါတယ်။ ဘာပဲဖြစ်ဖြစ် ဂျာမနီနဲ့ ဘရာဇီးနိုင်ငံတို့ရဲ့ လျှို့ဝှက်ထောက်လှမ်းမှု တိုက်ဖျက်ရေး ဥပဒေကြမ်းကို ကုလသမဂ္ဂမှာ အတည်ပြုနိုင်မယ်ဆိုရင်တော့ အမေရိကန်ရဲ့ တရားမဝင်ထောက်လှမ်းမှုတွေကို အရေးယူသွားနိုင်မယ်လို့ မျှော်လင့်ရပါတယ်။ ။

အသက် ၄၀ အောက် အမျိုးသမီးများ ရင်သားကင်ဆာဖြစ်ပွားမှုများလာ

ဥရောပနိုင်ငံများ၌ အသက် ၄၀ အောက် အမျိုးသမီးများတွင် ရင်သားကင်ဆာဖြစ်ပွားမှုများပြားလာနေကြောင်း လေ့လာတွေ့ရှိရသည်ဟု အောက်တိုဘာ ၃၁ ရက်က သတင်းရေးသားထားသည်။

၁၉၉၀ နှင့် ၂၀၀၈ ခုနှစ်ကြားကာလအတွင်း ဥရောပခုနစ်နိုင်ငံတို့၌ ၎င်းရောဂါဖြစ်ပေါ်မှုနှုန်း တစ်နှစ်လျှင် တစ်ရာခိုင်နှုန်းခန့် မြင့်မားလာသည်ကို တွေ့ရသည်ဟု ဆိုသည်။

အမျိုးသမီးများတွင် ရင်သားကင်ဆာမှာ အဖြစ်အများဆုံးသော ကင်ဆာရောဂါလည်း ဖြစ်သည်။

ရင်သား ကင်ဆာသည် ငယ်ရွယ်သူ အမျိုးသမီးများကြား ဖြစ်ခဲသည့် ရောဂါဖြစ်သည်။

ရောဂါရှင်များ၏ ၅ ရာခိုင်နှုန်းခန့်သာလျှင် အသက် ၄၀ အောက် အမျိုးသမီးများ ဖြစ်လေ့ရှိသည်။

သို့သော် ပြင်သစ်နှင့်အီတလီ သုတေသီများ လေ့လာထားမှုအရ အသက် ၄၀ အောက် အမျိုးသမီးများ ရင်သားကင်ဆာ ဖြစ်ပွားမှုသည် ဘယ်လ်ဂျီယံ၊ ဘူလ်ဂေးရီးယား၊ ပြင်သစ်၊ အီတလီ၊ ပေါ်တူဂီ၊ စပိန်နှင့် ဆွစ်ဇာလန်တို့တွင် တွေ့ရသည်ဟု ဆိုသည်။

ပျမ်းမျှအားဖြင့် အသက် ၄၀ အောက် အမျိုးသမီးရင်သားကင်ဆာ ဖြစ်ပေါ်မှုမှာ တစ်နှစ်လျှင် ၁ ရာခိုင်နှုန်းခန့် တိုးလာနေပြီး အများဆုံးဖြစ်ပေါ်မှုမှာ အသက် ၃၅ အောက် အမျိုးသမီးများဖြစ်သည်ဟုဆိုသည်။

နေခြည်

ဥရောပ ပြည်တွင်းလိဂ် ပွဲစဉ်များ (သီဟ)

စပိန်လာလီဂါ ပွဲစဉ်-၁၂ နိုဝင်ဘာ ၃/၄

ဂီတာဖေး	- ဗလင်စီယာ	ညနေ ၅း၃၀	(ယခင်နှစ် ၀-၁)
အက်သလက်တီကို	- ဘီလ်ဘာအို	ည ၁၀း၃၀	(ယခင်နှစ် ၄-၀)
လီဗန်တေး	- ဂရန်နာဒါ	နံနက် ၀၀း၃၀	(ယခင်နှစ် ၃-၁)
မာလာဂါ	- ဘက်တစ်	နံနက် ၂း၃၀	(ယခင်နှစ် ၄-၀)

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်-၁၀ နိုဝင်ဘာ ၃

အဲဗာတန်	- **စပါး**	ည ၈း၀၀	(ယခင်နှစ် ၂-၁)
ကာဒစ်ဖ်	- ဆွမ်ဆီး	ည ၉း၃၀	(-)

အီတလီစီးရီးအေ ပွဲစဉ်-၁၁ နိုဝင်ဘာ ၃/၄

လီဗော်နို	- **အတ္တလန္တာ**	ညနေ ၆း၀၀	(-)
ဗီရိုနာ	- ကက်ဂလီယာရီ	ည ၈း၃၀	(-)
လာဇီယို	- ဂျီနိုအာ	ည ၈း၃၀	(ယခင်နှစ် ၀-၁)
ဆမ်ဒိုးရီးယား	- ဆက်ဆူအိုလို	ည ၈း၃၀	(-)
အူဒီးနီးစ်	- **အင်တာမီလန်**	ည ၈း၃၀	(ယခင်နှစ် ၃-၀)
တိုရီနို	- **ရိုးမား**	နံနက် ၂း၁၅	(ယခင်နှစ် ၁-၂)

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်-၁၁ နိုဝင်ဘာ ၃

အော့စ်ဘတ်	- **မိန့်ဇ်**	ည ၉း၀၀	(ယခင်နှစ် ၁-၁)
ဝါဒါဘရီမင်	- **ဟန်နိုဗာ**	ည ၁၁း၀၀	(ယခင်နှစ် ၂-၀)

ပြင်သစ်လီဂူး ပွဲစဉ်-၁၂ နိုဝင်ဘာ ၃/၄

နိုက်စ်	- ဘော်ဒိုး	ည ၇း၃၀	(ယခင်နှစ် ၀-၁)
မောင့်ပယ်လီယာ	- **နန့်တက်စ်**	ည ၁၀း၃၀	(ယခင်နှစ် ၃-၀)
လိုင်လီ	- **မိုနာကို**	နံနက် ၂း၃၀	(-)

နိုဝင်ဘာ ၂ရက် ဘွန်ဒက်စ်လီဂါ ရလဒ်

နူရင်ဘတ်	၀-၃	ဖရိုင်းဘတ်
ဟော့ဖန်ဟိမ်း	၁-၂	ဘိုင်ယန်မြူးနစ်
ဟမ်းဘတ်	၀-၂	ဂလက်ဘတ်
ဘရန်းရှ်ဗစ်	၁-၀	လေဗာကူဆင်
ဟာသာဘာလင်	၀-၂	ရှော်လ်ကေး

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

လည်ရစ်မပါသော ဌ နှင့် လည်ရစ်ပါသော ဌ

မောင်ခင်မင် (ဓနုဖြူ)

"အရင်အပတ်က ဘဘရှင်းပြတဲ့ ညကြီးနဲ့ ဉ ကလေးအကြောင်းကို သမီးတို့ ကောင်းကောင်းနားလည်ပါပြီ။ အဲဒီလို ဆင်တူယိုးမှား စာလုံးမျိုးတွေရှိသေးရင် ရှင်းပြပေးပါဦး ဘဘ။ သမီးတို့သိချင်ပါတယ်"

မနေ့က ကြူကြူနှင့်မူမူတို့ ညီအစ်မရောက်လာပြန်ပါသည်။ ခရီးရောက်မဆိုက်ပင် ကြူကြူက အထက်ပါအတိုင်းပြောပါသည်။

"အေး. . . . သိရမှာပေါ့ကွယ်။ ကဲ. . . သမီးမူမူကို ဘဘမေးမယ်။ ဌဝမ်းဘဲ ဘယ်နှမျိုး သမီးတွေ့ဖူးသလဲကွဲ့"

မူမူက အနည်းငယ်စဉ်းစားပြီးပြောသည်။ "ဌ ဝမ်းဘဲ နှစ်မျိုးတွေ့ဖူးပါတယ် ဘဘ"

"ဘယ်လိုကွာသလဲကွယ်"

"တစ်မျိုးက လည်ရစ်မပါတဲ့ ဌ ဝမ်းဘဲပါ၊ တစ်မျိုးကတော့ လည်ရစ်ပါတဲ့ ဋ ဝမ်းဘဲပါ ဘဘ"

"အေး. . . . ဟုတ်တယ်။ ညကြီးနဲ့ ဉ ကလေးလိုပဲ လည်ရစ် မပါတဲ့ ဌ နဲ့ လည်ရစ်ပါတဲ့ ဋ ဆိုပြီး နှစ်မျိုးရှိတယ်ကွဲ့"

"ဘာကြောင့် နှစ်မျိုးကွဲနေတာလဲ ဘဘ" ကြူကြူကမေးသည်။

"လည်ရစ်မပါတဲ့ ဌ က အက္ခရာ တစ်လုံးတည်းဖြစ်တယ်။ အဲ. . လည်ရစ်ပါတဲ့ ဋကတော့ ဋ (ဋ သန်လျင်းချိတ်၊ အများကအလွယ်ခေါ်နေတာကတော့ ဋ တလင်းချိတ်ပေါ့)၊ အဲဒီ ဋနဲ့ ဌ အက္ခရာ နှစ်လုံးဆင့်ထားတာပဲကွဲ့" ကျွန်တော်က ရေးပြရင်း ပြောလိုက်သည်။

"ဋ နဲ့ ဌ ပေါင်းတော့ ဋ ရဲ့ လည်ရစ်ပါလာပြီး ဋ ဖြစ်သွားတာပေါ့ကွယ်"

"လည်ရစ်ပါတဲ့ဋက မြန်မာစာမှာရော ပါဠိမှာရော သုံးသလား ဘဘ"

"အဲ---အဲဒါကို ရှင်းပြမလို့။ လည်ရစ်ပါတဲ့ဋက မြန်မာစာသက်သက်မှာ မရှိဘူးကွဲ့၊ ပါဠိကို မွေးစားထားတဲ့စာလုံးတွေမှာပဲ သုံးတယ်။ ဉ ကလေး နှစ်လုံးတွဲတော့ ရှေ့က ဉ ကလေးက အသတ်ဖြစ်သလို ဋ နဲ့ ဌ ဆင့်တော့လည်း ရှေ့က ဋ ကို အသတ်အက္ခရာလို့မှတ်ရမယ်။ ကဲ-ဘဘ မေးမယ်။ 'ဒိဋ' ဆိုတဲ့စာလုံးကို ဘယ်လို အသံထွက်ရသလဲ" ကျွန်တော်က ရေးပြရင်း မေးလိုက်သည်။

'ဒိတ်ထ' လို့ အသံထွက်ရပါတယ် ဘဘ"

"အေး အဲဒီလို အသံထွက်ရတာ က 'ဒိဋ်+ဌ=ဒိဋ'လို့ ခွဲရေးကြည့်ရင် သိသာပါတယ်။ ဋ သတ်(ဋ်) နဲ့ တသတ်(တ်) က အသံထွက်ချင်းအတူတူပါပဲ။ 'ဒိ'ကို 'ဋ' နဲ့သတ်လိုက်တော့'ဒိတ်'လို့ အသံထွက်တာပေါ့"

"နားလည်ပါပြီဘဘ။ ဒါဆိုရင် 'အဋမ' ကို 'အတ်ထမ' လို့အသံထွက်တာလည်း ဒီသဘောပဲပေါ့နော်၊ ဘဘ"

" ဟုတ်တာပေါ့ကွယ်။ ဋ သတ်ကိုခွဲရေးရင် 'အဋ်ဌမ'လို့ ရေးရမှာပေါ့။ 'အတ်'လို့ ဒါကြောင့် အသံထွက်တာပေါ့ကွယ်။၊ ဒုဋဝတီမြစ်ကို 'ဒုတ်ထဝဒီ' လို့ အသံထွက်တာလည်း 'ဒု' ကို ဋ သတ်တာမို့ 'ဒုဋ်+ဌ' လို့ရေးကြည့်နိုင်တာပေါ့ကွယ်"

"ဘဘ၊ လည်ရစ်မပါတဲ့ ဌ ဝမ်းဘဲလည်း ပါဠိမှာသုံးတာပေါ့နော်"

"သုံးပါတယ်။ 'ဌာန' တို့ 'ဌာပနာ' တို့ကို လည်ရစ်မပါတဲ့ ဌ ဝမ်းဘဲနဲ့ ရေးရတယ်လေ။ ဌာနကလာတဲ့ 'ဌာန်'ကိုလည်း ဌနဲ့ပဲ ရေးတယ်"

"မြန်မာစာမှာရော ဘယ်လိုသုံးပါသလဲ ဘဘ"

"ဘဘပြောခဲ့တဲ့အတိုင်း လည်ရစ်ပါတဲ့ဋကို မြန်မာစာသက်သက်မှာ မသုံးပါဘူး။ ပါဠိနဲ့ ပါဠိကို မြန်မာမှုပြုထားတဲ့ စာလုံးတွေမှာပဲသုံးတယ်။ လည်ရစ်မပါတဲ့ ဌ ကို မြန်မာစာမှာသုံးတဲ့ ရှားရှားပါးပါး စာလုံးတစ်လုံးရှိတယ်။ 'ဌေး' ဆိုတဲ့စာလုံးပဲ။ 'သူဌေး၊ ဌေးကြွယ်'ဆိုတဲ့ စာလုံးတွေ ပြီးတော့ 'ဌေးမောင် တို့၊ ခင်ခင်ဌေး တို့ဆိုတဲ့ နာမည်တွေကို ဌ ဝမ်းဘဲနဲ့ ရေးရတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘဘ။ အဲဒီလည်ရစ်မပါတဲ့ ဌ ကို ဘာကြောင့် ရှားရှားပါးပါးလို့ပြောတာလဲ ဘဘ"

"ဩော်. . သမီးတို့ရှာကြည့်လေ။အဲဒီ 'ဌေး' ဆိုတဲ့စာလုံးအပြင် မြန်မာစာသက်သက်မှာ ဌ နဲ့ရေးတဲ့စာလုံး မရှိသလောက်ပဲဆိုတာ တွေ့လိမ့်မယ်။ အဲဒီ 'ဌေး'ဆိုတဲ့ စာလုံးတောင်ပါဠိကနေပြီး အသွင်ပြောင်းလာတာပါ။ပါဠိမှာ သူဌေးကို 'သေဋ္ဌိ' လို့ခေါ်တယ်။

"လည်ရစ်ပါတဲ့ ဋနဲ့ ရေးတယ်။ ရှေးတုန်းက စာတွေမှာ သူဌေးလို့ မရေးသေးဘူး။ 'သေဋ္ဌေး' လို့ရေးတယ်။ 'သေဋ္ဌိ' ကို မြန်မာမှုပြုထားတာပေါ့။ နောက်ပိုင်းကျတော့ အဲဒီ 'သေဋ္ဌေး' မှာပါတဲ့ 'ဌေး' တစ်လုံးတည်းခွဲယူပြီး မြန်မာစကားအဖြစ် အသုံးပြုကြတာပါပဲ။ 'ဌေးတယ်၊ ဌေးတဲ့သူ၊ မဌေးဘူး' စသည်ဖြင့် မြန်မာကြိယာစစ်စစ်ကို အသုံးပြုနေကြပါပြီ။ အဲ. . . မြန်မာစာအဖွဲ့က ပြုစုတဲ့ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းမှာတော့ 'သူဌေး' ရော 'သေဋ္ဌေး' ရော အတည်ပြုထားပါတယ်။ စိတ်ဝင်စားစရာကောင်းတာက 'သူဌေး သူကြွယ်' လို့ တွဲသုံးရာမှာ 'ကြွယ်' က မြန်မာစကားဖြစ်ပြီး'ဌေး' က ပါဠိကို ယူထားတဲ့ စကားဖြစ်နေတာပါပဲ။ 'သူကြွယ်' ကတော့ ရှေးကတည်းက သုံးတဲ့ မြန်မာစကားပါ။ အဲဒီသူကြွယ်နဲ့ ဆင်တူအောင် 'သေဋ္ဌေး' ကို 'သူဌေး' လို့လိုက်သုံးရာက အသုံးတွင်ကျယ်လာတာလို့ ဆိုနိုင်ပါတယ်"

"ဒီလိုဆိုရင် မြန်မာစာသက်သက်မှာ လည်ရစ်ပါတဲ့ ဋ ကို သုံးရင် မှားတာပေါ့နော် ဘဘ"

"ဟုတ်ပါတယ်။ တစ်ခုသတိရလို့ပြောရဦးမယ်။ ဘဘတို့ ခပ်ငယ်ငယ်က အခု 'ရဲစခန်း' လို့ခေါ်တဲ့နေရာတွေမှာ 'ရဲဌာဏ' ဆိုတဲ့ ဆိုင်းဘုတ်ကြီးတွေ မကြာခဏ တွေ့ရတတ်တယ်။ ဌ ဝမ်းဘဲကို လည်ရစ်နဲ့ရေးတာရော 'ဌာန' ကို 'ဌာဏ' လို့ ဏနဲ့ ရေးတာရော မှားနေတယ်လေ။ အဲဒီလိုပဲ။ 'မောင်လှဋ္ဌေး'ဆိုပြီး နာမည်ကို လည်ရစ်ပါတဲ့ ဋနဲ့ ရေးထားတာမျိုးတွေ မကြာခဏတွေ့ရပါတယ်။'သူဋ္ဌေး' လို့ရေးတာလည်း တွေ့ရတယ်။ အမှန်က လည်ရစ်မပါရဘူးလေ"

"နားလည်ပါပြီ ဘဘ"

> **စိတ်ဝင်စားစရာကောင်းတာက "သူဌေး သူကြွယ်" လို့ တွဲသုံးရာမှာ "ကြွယ်" က မြန်မာစကားဖြစ်ပြီး "ဌေး"က ပါဠိကို ယူထားတဲ့ စကားဖြစ်နေတာပါပဲ။ "သူကြွယ်" ကတော့ ရှေးကတည်းက သုံးတဲ့ မြန်မာစကားပါ။ အဲဒီသူကြွယ်နဲ့ ဆင်တူအောင် "သေဋ္ဌေး" ကို "သူဌေး"လို့ လိုက်သုံးရာက အသုံး တွင်ကျယ်လာတာလို့ ဆိုနိုင်ပါတယ်။**

"တစ်ခုပြောရဦးမယ်။ လည်ရစ်မပါတဲ့ ဌ ဝမ်းဘဲကို ပါဠ်ဆင့်(ပါဠိစာလုံးဆင့်)အဖြစ် ဏ ရဲ့ အောက်ကရေးတဲ့အခါမှာ ပုံမှန်အတိုင်းနှစ်လုံးဆင့်ရေးရင် ဌ ဝမ်းဘဲက ခြေထောက်ပါတော့ နေရာတော်တော်ယူတယ်။ ဒါ့ကြောင့် ပုံနှိပ်စာလုံးမှာ ဏ နဲ့ ဌ ဆင့်ရင် ဌ ကို ပုံမှန်အတိုင်းမထားဘဲ မှောက်ရက်ထားပြီး 'ဏ္ဍ'လို့ ပုံနှိပ်တယ်လေ။ 'သဏ္ဌာန်'ဆိုတဲ့ စာလုံးကိုကြည့်ရင် ဌ ကို ပုံမှန်မထားဘဲ မှောက်လျက်ထားတာတွေ့နိုင်ပါတယ်။ အဲဒီလို မှောက်ထားတော့ ခြေထောက်အတွက် နေရာသိပ်မယူတော့ဘူးပေါ့ကွယ်၊ ခုတော့ လက်ရေးနဲ့ ရေးရင်လည်း ပါဠ်ဆင့်မှာ ဌ ကို မှောက်လျက်ထားပြီး ရေးတာ အသုံးတွင်နေပါပြီ"

"ဒီအကြောင်းသမီးတို့အရင်က မသိပါဘူး။ စိတ်ဝင်စားစရာကောင်းပါတယ် ဘဘ"

"နောက်တစ်ခုက ဌ ဝမ်းဘဲနဲ့ ငှ (ငဟထိုး) ဆင်တူယိုးမှားဖြစ်တတ်ပါတယ်။ ဌ ဝမ်းဘဲမှာ ခြေထောက်ကို အောက်တည့်တည့်ဆွဲပြီး ဘယ်ဘက်ကို ချိုးလိုက်ရတယ် မဟုတ်လား။ ငဟထိုး မှာတော့ င အောက်မှာ ဟထိုးကို ခပ်စိုက်စိုက်ဆွဲရတယ်။ ဌ ဝမ်းဘဲနဲ့ ငဟထိုး အပြန်အလှန်မှားပြီးရိုက်ထားတဲ့ စာလုံးမျိုးတွေ တွေ့ရတတ်တယ်။ သတိရလို့ပြောတာပါ"

"သမီးငယ်ငယ်က ဌ ကို ပြောင်းပြန်ရေးမိလို့ အက္ခရာဉဖြစ်သွားတာ ဆရာမက မှတ်သွားအောင် ဌ ဝမ်းဘဲ အလုံး ၁၀၀ ရေးခိုင်းပြီး ဒဏ်ပေးဖူးပါတယ်ဘဘ" မူမူက ရယ်ပြီးပြောသည်။

အေး. . ဒါလည်း မှတ်သားစရာပေါ့ကွယ်။ ကဲ. . . နားကြဦးစို့။ ။

ကလေးသူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ မူလတန်းကြိုဆရာဖြစ်သင်တန်းဆင်း

ပင်လောင်း နိုဝင်ဘာ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် UNICEF နှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်းဆောင်ရွက်သော ကလေးသူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ မူလတန်းကြိုဆရာဖြစ် သင်တန်းဆင်းပွဲကို အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီက ပင်လောင်းမြို့နယ်အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းသန်းလွင်က အမှာစကားပြောကြားရာ ကလေးသူငယ်များအသိဉာဏ်ဖွံ့ဖြိုးတိုးတက်ရန် သင်တန်းမှနည်းပြဆရာ ဆရာမများက ပို့ချသည့်နည်းပညာများကိုလိုက်နာပြီး စနစ်တကျသင်ကြားပေးရန်လိုအပ်ကြောင်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်မာက လူ့စွမ်းအားအရင်းအမြစ်အခြေခံအုတ်မြစ်ဖြစ်သည့် မူလတန်းကြိုကျောင်းမှ ကလေးသူငယ်များ၏ စိတ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာဖြင့် သင်ကြားပေးကြရန်မှာကြားသည်။

ဆက်လက်၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က ဘက်စုံထူးချွန်ဆုရသည့် သင်တန်းသူဆရာမများအားဆုချီးမြှင့်ပေးပြီး အထက (ခွဲ) ကျောင်းအုပ်ဆရာမကြီးဒေါ်မာမာမိုးက နည်းပြဆရာ ဆရာမများအား မေတ္တာလက်ဆောင်များ ပေးအပ်ခဲ့သည်။ကလေးသူငယ်ဖွံ့ဖြိုးရေးမူလတန်းကြိုဆရာဖြစ်သင်တန်းသို့ သင်တန်းသူဆရာမ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလ ၂၅ ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

ခွန်အာကာစိုး

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်း

ကသာ နိုဝင်ဘာ ၂

ကသာမြို့နယ် မီးသတ်ဦးစီးဌာနကကြီးမှူးဖွင့်လှစ်သည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁ ရက် နံနက် ၈ နာရီက အောက်ဝဲကြီး ကျေးရွာအားကစားကွင်း၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကျော်အောင်မြင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးသန်းဝင်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။အဆိုပါသင်တန်းသို့ သံပရာ၊ အောက်ဝဲကြီး၊ အောင်ချမ်းသာကျေးရွာအုပ်စုတို့မှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ တက်ရောက်ခဲ့ကြပြီး သင်တန်း ကာလမှာ အောက်တိုဘာ ၇ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်လှစ်ခြင်းဖြင့် ကျေးလက်ဒေသအတွင်း မီးဘေးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

စမ်းဦး(ကသာ)

ဟားခါးမြို့အိမ်တွင်းမှုသင်တန်းကျောင်း၌ အသိပညာပေးဟောပြော

ဟားခါး နိုဝင်ဘာ ၂

ကျန်းမာရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြည်ဆွေနှင့် ဌာနဆိုင်ရာများ၊ သင်တန်းကျောင်းမှ ဆရာမများ၊ သင်တန်းသူများ တက်ရောက်သည်။

အသိပညာပေး

အခမ်းအနားတွင် ဟားခါး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့က လူကုန်ကူးမှုကာကွယ်တိုက်ဖျက်ရေးဆိုင်ရာအကြောင်းကို လည်းကောင်း၊ ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူးက မှုခင်းကျဆင်းရေး ဆောင်ရွက်မှုများကို လည်းကောင်း၊ ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အကြောင်းကို လည်းကောင်း၊ ဟားခါးမြို့ ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန်ကြီးက ကျန်းမာရေးနှင့် သားအိမ်ခေါင်းကင်ဆာအကြောင်းကို လည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးမှူးက မြန်မာ့တိုင်းရင်းဆေးနှင့် ပတ်သက်သည့် သိကောင်းစရာများကိုလည်းကောင်း အသိပညာပေး ဟောပြောဆွေးနွေးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စစ်တောင်းမြစ်ရေကြီးမှုကြောင့် ရေဘေးသင့်ပြည်သူအသက်ကယ်ဆယ်ရေးစခန်းဖွင့်လှစ် စခန်း၌ ကိုယ်ဝန်ဆောင်မီးဖွား၍ သားဖွားဆရာမစောင့်ရှောက်မှုပေး

တောင်ငူ နိုဝင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်း တောင်ငူ၊ ရေတာရှည်နှင့် အုတ်တွင်းမြို့နယ် သုံးမြို့နယ်တို့သည် မိုးသည်းထန်စွာရွာသွန်းပြီး စံချိန်တင် စစ်တောင်းမြစ်ရေ တက်မှုကြောင့် နိုဝင်ဘာ ၁ ရက်တွင် ရေဘေးသင့် အိမ်ထောင်စု ၇၇၁၁ စု၊ လူဦးရေ ၃၁၁၀၉ ဦးရှိကြောင်း သိရသည်။

အောက်တိုဘာ ၂၈ ရက်မှ စတင်၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် စစ်တောင်းမြစ်ရေလျှံမှုဖြစ်ပေါ်ကာ တောင်ငူမြို့ပေါ်ရှိ ရပ်ကွက်ခြောက်ခုနှင့် မြို့နယ်အတွင်းရှိကျေးရွာအုပ်စု ၁၀ အုပ်စုတို့မှ အိမ်ထောင်စု ၂၉၅၁ စု၊ လူဦးရေ ၁၁၈၉၈ ဦး၊ ရေတာရှည်မြို့နယ်တွင် ကျေးရွာအုပ်စု ၁၅ စု၊ အိမ်ထောင်စု ၄၄၈၁ စု၊ လူဦးရေ ၁၇၆၁၉ ဦးနှင့် အုတ်တွင်းမြို့နယ်တွင် ကျေးရွာအုပ်စု တစ်စု၊ အိမ်ထောင်စု ၂၇၉ စု၊ လူဦးရေ ၁၅၉၂ ဦးတို့သည် ရေဘေးသင့်ကြရပြီး ယာယီကယ်ဆယ်ရေးစခန်းပေါင်း ၅၆ ခုတို့တွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများ၏ ပံ့ပိုးကူညီလှူဒါန်းမှုများဖြင့် နေထိုင်လျက်ရှိကြကြောင်း သိရသည်။

မောင်းနှင်နိုင်

စစ်တောင်းမြစ်ရေတက်မှုကြောင့် ရေတာရှည်မြို့နယ်တွင် လူနှစ်ဦးနှင့် တောင်ငူမြို့နယ်တွင်တစ်ဦး စုစုပေါင်း သုံးဦး ရေနစ်သေဆုံးကြပြီး ရန်ကုန်-မန္တလေး ပုံမှန်ကားလမ်းပေါ်တွင် ရေသုံးပေခန့်တက်လာသဖြင့် ကားကြီးများသာ မောင်းနှင်နိုင်ပြီး ကားငယ်များ မြို့ရှောင်လမ်းမှတစ်ဆင့် သွားလာနေကြကြောင်း သိရသည်။

မြစ်ရေကြီးနေစဉ်တွင် တောင်ငူ အထက (၅) ကယ်ဆယ်ရေးစခန်း၌ အောက်တိုဘာ ၃၁ ရက်က တောင်ငူမြို့ (၁၉) ရပ်ကွက်နေ မသဲသဲ အသက် (၂၀ နှစ်)သည် သမီး မိန်းကလေးတစ်ဦးကို စခန်းရှိတာဝန်ကျ သားဖွားဆရာမ၏ စောင့်ရှောက်မှုဖြင့်မီးဖွားခဲ့၍ တောင်ငူခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စံထားဖြူက သွားရောက်ကြည့်ရှုအားပေးကာ ငွေကျပ်တစ်သိန်းနှင့် ကလေးအသုံးအဆောင်ပစ္စည်းများ လှူဒါန်းခဲ့ပြီး (ဓါတ်ပုံ) ဆက်လက်ကြည့်ရှုစောင့်ရှောက်ပေးရန်အတွက် တောင်ငူဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။

ကျော်လှ(တောင်ငူ)

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ အိန္ဒိယနိုင်ငံရှိ မျိုးစေ့ထုတ်စိုက်ကွင်းများ၊ ဝါဂွမ်း၊ ပြောင်း၊ ငရုတ်သီးနှံစိုက်ခင်းများလေ့လာ

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် အိန္ဒိယနိုင်ငံ၏ မျိုးစေ့ထုတ်လုပ်ငန်း အဓိကဆောင်ရွက်လျက်ရှိသော Safal Seed and Biotech Limited ကုမ္ပဏီ၏ ပဲမျိုးစုံ စိုက်ကွင်းများအား လေ့လာကြည့်ရှုစဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် အောက်တိုဘာ ၂၆ ရက်မှ ၃၁ ရက်ထိ အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးမြို့တော် (Agricultural City) ဖြစ်သော Aurangabad အာရန်ဂဘတ်မြို့နှင့် နယူးဒေလီမြို့၌ အိန္ဒိယနိုင်ငံ၏ မျိုးစေ့ထုတ်လုပ်ငန်း အဓိကဆောင်ရွက်လျက်ရှိသော Safal Seed and Biotech Limited ကုမ္ပဏီ၏စိုက်ကွင်းများ၊ သုတေသနလုပ်ငန်းများ၊ မျိုးစေ့ထုတ်လုပ်ငန်းများကို ကြည့်ရှုလေ့လာခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် Safal Seed and Biotech Limited ကုမ္ပဏီ၏ပဲမျိုးစုံသုတေသန စိုက်ကွင်းများ၊ တစ်ဧကလျှင် ပိဿာတစ်သောင်းထွက်ရှိသည့် စပ်မျိုးငရုတ်စိုက်ခင်းများ၊ တစ်ဧကလျှင် တန် ၈၀ ထွက်ရှိနိုင်သည့် ကြံသီးနှံစိုက်ခင်းများ၊ တစ်ဧကလျှင် ပိဿာတစ်ထောင်ထွက်ရှိနိုင်သော စပ်မျိုးချည်မျှင်ရှည်ဝါစိုက်ခင်းများ၊ တစ်ဧကလျှင် တင်းတစ်ရာကျော်ထွက်ရှိနိုင်မည့် စပ်မျိုးပြောင်းဖူးစိုက်ခင်းများကို ကြည့်ရှုလေ့လာပြီး Safal Seed ကုမ္ပဏီမှ CEO နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးပညာရှင်များနှင့်အတူ ဓာတ်ခွဲခန်းများ၊ မျိုးစေ့ထုတ်သုတေသန လုပ်ငန်းခွင်များအား ကြည့်ရှုလေ့လာခြင်းနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း Safal Seed and Biotech Limited ကုမ္ပဏီမှ စိုက်ပျိုးထွက်ရှိသော စပါးသီးနှံအပါအဝင် သီးနှံအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်သစ်သီးဝလံမျိုးစေ့များကို စနစ်တကျသန့်စင်သောစက်များ၊ ထုပ်ပိုးသောစက်ကိရိယာများ၊ လေဝင်လေထွက်ကောင်းမွန်စေရန် ဆောင်ရွက်ထားရှိမှုများနှင့် အပူချိန် ၂၀ ဒီဂရီအောက်တွင် မျိုးစေ့များကို ၁၀ နှစ်ကြာသည်အထိ မပျက်မစီးအောင် သိုလှောင်နိုင်သည့် ခေတ်မီသိုလှောင်ရုံများ၊ ဓာတ်ခွဲခန်းများ တစ်ရှူးနည်းပညာဖြင့် သုတေသနပြုလုပ်၍ ပျိုးပင်များကို စီးပွားဖြစ်ထုတ်လုပ်ပြီး ဈေးကွက်တင်ပို့သောစနစ်များကို လေ့လာခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့အနီး လူဦးရေ ၁၂ သန်းအတွက် နေ့စဉ်လိုအပ်သော ဟင်းသီးဟင်းရွက်သစ်သီးဝလံများကို စီးပွားဖြစ်အလုံအလောက် ဆေးကြောသန့်စင်ထုပ်ပိုးလျက်ရှိနေသော စက်ရုံအား လေ့လာကြည့်ရှုပြီး နှစ်ဖက်ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးခဲ့သည်။

ခရီးစဉ်အတွင်း အိန္ဒိယနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် (Fedration of Indian Chambers and Commerce Industry-FICC) ရုံးချုပ်တွင် ဆွေးနွေးပွဲကျင်းပပြုလုပ်ပြီး မြန်မာနိုင်ငံလယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန်နှင့်လယ်ယာထွက်ကုန် ပဲမျိုးစုံအပါအဝင် သီးနှံမျိုးစုံကို အိန္ဒိယနိုင်ငံသို့ အဆင့်မြှင့်တင်၍ တင်ပို့ရောင်းချရန် အပြန်အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် Mahyco Maharshtra Hybrid Seeds ကုမ္ပဏီမှ ဒါရိုက်တာ Mr.Shirosh R.Barwale နှင့် အဖွဲ့ဝင်များအားတွေ့ဆုံပြီး မြန်မာနိုင်ငံတွင် စပ်မျိုးစပါး၊ စပ်မျိုးဝါနှင့်ဟင်းသီးဟင်းရွက်မျိုးစေ့ထုတ် လုပ်ငန်းများ ဆောင်ရွက်ရန် ညှိနှိုင်းတွေ့ဆုံဆွေးနွေးကာ အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Dr.S.Ayyappan နှင့်လည်းတွေ့ဆုံပြီး နှစ်နိုင်ငံ လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးခရီးစဉ်၌ အိန္ဒိယနိုင်ငံ မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် မြန်မာ့စိုက်ပျိုးရေးကုမ္ပဏီများအကြား စီးပွားဖြစ် မျိုးစေ့ထုတ်စက်မှုလုပ်ငန်း (Seed Industry)များအလျင်အမြန်ထူထောင်အကောင်အထည်ဖော်ပြီး ပြည်တွင်းဈေးကွက် လိုအပ်ချက်နှင့် စီးပွားဖြစ်တင်ပို့ရောင်းချနိုင်ရေး လက်တွေ့ အကောင်အထည်ဖော်ကြရန် အပြန်အလှန်ဆွေးနွေးသဘောတူခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျောက်တံခါးမြို့လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်

ကျောက်တံခါး နိုဝင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဈေးပိုင်းရပ်ကွက် ရုံးပေါင်းစုံလမ်းရှိ မြို့နယ်စည်ပင်သာယာခန်းမတွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၁ ရက်က ကျင်းပသည်။

လက်မှတ်ပေးအပ်ခြင်း အခမ်းအနားတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းလင်းက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်ခြင်းကိစ္စကို ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုး၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးခင်မောင်မြင့်၊ မြို့နယ်စီမံကိန်းဦးစီးမှူး ဦးမြင့်လွင်တို့က မြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ကို ရပ်/ကျေးမြေယာစီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော်ကြီး ကျင်းပမည်

တပ်ကုန်း နိုဝင်ဘာ ၂

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော်ကြီး ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ တပ်ကုန်းမြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်၊ ကျေးရွာ ၁၇၆ ရွာ၊ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များနှင့် ပုဂ္ဂလိကအလှူရှင်များက ပဒေသာပင်များ သီးကြ၍ နိုဝင်ဘာ ၁၃ ရက်မှ ၁၇ရက်အထိ ငါးရက်တိုင်တိုင် အတီးအမှုတ်အက အခုန်များဖြင့် မြို့နယ်ကျက်သရေဆောင် ဗုဒ္ဓသာသနာပြုဇိမာန်တော် **(အပေါ်ပုံ)**သို့ ပို့ဆောင်ပြီး ငါးရက်ငါးည ကြည်ညိုဖွယ်ခင်းကျင်းပြသထားမည်ဖြစ်သည်။

ယခုနှစ်တွင် ကထိန်အာနိသင်အရ ကျောင်းပေါင်း ၄၆ ကျောင်း၊ အထူးပင့်ဆရာတော် ၁၄ ပါး စုစုပေါင်း အပါး ၆၀ ကို နိုဝင်ဘာ ၁၉ ရက်တွင် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဘောဇဉ်များ ဆက်ကပ်ပြီး လှူဖွယ်ပစ္စည်းဝတ္ထုအစုစုတို့ကို ခွဲဝေလှူဒါန်း၍ ရေစက်ချ တရားနာယူကြမည်ဖြစ်သည်။ မဟာဘုံကထိန်ပွဲတော်သို့ လှူဒါန်းလိုပါက ဦးတင်မြင့် (ကထိန်ဦးစီးကော်မတီ ဥက္ကဋ္ဌ) ဖုန်း ၀၆၇-၇၀၀၅၈၊ ဒေါက်တာ ခင်မောင်ထွန်း (ကထိန်ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ) ဖုန်း ၀၆၇-၇၀၀၇၉ တို့သို့ ငွေပဒေသာပင်များ၊ လှူဖွယ်ပစ္စည်းများ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သိရသည်။ **(၄၁၇)**

အရာတော်-ရွှေဘို ကားလမ်းပေါ်၌ ရိုးချောင်းရေဖြတ်စီးမှုကြောင့် ကားလမ်းများပျက်စီး

အရာတော် နိုဝင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့အရှေ့ဘက် နဘဲလှကျေးရွာလမ်း ကမ္ဘောဇေရာဇာရွှေကိုယ်တော်ကျောင်းသွားလမ်းအနီး မုံရွာ-အရာတော်- ရွှေဘို ကားလမ်းမိုင်တိုင် (၄၀/၄)နှင့် (၄၀/၃)အကြား အောက်တိုဘာ မုတ်သုံမိုး အဆက်မပြတ်ရွာသွန်းမှုကြောင့် ရိုးချောင်းရေများ အဆက်မပြတ်စီးဆင်းပြီး ရေလျှံမှုဖြစ်ကာ အရာတော်-ရွှေဘိုကားလမ်းပေါ်သို့ ရေများဖြတ်စီးသောကြောင့် လမ်းနှင့် ရေကျော်ရှပ်တားများ ပျက်စီးနေကြောင်း တွေ့ရသည်။ **(ယာပုံ)**

စပါးအောင်ရေရ

ထိုရိုးချောင်းရေများမှ အရာတော်မြို့နယ်အတွင်းရှိ ရေလျှံတွင်းအမှတ် (၂)စိုက်ကွင်း လယ်၊ ယာမြေများနှင့် မြေနက်ကျေးရွာ၊ ဇီးပင်ဝိုင်းကျေးရွာရှိ တောင်သူများ စိုက်ပျိုးထားသော စပါးခင်းများအတွက် စပါးအောင်ရေများ ရမည်ဖြစ်ကြောင်း ဝမ်းသာပီတိအပြုံးမျက်နှာဖြင့် ပြောဆိုသော စကားသံကို ကြားသိခဲ့ရသည်။

(မြို့နယ် ပြန်/ဆက်)

ပုဂံ၊ မြောက်ဦး၊ သရေခေတ္တရာအပါအဝင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်း ဝင်းခြံများတိုးချဲ့ခြင်း၊ ကာရံခြင်း၊ အဆောက်အအုံတည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ သတိပေးကြေညာချက်

၁။ နိုင်ငံတော်သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းရန်အတွက် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ၁၉၉၈ ခုနှစ်တွင်လည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၂၀၀၉ ခုနှစ်တွင်လည်းကောင်း၊ နည်းဥပဒေများကို ၂၀၁၁ ခုနှစ်တွင်လည်းကောင်း ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါဥပဒေ ပုဒ်မ-၄ အရ ယခုအချိန်အထိ တစ်နိုင်ငံလုံးတွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသ (၄၆)ခုကို သတ်မှတ်ကာ ဥပဒေဖြင့်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။

၂။ ယခုအခါ ပုဂံ၊ မြောက်ဦး၊ သရေခေတ္တရာဒေသများအပါအဝင် ယဉ်ကျေးမှုအမွေအနှစ်ဒေသအချို့၌ ကန့်သတ်ထားသော ဇုန်များအတွင်းတွင် ဝင်းခြံများတိုးချဲ့ခြင်း၊ အဆောက်အအုံများ တိုးချဲ့ခြင်းနှင့် အသစ်တည်ဆောက်ခြင်း၊ အုတ်ဖုတ်ခြင်းများ ဆောင်ရွက်နေခြင်းကြောင့် တန်ဖိုးမဖြတ်နိုင်သော မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိခိုက်ပျက်စီးမှု၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ မြင်ကွင်းများပျက်စီးမှုတို့ ဖြစ်ပေါ်လျက်ရှိကြောင်း ကြားသိနေရပါသည်။

၃။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ အခန်း(၇) တားမြစ်ချက်များတွင် အဆောက်အအုံတည်ဆောက်ခြင်း၊ တိုးချဲ့ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်းတို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

ပုဒ်မ ၁၈။ မည်သူမျှ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန်အတွင်းတွင် ဤဥပဒေအရထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံတည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း မပြုရ။

ပုဒ်မ ၁၉။ မည်သူမျှ ကာကွယ်ထိန်းသိမ်းထားသောဇုန်အတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံနှင့်စပ်လျဉ်း၍ အောက်ပါတစ်ခုခုမပြုလုပ်ရ-
(က) တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊
(ခ) ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း။

ပုဒ်မ ၂၂။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ယဉ်ကျေးမှုဝန်ကြီးဌာနက ဒေသအလိုက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်းမရှိသော အဆောက်အအုံကို ဆောက်လုပ်ခြင်းမပြုရ။

၄။ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက အဆိုပါ ဥပဒေအခန်း (၈)ပါ ပြစ်မှုနှင့် ပြစ်ဒဏ်များ ချမှတ်ရမည်ဖြစ်ကြောင်းလည်း ပြစ်မှုတစ်ခုချင်းအလိုက် ဖော်ပြပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် လိုက်နာရန်ပျက်ကွက်သူများအား တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းသတိပေးကြေညာပါသည်။

၅။ သို့ဖြစ်ပါ၍ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ကြခြင်းဖြင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန
ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်တွင်းသတင်း

❒ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC-1)သို့ရောက်ရှိရာ ရှေးဦးစွာ အစည်းအဝေးခန်းမ၌ နေပြည်တော်ကောင်စီဝင် ဦးကံချွန်က MICC-1 အဆောက်အအုံအတွင်းရှိ အာဆီယံထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပမည့်ခန်းမများ တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြမည့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ တည်းခိုနေထိုင်မည့် အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ခန်းမများတည်ဆောက်ပြီးစီးမှုနှင့် အစည်းအဝေးအတွက် ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကျေးလက်မီးလင်းရေးအထောက်အကူပြုပစ္စည်းနှင့် စက်မှုကုန်ထုတ်ပစ္စည်းပြပွဲ (၂၀၁၃) တွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

မင်းကင်းမြို့တွင် ရေလမ်းကြောင်းကောင်းမွန်ရေးဆောင်ရွက်

ကလေး နိုဝင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့တွင် နွေရာသီရေပါးချိန် သင်္ဘောအမြန်ရေယာဉ် မော်တော်များလွယ်ကူချောမောစွာ သွားလာနိုင်ရေးနှင့် ရေယာဉ်အန္တရာယ်မှကင်းဝေးစေရေးအတွက် သောင်တူးခြင်းလုပ်ငန်းများကို အောက်တိုဘာ ၃၁ ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မင်းကင်းမြို့သည် မုံရွာနဲ့ဆို ၁၀၄ မိုင်ဝေးပါတယ်။ မင်းကင်းမြို့ကနေပြီး နံနက်လေးနာရီထွက်ရင် မွန်းတည့် ၁၂ နာရီဆိုရောက်ပါပြီ၊ ရိုးရိုးတန်းက ငွေကျပ်ငါးထောင်ပေးရပြီး အထက်တန်းဆိုလျှင် ငွေကျပ်ခုနစ်ထောင်ပေးရပါတယ်၊ အမြန်ရေယာဉ်တွေက သီဟထွန်းရှိတယ်၊ ရွှေနဒီရှိတယ်"ဟု ဒေသခံမဌေးစုလှိုင်က ပြောသည်။ "မင်းကင်းမြို့သည် မုံရွာ၊ မန္တလေးမြို့များနှင့် ဆက်သွယ်မယ်ဆိုလျှင် ရေလမ်းတစ်ခုတည်းကိုအားကိုးပြီး သွားရတာပါ၊ အောက်ဘက် ကနီနဲ့ကလည်း လမ်းဖောက်နေတယ် ဆိုပေမယ့် အဆင်မပြေသေးပါဘူး၊ တစ်မြို့နဲ့ တစ်မြို့ ဆက်သွယ်ရေးကယခုတော့ ရေလမ်းတစ်ခုသာရှိပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

သျှင်နေမင်း

ပြည်နယ်အစိုးရအဖွဲ့နှင့် အများပိုင်ကုမ္ပဏီတို့ ရေအားလျှပ်စစ်ဓာတ်အား အကျိုးတူ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး သဘောတူစာချုပ်ချုပ်ဆို

နေပြည်တော် နိုဝင်ဘာ ၂

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့နယ်ခွဲ ဂလိုင်ချောင်ရေအားလျှပ်စစ်စက်ရုံနှင့် မိုးကောင်းမြို့နယ် နမ့်ခမ်းခ ရေအားလျှပ်စစ်စက်ရုံတို့၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခွင့်အတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် အများပိုင်ကုမ္ပဏီတို့၏ သဘောတူစာချုပ်ကို နိုဝင်ဘာ ၁ ရက် ညနေ ၅ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ လက်မှတ်ရေးထိုးကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ဆိုင်း တက်ရောက်အမှာစကားပြောကြားသည်။

စာချုပ်ချုပ်ဆိုပွဲတွင် ပြည်နယ်ဥပဒေချုပ် ဒေါ်မေရီမီနန်က စာချုပ်ပါ အချက်များကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ရေးဆွဲဆောင်ရွက်ထားမှုများ၊ ကချင်ပြည်နယ်အများပိုင်ကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ ဒေါ်ဂျာဆိုင်းခေါ်နက အများပိုင်ကုမ္ပဏီ ဖွဲ့စည်းပုံနှင့် ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးသန်းတင့်က လုပ်ငန်းလွှဲပြောင်းရခြင်းနှင့် အများပိုင်ကုမ္ပဏီအတွက် အခက်အခဲများကို ကူညီဆောင်ရွက်ပေးသွားမည့် အစီအစဉ်ကိုရှင်းလင်းပြီး ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာမှူးနှင့် အများပိုင်ကုမ္ပဏီ ဥက္ကဋ္ဌတို့က အသိသက်သေများနှင့်အတူ စာချုပ်ကို လက်မှတ်ရေးထိုးကြသည်။

ကချင်ပြည်နယ် အများပိုင်ကုမ္ပဏီလီမိတက်သည် ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် အစုရှယ်ယာဝင် ၃၇ ဦးနှင့် စတင်ဖွဲ့စည်းကာ ဇူလိုင် ၁ ရက်မှ စတင်လုပ်ငန်းဆောင်ရွက်ခွင့် ရရှိခဲ့သည်။ အဆိုပါ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်း နှစ်ခုကို အစိုးရ၏ သတ်မှတ်နှုန်းထားအတိုင်း သက်တမ်း ၂၅ နှစ်ဖြင့် ပထမဆုံးရင်းနှီးမြှုပ်နှံ လုပ်ပိုင်ခွင့်ရရှိသည့်လုပ်ငန်းဖြစ်ပြီး အမြတ်ငွေ၏ နှစ်ရာခိုင်နှုန်းကို ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ရန်ကုန်မြစ်အတွင်း စက်လှေတစ်စင်း မီးလောင်နစ်မြုပ်

ရန်ကုန် နိုဝင်ဘာ ၂

နိုဝင်ဘာ ၂ ရက် နံနက်အစောပိုင်းက ရန်ကုန်မြစ်အတွင်းစက်လှေတစ်စင်းမီးလောင်ကာ မျောပါနစ်မြုပ်ခဲ့ရ သောဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

နစ်မြုပ်

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂ရက် နံနက် ၆နာရီ ၂၅ မိနစ်က ရန်ကုန်မြစ်အတွင်း၌ စက်လှေတစ်စင်း မီးလောင်ကာ မျောပါနေကြောင်း သတင်းအရ ဆိပ်ကမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ကြရာ ကမာကဆစ်ရပ်ကွက်ဘက်သို့ ပဲ့နင်း ဦးစန်းဝင်း မင်းရဲကျော်စွာလမ်း စက်မြေရပ်ကွက် ဒလမြို့နယ်နေသူ မောင်းနှင်လာသည့် စက်လှေမှာ ရေလယ်တွင် စက်ပျက်၍ မျောပါသွားခဲ့ကြောင်း သိရပြီး သန်လျင် ရေနံချက်စက်ရုံဆိပ်ခံဗောတံတားရှေ့ ရေပြင်အရောက် စက်လှေအား ဦးစန်းဝင်းက နှိုးစဉ် ဆီပိုက်ပေါက်၍ အိပ်ဇောပေါ်သို့ကျသဖြင့် မီးလောင်ပြီးမျောပါသွားခဲ့ရာ သီလဝါဆိပ်ကမ်းတစ်ဘက်ရှိ ညောင်ချောင်းရွာရေပြင်အစပ်၌ မီးငြိမ်းကာစက်လှေနစ်မြုပ်သွားခဲ့သည်။

အရေးယူဆောင်ရွက်

အဆိုပါ မီးလောင်မှုကြောင့် စက်လှေပေါ်တွင်လိုက်ပါလာသည့် ဦးအောင်မျိုးဦး၊ ဦးနိုင်ဦး၊ ဦးဇော်ဝင်း၊ ဦးကြည်နိုင်၊ ဦးမျိုးဝင်းဌေးနှင့် ပဲ့နင်း ဦးစန်းဝင်းတို့မှာ ရေထဲသို့ခုန်ချ၍ ကမ်းပေါ်သို့ကူးခပ်ရောက်ရှိခဲ့သဖြင့် လူထိခိုက်ဒဏ်ရာမရရှိကြသော်လည်း အလျားပေ ၅၀၊ အနံ ၁၀ ပေ၊ စောက် ၄ ပေခွဲ၊ မြင်းကောင်ရေ ၂၅ကောင်ရှိ စက်လှေမှာ မီးလောင်နစ်မြုပ်ခဲ့ရသဖြင့် တန်ဖိုးငွေကျပ် ၁၂သိန်းဆုံးရှုံးခဲ့ပြီး ပဲ့နင်း ဦးစန်းဝင်းအား ဆိပ်ကမ်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း (SP)

ခရိုင်ချင်းဆက်လမ်းအမှတ်(၂) တံတားများ ပြုပြင်ရန်လိုအပ်

တပ်ကုန်း နိုဝင်ဘာ ၂

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ တပ်ကုန်းမြို့မှ ကျောက်ဆည်ခရိုင်ထိ သွားရောက်နိုင်သည့် ခရိုင်ချင်းဆက်လမ်းအမှတ် (၂) လမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၁၄၄/၂)၊ (၁၄၂/၅)၊ (၁၄၁/၁)၊ (၁၄၀/၂) နှင့် (၁၃၉/ ၅)တို့ရှိ တံတားကြီးငါးစင်းသည် မိုးရွာသွန်းမှုကြောင့် ပျက်စီးလာသဖြင့် ကျေးရွာအုပ်စုခြောက်အုပ်စု၊ ကျေးရွာပေါင်း ၂၁ ရွာရှိ ပြည်သူများ ဒေသထွက်ကုန်များကို နေ့စဉ် ထော်လာဂျီ၊ ဖောက္ကားများဖြင့် တပ်ကုန်းမြို့သို့ တင်ပို့ရောင်းချရာတွင် အခက်အခဲများ ဖြစ်ပေါ်လျက် ရှိကြောင်း သိရသည်။

အဆိုပါ ခရိုင်ချင်းဆက်လမ်းနှင့် တံတားများသည် **(အောက်ပုံ)** ၂၀၀၉-၂၀၁၀ ခုနှစ်အတွင်းက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားများမှာ ရာသီဥတုဒဏ်နှင့် ပြုပြင်ထိန်းသိမ်းရန် လိုအပ်ချက်များကြောင့် သစ်သားများဆွေးကာ ပျက်စီးနေကြောင်း သိရသည်။

မောင်ပု(တပ်ကုန်း)

တာဝန်ဆောင်ရွက်နေသော ပြည်သူ့ဝန်ထမ်းကို တုတ်ဖြင့်ရိုက်သူအား အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂

နိုဝင်ဘာ ၁ရက်ညနေ ၅နာရီ ၅ မိနစ်က မကွေးတိုင်းဒေသကြီး မကွေးမြို့ဆုံရပ်ကွက် နတ်မောက်လမ်း တော်ဝင်ရုပ်ရှင်ရုံရှေ့တွင် အမှတ် (၄) ယာဉ်ထိန်းဒုတိယရဲတပ်ဖွဲ့ခွဲမှူးရုံး(မကွေး)မှ တပ်ဖွဲ့ဝင်များသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး တာဝန်ဆောင်ရွက်နေစဉ် နတ်မောက်လမ်း ဒိုက်ယော့ခ်ကွမ်းယာဆိုင်ရှေ့တွင် တာဝန်ကျသည့် ရဲတပ်ကြပ်ကြီး အောင်ကျော်မြင့်သည် လူငယ်နှစ်ဦးက ဆိုင်ကယ်စီးဦးထုပ် မဆောင်းဘဲ ဧရာဝတီတံတား အဝိုင်းဘက်မှ နတ်မောက်လမ်းအတိုင်း အရှိန်ပြင်းစွာ မောင်းနှင်လာသဖြင့် ယာဉ်စစ်ဆေးရန် တားဆီးခဲ့ရာ ဆိုင်ကယ်ကို ရပ်တန့်ပေးခြင်းမရှိဘဲ အရှိန်ပြင်းစွာ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

ထိုသို့ ထွက်ပြေးသွားပြီး ငါးမိနစ်ခန့်အကြာ လူငယ်နှစ်ဦးအနက် တစ်ဦးမှာ ဆိုင်ကယ်ဖြင့် ပြန်လှည့်ကာ အရှည်သုံးတောင်ခန့်ရှိ ဝါးဆစ်ပိတ်တုတ်တစ်ချောင်းကို ကိုင်ဆောင်ကာ ရဲတပ်ကြပ်ကြီး အောင်ကျော်မြင့်ကို နောက်မှ ဝင်ရိုက်သဖြင့် ဦးခေါင်းနောက်စေ့ ဖူးရောင်ဒဏ်ရာများရရှိကာ လဲကျခဲ့သဖြင့် မကွေးပြည်သူ့ဆေးရုံသို့ တင်ပို့ကုသခဲ့သည်။ စစ်ဆေးချက်အရ ရဲတပ်ကြပ်ကြီး အောင်ကျော်မြင့်ကို ရိုက်နှက်သူမှာ မကွေးမြို့ ချမ်းမြေ့သာယာ (က) ရပ်ကွက်နေ ဖိုးအောင် (ခ) အောင်ဖြိုးဝေဦး (၂၁နှစ်) ဖြစ်ကြောင်းသိရသဖြင့် မကွေးမြို့မရဲစခန်း (ပ) ၂၁၆/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၃၃ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(ကိုရဲ)

လူကိုလူချင်း ကုန်ကူးမှု ပတ်ဝန်းကျင်တွင် ဂရုပြု

ပြည်တွင်းသတင်း

▲ *ကျောဖုံးမှ*

ထို့နောက် ဗဟိုကော်မတီ နာယက ဒုတိယသမ္မတ ဦးညဏ်ထွန်းက တင်ပြချက်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌများနှင့် ညှိနှိုင်းပေါင်းစပ်ပေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ လုပ်ငန်းပိုင်းဆိုင်ရာ အရည်အသွေးများကောင်းမွန်အောင် အလေးထား ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ယင်းနောက် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများနှင့် နိုင်ငံတော်အဆင့် အခမ်းအနားများတွင် အသုံးပြုရန် အသစ်ဝယ်ယူထားသည့် 8 Camera OB Van တစ်စီးကိုလည်းကောင်း၊ 2. 4 Meter Flyaway System ငါးစုံကိုလည်းကောင်း၊ 3 Camera DSNG Van နှစ်စီးအား ရန်ကုန်တွင် တပ်ဆင်နေမှုပုံစံများကို လည်းကောင်း၊ Panasonic အမျိုးအစား AJ-HPX- 3100 GJ ၊ Sony အမျိုးအစား PDW- 700 နှင့် PMW-500 ကင်မရာများကိုလည်းကောင်း၊ ရွှေ့လျားရုပ်သံထုတ်လွှင့်စက်များကိုလည်းကောင်း၊ ရုပ်သံတည်းဖြတ် ထုတ်လွှင့်စက်ပစ္စည်းများနှင့် ရုပ်သံရိုက်ကူးရေးခန်းမငယ်များကိုလည်းကောင်း၊ IBC Central Equipment Room နှင့် Master Control Room တို့တွင် စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုကိုလည်းကောင်း၊ 3 Camera Studio ခန်းကိုလည်းကောင်း၊ နိုင်ငံအလိုက်နှင့် ရုပ်သံထုတ်လွှင့်ရေးကုမ္ပဏီများ၏ တိုက်ရိုက်ထုတ်လွှင့်ရေးအခန်း ၂၀ ကိုလည်းကောင်း၊ မြေညီထပ်ရှိ MPC ခန်းမ ဖွဲ့စည်းထားရှိမှုနှင့် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်း International Broadcast Center (IBC) ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ပြင်ဆင်ထား

မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း International Broadcast Center (IBC) ပြင်ဆင်ထားရှိမှုကို တွေ့ရစဉ်။
(သတင်းစဉ်)

ကင်းထောက်လူငယ်အစီအစဉ် ဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂

မြန်မာနိုင်ငံတွင် ၁၉၆၄ ခုနှစ် ကတည်းက ပျောက်ကွယ်သွားခဲ့သည့် ကင်းထောက်အသင်းကြီးနှင့် ကင်းထောက်လူငယ် မောင်မယ်များ၏ လူမှုရေးလုပ်ငန်းများကို ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် ပြန်လည်ဖွဲ့စည်းဆောင်ရွက်အကောင်အထည်ဖော်နိုင်ခဲ့ကြောင်းဖြင့် ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်က ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည့် ကင်းထောက်လူငယ်အစီအစဉ်ဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Scout Youth Programme Development Workshop) တွင် အမှာစကားပြောကြားသည်။

တိုက်တွန်းမှာကြား

ဆွေးနွေးပွဲတွင် ကင်းထောက်လူငယ်များက "အစဉ်အသင့်" ကင်းထောက်သီချင်းဖြင့် ဖျော်ဖြေကာ ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်က အမှာစကားပြောကြားရာတွင် "၂၀၁၃ ခုနှစ် ဧပြီလမှာ ကင်းထောက်မောင်မယ်များ စုပေါင်းတွေ့ဆုံပွဲ Jamboree ကို နေပြည်တော်မှာကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် လူငယ်များကို တွေ့ဆုံမှာကြားပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ ဂုဏ်ပြုခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် မတ်လတွင် အထက(၄) အလုံနှင့်အထက(၁) ပြင်ဦးလွင်တို့မှာ တိုးချဲ့သင်တန်းများဖွင့်လှစ်ပေးနိုင်ခဲ့တဲ့အတွက် မြန်မာနိုင်ငံ၏ ကင်းထောက်အဖွဲ့ဝင် ဦးရေဟာ အမျိုးသား ၁၀၀၀ နှင့် အမျိုးသမီး ၁၀၀၀ စုစုပေါင်း ၂၀၀၀ အထိ ဖြစ်လာခဲ့တာတွေ့ရှိရပါတယ်။ ဂျပန်နိုင်ငံမှာကျင်းပတဲ့ ကင်းထောက်လူငယ်များတွေ့ဆုံတဲ့ Jamboree ကို မြန်မာနိုင်ငံမှကိုယ်စားလှယ် သုံးဦးတက်ရောက်ခဲ့ပါတယ်။ နိုင်ငံတကာ ကင်းထောက်အဖွဲ့အစည်းများကလည်း မြန်မာ့ကင်းထောက်အဖွဲ့ ပြန်လည်ဖွဲ့စည်းခဲ့တာကို အားပေးကြတယ်။ ကူညီကြတယ်။ စဉ်ဆက်မပြတ် သင်တန်းတွေလာရောက် ဖွင့်လှစ်ပေးကြတယ်။ အထောက်အပံ့တွေ ပေးကြတယ်။ နိုဝင်ဘာလမှာလည်း ထိုင်းနိုင်ငံမှာကျင်းပမယ့် အာရှကင်းထောက်လူငယ်အဖွဲ့ရဲ့ Jamboree ကို တက်ရောက်ဖို့ အမျိုးသားကင်းထောက်တစ်ဖွဲ့နဲ့ အမျိုးသမီးကင်းထောက်တစ်ဖွဲ့တို့ကို စေလွှတ်ဖို့ စီစဉ်နေကြောင်း သိရှိရတယ်။ အမျိုးသားကင်းထောက်ဥပဒေနဲ့ အမျိုးသမီးကင်းထောက်ဥပဒေတို့ကို ပြီးစီးအောင် ရေးဆွဲတင်ပြနိုင်ရေး ကြိုးစားကြရန်နှင့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့အနေနဲ့ ကမ္ဘာ့ကင်းထောက်အဖွဲ့မှာ ပြန်လည်အသိအမှတ်ပြုပေးနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါတယ်"ဟု ပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ မြန်မာနိုင်ငံ ကင်းထောက်ယာယီကော်မတီဥက္ကဋ္ဌ ဆရာကြီး ဦးတင်ညိုနှင့် World Organization of the Scout Movement (WOSM) မှ Asia Pacific Regional Director, Mr. J.RiZal C.Pangilinan တို့က ကင်းထောက်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ကင်းထောက်လူငယ်အစီအစဉ် ဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Scout Youth Programme Development Workshop)သို့ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်၊ Asia Pacific Region မှ ကင်းထောက်ဆရာများ၊ မြန်မာနိုင်ငံ ကင်းထောက် ယာယီကော်မတီဥက္ကဋ္ဌ ဆရာကြီး ဦးတင်ညိုနှင့် အဖွဲ့ဝင်များ၊ သင်တန်းသားများ တက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲကို နိုဝင်ဘာ ၃ ရက်အထိ ကျင်းပမည်ဟု သိရသည်။

(သတင်းစဉ်)

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ပြည်သူများပူးပေါင်းပါဝင် မေးခွန်းများအား မှန်မှန်ကန်ကန်ဖြေကြားရေး ရှင်းလင်းချပြဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂

ဗဟိုသန်းခေါင်စာရင်း ကော်မရှင် ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မရမ်းကုန်းမြို့နယ်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်သန်းခေါင်စာရင်း ကော်မတီဝင်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက လုပ်ငန်းအပေါ် ပြည်သူများပူးပေါင်းပါဝင်ကူညီလာစေရေးနှင့် မေးခွန်းများအား မှန်မှန်ကန်ကန်ဖြေကြားနိုင်ရေးတို့အတွက် ရှင်းလင်းချပြဆွေးနွေးနိုင်ရေး အခြေအနေများကို ရှင်းလင်းပြောကြားပြီး ကော်မတီဝင်များ၊ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး သူများ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏အရေးပါပုံ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက်သာ ဆောင်ရွက်ခြင်း ဖြစ်ကြောင်းနှင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများ၊ မေးခွန်းများမှ ဖြေကြားချက်များအပေါ် သန်းခေါင်စာရင်းဥပဒေဖြင့် အကာအကွယ်ပေးမှု အခြေအနေ၊ ပြည်သူများ နားလည်သဘောပေါက်ပြီး မေးခွန်းများအား မှန်မှန်ကန်ကန်ဖြေကြားနိုင်ရေးနှင့် လုပ်ငန်းစဉ်များအပေါ် ပူးပေါင်းကူညီဆောင်ရွက်နိုင်ရေးအတွက် ကော်

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ သိကောင်းစရာများ၊ ပြည်သူများသို့ မေးမြန်းရမည့်မေးခွန်းပုံစံများ ရှင်းလင်းဆွေးနွေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းဆိုင်ရာမေးခွန်းများနှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သည်များ၊ မေးခွန်းဖြေကြားချက်မှ ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ ရပ်ကွက်ကျေးရွာကော်မတီဝင်များအနေဖြင့် သန်းခေါင်စာရင်း ကောက်ယူရေးကျောင်းခန်းမ၌ သက်ဆိုင်ရာမြို့နယ်တာဝန်ခံက အင်းစိန်မြို့နယ် ရပ်ကွက်/ ကျေးရွာ သန်းခေါင်စာရင်းကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များအား ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာများ မေးမြန်းမည့်မေးခွန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်း ရည်ညွှန်းချိန် ထည့်သွင်းကောက်ခံရမည့်သူများနှင့် မကောက်ရမည့် မတီဝင်များက ဆောင်ရွက်ပေးရမည့် နည်းလမ်းများစသည်တို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ရပ်ကွက်/ကျေးရွာကော်မတီဝင်များ၏ သိရှိလိုသည်များကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

နေပြည်တော် ဇေယျာသီရိမြို့နယ်တွင် မိုးရွာသွန်းမှုကြောင့် ရေကြီးသည့် ကျေးရွာများတွင် ရဲတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေး

နေပြည်တော် နိုဝင်ဘာ ၂

အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ က နေပြည်တော် ဇေယျာသီရိမြို့နယ်တွင် မိုးရွာသွန်းမှုကြောင့် ပေါင်းလောင်းမြစ်ရေလျှံတက်သဖြင့် စည်ပင်ကြီးကျေးရွာတွင် အမြင့်သုံးပေရှိ ရေများဝင်ရောက်လျက်ရှိသဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းနှင့်ဝန်ထမ်းများက အိမ်ခြေ ၁၀၀ ရှိ မိသားစုများအား ၄င်းကျေးရွာရှိ ဘုန်းကြီးကျောင်းသို့လည်းကောင်း၊ ကျွဲ/ နွားတိရစ္ဆာန်များအား ကျည်တောင်ကန်ကျေးရွာနှင့် ခေါ်မကျေးရွာသို့ လည်းကောင်း ရွှေ့ပြောင်းပေးခဲ့သည်။ အလားတူ ချောင်းကမ်းကြီးကျေးရွာတွင်လည်း ရေများဝင်ရောက်မှုကြောင့် ကျေးရွာသူကျေးရွာသားများ၏ ကျွဲ/ နွားတိရစ္ဆာန်များအား သာယာကုန်းကျေးရွာရှိ ဆွေမျိုး၊ မိတ်ဆွေများထံသို့ ရွှေ့ပြောင်းပေးခဲ့ပြီး ညောင်ပင်ကြီးကျေးရွာ မြေနိမ့်ပိုင်းရှိ နေအိမ် ၃၀ ကိုလည်း အမြင့်ပိုင်းနေရာများသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

ကိုရဲ

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

စစ်တောင်းမြစ်ရေကြီး၍ လယ်ယာမြေများ နစ်မြုပ်

ကျွဲပွဲ နိုဝင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်နှင့် ထန်းတပင်မြို့နယ်အတွင်းရှိ စစ်တောင်းမြစ်ဘေးကျေးရွာအုပ်စု ၁၂ အုပ်စုနှင့်လယ်ယာမြေများသည် အချိန်အခါမဟုတ် ရွာသွန်းသည့်မိုးနှင့် စစ်တောင်းမြစ်ရေကြီးရေလျှံနေသဖြင့် ရေကြီးနစ်မြုပ်လျက်ရှိသည်။

ရေကြီးရေလျှံမှုကြောင့် မိုးကာလတွင်ရေမကြီးဘဲ သီတင်းကျွတ်လမှ ရေကြီးသဖြင့် ရင့်မှည့်၍ ရိတ်သိမ်းဆဲစပါးခင်းများ ရေနစ်မြုပ်နေ၍ လယ်သမားများ ဆုံးရှုံးနစ်နာလျက်ရှိသည်။ ရေကြီးရေနစ်မြုပ်လျက်ရှိသည့် ကျေးရွာများမှ ပြည်သူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရွှေဦးဆောင်သော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ထမင်းထုပ်၊ ရေနှင့်စားသောက်ဖွယ်ရာများ ဝေငှခြင်းများ ဆောင်ရွက်လျက်ရှိသည်။

(၁၁၄)

ပြည်တွင်းသတင်း

မိခင်နှင့်ကလေး အသိပညာပေးဟောပြောပွဲများကျင်းပ

ရေစကြို နိုဝင်ဘာ ၂

မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက ပခုက္ကူခရိုင် ရေစကြိုမြို့ ဒေါ်ဦးဘိုးဘွားရိပ်သာသို့ ရောက်ရှိလာပြီး ဘိုးဘွားများအား ကန်တော့ပစ္စည်းများဖြင့် ကန်တော့ခဲ့ကြသည်။ ထို့နောက် မြို့နယ်မိခင်နှင့် ကလေးအသင်းရုံးသို့ သွားရောက်၍ ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆားနှင့် ဆေးဝါးများထောက်ပံ့ပေးအပ်ပြီး ငါးနှစ်အောက်ကလေးများအား အာဟာရများ တိုက်ကျွေးခဲ့ကြသည်။

ဆက်လက်၍ ရေစကြိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းဝေးခန်းမ၌ မကွေးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲကျင်းပရာ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါ်တင်တင်ထွေးက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနေဝန်းက အသက်ရှူလမ်းကြောင်းဆိုင်ရာ အသိပညာပေးခြင်း၊ HIV/AIDS ဆိုင်ရာ အသိပညာပေးခြင်း၊ ဆီးချိုသွေးချိုဆိုင်ရာ အသိပညာပေးခြင်းများကို ဟောပြောသည်။ ထို့နောက် မကွေးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်တင်တင်ထွေးက မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြအေးစီထံ အသင်းဝတ်စုံများ၊ ယင်လုံအိမ်သာခွက်များ၊ အသင်းဝင်ရင်ထိုးများ၊ ဆေးစိမ်ခြင်ထောင်များနှင့် ဆေးပြားများကို ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြအေးစီက အဖွဲ့ဝင် ဒေါ်တင်တင်ထွေးထံသို့ အသင်းဝင်လျှောက်လွှာများကို ပေးအပ်သည်။ ထို့နောက် လူမှောင်ခို၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဟောပြောပွဲကို ဆက်လက်ကျင်းပရာ မကွေးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သင်းသင်းထွေးက အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဒုရဲအုပ်ဒေါ်ကြည်ကြည်ဌေးက လူမှောင်ခို၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အကြောင်းများကို ဟောပြောသည်။ ထို့နောက် အမျိုးသမီးငယ်များ လွဲမှားသော အယူအဆမရှိစေရေး အသိပညာပေး ဟောပြောခြင်းကို မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်ခင်မြင့်က ဟောပြောသည်။ ထို့နောက် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဖွဲ့ဝင် ဒေါ်သင်းသင်းထွေးက မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်မြအေးစီထံသို့ အသင်းဝတ်စုံများ၊ ယင်လုံအိမ်သာခွက်များ၊ အသင်းဝင်ရင်ထိုးများ၊ ဆေးစိမ်ခြင်ထောင်များနှင့် ဆေးပြားများကိုပေးအပ်ခဲ့ပြီး မြို့နယ်မိခင်နှင့် ကလေးအသင်းဥက္ကဋ္ဌ ဒေါ်မြအေးစီက အဖွဲ့ဝင် ဒေါ်သင်းသင်းထွေးထံ အသင်းဝင်လျှောက်လွှာများကို ပေးအပ်သည်။ ထို့နောက် မကွေးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင် ဥက္ကဋ္ဌနှင့်အဖွဲ့သည် အမှတ်(၈) ရပ်ကွက် ဗလငါးတန် စာကြည့်တိုက်သို့ သွားရောက်၍ မဂ္ဂဇင်း၊ ဂျာနယ်စာစောင်များနှင့် အလှူငွေများကို ဗလငါးတန် စာကြည့်အသင်းဥက္ကဋ္ဌသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **အိမ့်မွန်ဆွေ(ရေစကြို)**

ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ပန္နက်ရိုက်

မိုးကောင်း နိုဝင်ဘာ ၂

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် ပန္နက်ရိုက်ခြင်း အခမ်းအနားကို အောက်တိုဘာ ၃၁ ရက် နံနက် ၆ နာရီခွဲက အထက(၁) ကျောင်းဝင်းအတွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်နှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဦးသန်းထွန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဦး၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်သက်ဝေနှင့် အဖွဲ့ဝင်များ၊ အထက(၁) ကျောင်းအုပ်ဆရာကြီး ဒေါ်တင်လှနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျောင်းအကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သတ်မှတ်နေရာများ၌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မင်္ဂလာပန္နက်ရိုက်ပေးကြသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် ငွေကျပ်သိန်း ၂၀၄၀ တန်ဖိုးရှိပြီး ပေ(၁၇၀×၃၀) ငါးခန်းတွဲ နှစ်ထပ်ဆောင်ကို လျှံထူးအောင် ဆောက်လုပ်ရေးကုမ္ပဏီက သတ်မှတ်ကာလအတွင်း အပြီးဆောက်လုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဗန်းမော်မြို့နယ် စီဟဲကျေးရွာ အလင်းတံခါးစာကြည့်တိုက် ဖွင့်ပေးစေလို

ဗန်းမော် နိုဝင်ဘာ ၂

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စီဟဲကျေးရွာ အလင်းတံခါးစာကြည့်တိုက်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၀ သိန်း၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေများဖြင့် ၂၀၁၀ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။

စေတနာရှင်၊ ကုသိုလ်ရှင်များက လှူဒါန်းသည့် ဗီရို၊ စာအုပ်မျိုးစုံရှိသည်။ အိုင်တီနည်းပညာခေတ်ကာလတွင် ကျေးလက်နေ လူငယ်မောင်မယ်များ အကြားအမြင်ဗဟုသုတ၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးအသိတရားများရရှိကြ၍ ဉာဏ်ပညာဖွံ့ဖြိုးစေပြီး တိုင်းပြည်နှင့်လူမျိုးအတွက် အားထားရသည့် လူရည်ချွန်၊ လူရည်မွန်များဖြစ်လာစေရေးအတွက် အလင်းတံခါးစာကြည့်တိုက်ဖွင့်ပေးရန် မိဘပြည်သူများက မျှော်လင့်လျက်ရှိ ကြသည်။

ဆီမီးခုံ-နန်းရီ

မြန်မာပထဝီဝင်အသင်း စာနယ်ဇင်း မိတ်ဆက်ပွဲကျင်းပ

မန္တလေး နိုဝင်ဘာ ၂

မြန်မာ့ပထဝီဝင်အသင်း အထက်မြန်မာပြည် သတင်းမီဒီယာနှင့် စာနယ်ဇင်း မိတ်ဆက်ပွဲကို အောက်တိုဘာ ၂၉ ရက် ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၂၆ လမ်း နှင့် ၂၇ လမ်းကြား ၅၈ လမ်းရှိ ကောင်းမြတ်ဇရိပ်မွန်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်(ငြိမ်း)နှင့် အငြိမ်းစား ပထဝီဝင် ပါမောက္ခများ၊ ပထဝီဝင်ဘာသာရပ်ဖြင့် ဘွဲ့ရပြီးသူများ၊ ဖိတ်ကြားထားသူများနှင့် သတင်းမီဒီယာများ၊ စာနယ်ဇင်းအဖွဲ့များ တက်ရောက်ကြသည်။

လုပ်ဆောင်

အခမ်းအနားတွင် အငြိမ်းစား ပထဝီဝင် ပါမောက္ခဆရာမကြီး ဒေါ်အက္ကနက်ကလေးပိုက အမှာစကားပြောကြားပြီး ပထဝီဝင်အသင်း ယာယီဥက္ကဋ္ဌ ဦးမောင်မောင်အေး (ဒုတိယပါမောက္ခချုပ် အငြိမ်းစား)က အသင်းဖွဲ့စည်းရခြင်း ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြသည်။ အဆိုပါ မြန်မာ့ပထဝီဝင်အသင်း အထက်မြန်မာပြည်သည် အောက်မြန်မာပြည် ပထဝီဝင်အသင်းနှင့် ညှိနှိုင်းမှုများပြုလုပ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ လုပ်ဆောင်သွားမည်ဟု သိရသည်။

ဆက်သွယ်

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်း၍ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ အဆိုပါအသင်းသည် နိုင်ငံတကာ ပထဝီဝင်သမဂ္ဂ (IGU)သို့ ဝင်ရောက်ပြီး ကမ္ဘာလုံးဆိုင်ရာ ပထဝီဝင်အသိပညာ ပြန့်ပွားရေး လုပ်ငန်းများကို ဆောင်ရွက်မည်ဟု သိရှိရပြီး အသင်းဝင်လိုပါက ဖုန်း- ၀၉-၂၅၆၀၀၀၈၀၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

ကင်းထောက်ခေါင်းဆောင် သင်တန်းသားများ မီးပုံပွဲကျင်းပ

ပြင်ဦးလွင် နိုဝင်ဘာ ၂

ကင်းထောက်ခေါင်းဆောင် သင်တန်းသားများ၏ စခန်းသိမ်းမီးပုံပွဲကို အောက်တိုဘာ ၂၉ ရက် ည ၈ နာရီက ပြင်ဦးလွင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးက မီးပုံပွဲကျင်းပရန် စတင်မီးရှို့ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြင်ဦးလွင်မြို့နယ်ရှိ အထက်တန်း၊ အလယ်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်သီချင်းဖြင့် တိုင်းရင်းသားရိုးရာအကများနှင့် ဖျော်ဖြေတင်ဆက်ကြပြီး အမှတ်(၁) အထက ဆဋ္ဌမတန်းမှ ကင်းထောက်လူငယ်များက ပြည်သူ့အတွက် အဆင်သင့်သီချင်းဖြင့် ဖျော်ဖြေကာ ကင်းထောက်သင်တန်းသားများက အဖွဲ့ခြောက်ဖွဲ့ခွဲ ဖျော်ဖြေတင်ဆက်ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ညွှန်ကြားရေးမှူးက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ သင်တန်းသားများက သင်တန်းနည်းပြများအား ဂါရဝပြု လက်ဆောင်များပေးအပ်ပြီး ဘုဖေးဖြင့်တည်ခင်းဧည့်ခံကာ စခန်းသိမ်းမီးပုံပွဲ ကျင်းပပြီးစီးခဲ့သည်။

အဆိုပါ သင်တန်းသားများသည် ပြင်ဦးလွင်မြို့တွင် သုံးရက်ကြာစခန်းချနေထိုင်ကာ ကင်းထောက်လုပ်ငန်း အဆင့်ဆင့်ကို ဖိလစ်ပိုင်နိုင်ငံနှင့် သြစတြေးလျနိုင်ငံတို့မှ သင်တန်းနည်းပြများနှင့်အတူ လက်တွေ့ဆောင်ရွက်ခဲ့ကြပြီး အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းများမှ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (၄၃၂)

ကျေးရွာချင်းဆက် မြေသားလမ်း ပြုပြင်ဆောင်ရွက်

စဉ့်ကူး နိုဝင်ဘာ ၂

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှသာ မြို့ရွာများ အမြန်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ဟသ်ာဖိုလ်ကျေးရွာအုပ်စု ဆင်ကျွန်းကျေးရွာ၊ မြေနုရွာနှင့် ဟသ်ာဖိုလ်ရွာတို့၏ ကျေးရွာချင်းဆက် မြေသားလမ်းကို မြေသားဖို့ခြင်း၊ ဆင်ကျွန်းကျေးရွာ လမ်းမကြီးကို မြေဖို့ခြင်းလုပ်ငန်းများကို တာဝန်ရှိသူများနှင့် ဒေသခံများစုပေါင်း၍ အောက်တိုဘာ ၃၁ ရက် နံနက် ၇ နာရီက ဆောင်ရွက်ကြသည်။ (၄၃၂)

ကလေးမြို့ရေကြီးမှုကြောင့် ပျက်စီးသွားသော ဆည်ကြီး - ဒိုးဝိုင်းချောင်းလမ်းပိုင်းပြုပြင်ပြီးစီး

ကလေး နိုဝင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် စက်တင်ဘာနောက်ဆုံးပတ်က ရွာသွန်းခဲ့သောမိုးကြောင့် ကလေးနှင့် ရာဇဂြိုဟ်ကို ဆက်သွယ်ပေးထားသည့် အနောက်မြောက်လမ်းမကြီး လမ်းပိုင်းများပျက်စီးသွားခဲ့ရာ ဆည်ကြီး- ဒိုးဝိုင်းချောင်းလမ်းကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် သဲကျောက်လုပ်ငန်းရှင် ဥက္ကဋ္ဌ ဦးဌေးဝင်း၏ ဦးစီးလှူဒါန်းမှုဖြင့် ပြုပြင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ယာဉ်ကြီးယာဉ်ငယ်အားလုံး လွယ်ကူချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

“ဒီလမ်းပိုင်းက မိုင်အားဖြင့် နှစ်မိုင်နီးပါးရှိပါတယ်။ အောက်တိုဘာ ၁၈ ရက်ကစပြီးတော့ အရေးပေါ်ပြုပြင်တဲ့ လုပ်ငန်းတွေလုပ်တဲ့အခါ သဲ၊ ကျောက်ကျင်းပေါင်း ၃၀၀ ကုန်ပါတယ်။ ဒါက ချိုင့်ခွက်တွေကို အရင်ဦးဆုံး ပြုပြင်တာပါ။ နောက်ပြီး အောက်တိုဘာ ၂၂ ရက်မှာပြန်ပြီး သဲ၊ ကျောက်ကျင်း ၁၀၀ နဲ့ အချောခင်းပြီး နောက်ဆုံးအပြီးသတ်ကို အောက်တိုဘာ ၃၁ ရက်မှာ ဆောင်ရွက်တဲ့အခါ သဲ၊ ကျောက်ကျင်း စုစုပေါင်း ၅၀၀ ကုန်တယ်” ဟု အလှူရှင် ဦးဌေးဝင်းက ရှင်းပြသည်။

ပျက်စီးသွားသောလမ်းများ အမြန်ဆုံးကောင်းမွန်၍ ပြည်သူတို့သွားလာရေး လွယ်ကူချောမွေ့အဆင်ပြေစေရေးအတွက် မြို့နယ်စည်ပင်သာယာရေး ကြီးကြပ်မှုကော်မတီ၊ မြို့နယ်အထောက်အကူပြု ကော်မတီတို့နှင့် ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သျှင်နေမင်း

ရေနေသက်ရှိသယံဇာတများ ထိန်းသိမ်းရေးပညာပေးဟောပြော

စဉ့်ကူး နိုဝင်ဘာ ၂

မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနတို့၏အစီအစဉ်ဖြင့် ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့တို့ပူးပေါင်း၍ ဧရာဝတီ လင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေး ရေယာဉ်ဖြင့် ရေနေသက်ရှိ သယံဇာတများ ထိန်းသိမ်းရေး ပညာပေးဟောပြော ဆွေးနွေးခြင်း လုပ်ငန်းများကို ဝက်လက်၊ မတ္တရာနှင့် စဉ့်ကူးမြို့နယ်တို့တွင် လှည့်လည်ကွင်းဆင်း ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကြည်မိုးနှင့် ဧရာဝတီ လင်းပိုင်ထိန်းသိမ်းရေးတာဝန်ခံ ဦးဟန်ဝင်းတို့သည် အောက်တိုဘာ ၂၆ ရက်က ဝက်လက်မြို့နယ် စဉ့်ကိုင်မြောက်ကျေးရွာစာကြည့်တိုက်နှင့် မတ္တရာမြို့နယ် သဲကျွန်းကျေးရွာအုပ်စု ရွာတန်းရှည် မူလတန်းလွန်ကျောင်းတို့တွင် ကျေးရွာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံကာ ရေနေသယံဇာတများ ထိန်းသိမ်းရေး ပညာပေး ဟောပြောကြပြီး ဧရာဝတီ လင်းပိုင် ထိန်းသိမ်းရေးပညာပေး ကျောင်းသုံးဗလာစာအုပ်များ ပေးဝေခဲ့ကြောင်း သိရသည်။

စိုက်ထူ

ထို့နောက် မတ္တရာမြို့နယ် ရွာတန်းရှည်ကျေးရွာ မော်တော်ဆိပ်တွင် ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေး ပညာပေး မြေစိုက်ပိုစတာ စိုက်ထူခဲ့သည်။

ဆွေးနွေး

ထိုနည်းတူစွာ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူးများနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၂၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ဟသ်ာမကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာတာဝန်ရှိသူများ ရေလုပ်သားများနှင့်တွေ့ဆုံကာ ရေနေသက်ရှိ သယံဇာတများ ထိန်းသိမ်းရေး လုပ်ငန်းများကို ပညာပေးဟောပြော ဆွေးနွေးခဲ့ကြောင်း သိရသည်။ (၄၃၃)

လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဆင်း

မြစ်ကြီးနား နိုဝင်ဘာ ၂

မြစ်ကြီးနားမြို့နယ် စက်မှုလယ်ယာဦးစီးဌာန၌ ဖွင့်လှစ်လျက်ရှိသည့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းအမှတ်စဉ် (၁/၂၀၁၃) သင်တန်းဆင်းပွဲကို အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီက အဆိုပါ သင်တန်းခန်းမ၌ ကျင်းပရာ ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးသောင်းထိုက်က သင်တန်းဆင်း အမှာစကားပြောကြားကာ သင်တန်းဆင်းလက်မှတ်များကို ဝန်ထမ်းများကိုယ်စား ထွန်စက်မောင်း(၄) ဦးချစ်ကိုနှင့် ဒေသခံတောင်သူများကိုယ်စား တပ်ကုန်းရပ်ကွက်မှ တောင်သူ ဦးလတောင်ထံသို့ ပေးအပ်ခဲ့သည်။ သင်တန်းဆင်းပွဲသို့ မြို့နယ်ဦးစီးဌာနမှူး ဦးတင်မောင်ဝင်း၊ Farmer Choice (Sonalika) ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် သင်တန်းသား ၃၂ ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။

မိုးယံကျ(မြစ်ကြီးနား)

တိုင်းရင်းသားရေးရာဆပ်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ မွန်ပြည်နယ်သို့ ကွင်းဆင်းညှိနှိုင်းဖြေရှင်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂

တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီအောက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော တိုင်းရင်းသားရေးရာ ဆပ်ကော်မတီသည် အောက်တိုဘာ ၂၈ ရက်မှ ၃၀ ရက်အထိ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်နှင့် ရေးမြို့နယ်များသို့ ကွင်းဆင်း၍ ပြည်သူလူထု၏ သဘောထားဆန္ဒနှင့် အကြံပြုတင်ပြချက်များကို မေးမြန်း ဆွေးနွေး၍ ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် တိုင်းရင်းသားရေးရာ ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးချန်မောင်နှင့်အဖွဲ့ဝင်ငါးဦးတို့သည် အောက်တိုဘာ ၂၉ ရက်က မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌လည်းကောင်း၊ အောက်တိုဘာ ၃၀ ရက်က ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌လည်းကောင်း မြို့မိမြို့ဖများ၊ မြို့နယ်ရပ်ကွက်၊ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာပေနှင့်ယဉ်ကျေးမှုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အုပ်ချုပ်မှုအဖွဲ့အစည်းနှင့်ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

ပြောကြား

တွေ့ဆုံဆွေးနွေးပွဲများတွင် တိုင်းရင်းသားရေးရာ ဆပ်ကော်မတီဥက္ကဋ္ဌက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်နေမှု၊ ပြည်သူ့ဆန္ဒကို အလေးထားဆောင်ရွက်ပေးနေမှုနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီး ဦးချန်မောင်က ရန်ကုန်-မော်လမြိုင် မီးရထားလမ်းပိုင်း ပိုမိုကောင်းမွန်ရေး၊ မော်လမြိုင်-ရေးလမ်းပိုင်း မီးရထားအချိန်မှန်ရေး၊ တွဲများ သန့်ရှင်းသပ်ရပ်ကောင်းမွန်ရေး၊ မီးရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ဒေသခံပြည်သူလူထုကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ဆွေးနွေးတင်ပြအကြံပြုမေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားရှင်းလင်းခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်ရှိသည်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခြင်း၊ လတ်တလော ဆောင်ရွက်ပေးရန်ရှိသည်များကို ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နှိုးဆော်ချက်

- ယခုအချိန်တွင် တစ်နိုင်ငံလုံး၌ မိုးစပါးများ ရိတ်သိမ်းမည့်အချိန်ဖြစ်ပါသည်။
- မိုးစပါးရိတ်သိမ်းပြီး သီးထပ်အဖြစ် မတ်ပဲ၊ ပဲတီစိမ်းသီးနှံများစိုက်ပျိုးရန် တောင်သူလယ်သမားများ ပြင်ဆင်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ရိတ်သိမ်းပြီးစပါးများကို ကန်သင်းများတွင်စုပုံထားပြီး သီးထပ်ပဲသီးနှံအားစိုက်ပျိုးရန် လုပ်ငန်းကို ဦးစားပေးပြီးဆောင်ရွက်သည့် အလေ့အထရှိကြရာ အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းကြောင့် မိုးထိပြီး လေလွင့်ဆုံးရှုံးမှုများ ကြီးမားစွာဖြစ်ပေါ်နိုင်သည်။
- သို့ဖြစ်ပါ၍ ရိတ်သိမ်းပြီးစပါးများကို ခြွေလှေ့စက်များဖြင့် ခြွေလှေ့ပြီး စပါးကျီ၊ အမိုးအကာအောက် ရောက်ရှိရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကြီးကြပ်ဆောင်ရွက်ပေးကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့တွင် အောက်တိုဘာ ၂၆ ရက်မှ ၂၈ ရက်အထိ အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပေါင်းလောင်း(၁)ရပ်ကွက် မီးရထားသံလမ်းဘေး မြေနိမ့်ပိုင်း လူနေရပ်ကွက်များတွင် မိုးရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ရေများအမြန်ကျဆင်းစေရန် မြို့နယ်စည်ပင်သာယာက စက်ယန္တရားများ အသုံးပြု၍ အောက်တိုဘာ ၂၉ ရက်က ဆောင်ရွက်စဉ်။ ကိုကိုနေ(ပျဉ်းမနား)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

စံ(၅)ရပ်ညီစာကြည့်တိုက်ဆောက်လုပ်

ပင်းတယ နိုဝင်ဘာ ၂

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ရန်ပုံငွေကျပ် ၁၀ သိန်းဖြင့် ဆောက်လုပ်သည့် ဆင်ခေါင်းရပ်ကွက်ရှိ သုခမိန်စာကြည့်တိုက်ကို အောက်တိုဘာ ၅ ရက်က စတင်ဆောက်လုပ်လျက်ရှိရာ ယခုအခါ ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်းနှင့် အဆိုပါစာကြည့်တိုက် အဆောက်အအုံသည် အလျား ၂၄ ပေ၊ အနံ ၁၄ ပေနှင့် အမြင့် ၁၁ ပေ ရှိကြောင်းသိရသည်။ အဆိုပါစာကြည့်တိုက်ကို ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်အတွင်း ဓနုသော်တာအုပ်စုကုမ္ပဏီက တာဝန်ယူဆောက်လုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ **မိုးမိုးထွေး(ပင်းတယ)**

ပညာဗိမာန်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ကျောက်မဲ နိုဝင်ဘာ ၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မဘိမ်းမြို့နယ် မလှိုင်ကုန်းကျေးရွာတွင် ပညာဗိမာန် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၄ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ရှေးဦးစွာ ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ်ကို ကျောက်မဲခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသွယ်ဟန်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇင်ကိုလေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်က အမှာ စကားပြောကြားကာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးမင်းက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာကြည့်တိုက်ဆောက်လုပ်မှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇင်ကိုလေးက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

အဆိုပါ ကျေးရွာစာကြည့်တိုက်အောင်မြင်စွာဆောက်လုပ်နိုင်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ မတည်ငွေကျပ် ၁၀ သိန်းနှင့် ကျေးရွာပြည်သူများကထည့်ဝင်ငွေကျပ် ၅၇ သိန်း စုစုပေါင်း ၆၇ သိန်းအကုန်အကျခံ ဆောက်လုပ်ခဲ့ပြီး စာကြည့်တိုက်အကျယ်အဝန်းသည် အလျား ၂၄ ပေ၊ အနံ ၂၂ပေ၊ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်၊ အဆောက်အအုံ ဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

အရန်မီးသတ်တပ်ဖွဲ့ဝင်များမွမ်းမံသင်တန်းဆင်း

ကလေး နိုဝင်ဘာ ၂

ကလေးမြို့ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး နေရဋ္ဌရာခန်းမ၌ ကျင်းပရာ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက် ၁၉ ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ သင်တန်းသားအရန်မီးသတ်တပ်ဖွဲ့ဝင်စုစုပေါင်း ၁၀၀တက်ရောက်ကြသည်။ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းဝင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးငွေဝေက သင်တန်းဆင်းလက်မှတ်နှင့်ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သိန်းစိုး(ကိုယ်ပွား-ကလေး)**

TAW WIN CENTRE MONSOON LUCKYDRAW
October လ ကံထူးရှင်များစာရင်း

TAW WIN CENTRE

ကံထူးရှင် အမည်	ပေါက်မဲ နံပါတ်
၁။ ဒေါ်မိုးမိုး	၀၀၆၇၀၅
၂။ ဒေါ်နန်းသစ္စာသွင်	၀၂၈၇၆၀
၃။ မငြိမ်းငြိမ်းစိုး	၀၂၄၄၄၇
၄။ မစိုးစိုးဝင်း	၀၀၈၀၉၈
၅။ မဖင်သီဟာန်	၀၄၂၄၆၀
၆။ ဒေါ်ဝါဝါလွင်	၀၂၆၂၆၂
၇။ ကိုတင့်လွင်ထူး	၀၂၅၇၉၀
၈။ ဒေါ်သောက်ခွန်	၀၂၆၆၅၇
၉။ ဒေါ်နွယ်နီအေး	၀၀၇၁၃၁
၁၀။ ကိုချမ်းမင်း	၀၄၃၈၇၇
၁၁။ ဒေါ်မြအေးနိုင်	၀၀၄၆၈၃
၁၂။ စိုင်းကျော်ကိုထက်	၀၀၅၅၉၂
၁၃။ မပပအောင်	၀၁၂၃၀၇

October လ ကံထူးရှင်များသည် မိမိတို့၏ ပေါက်မဲများကို (၈ - ၁၁ - ၂၀၁၃) နောက်ဆုံးထား၍ တော်ဝင်စင်တာ Level-1(Promotion Area)တွင်လာရောက် ထုတ်ယူပေးပါရန်။

ပြည်တွင်းသတင်း

နှမ်းအမှုန့်ကြိတ်ပြီး တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့ရောင်းချမည့် စက်ရုံတည်ဆောက်

မလှိုင် နိုဝင်ဘာ ၁

မလှိုင်မြို့နယ်ရှိ နှမ်းစိုက်တောင်သူများ၏ ရေရှည်အကျိုးအတွက် မလှိုင်မြို့နှင့် တစ်မိုင်ခွဲခန့် ဝေးကွာသည့် ခရိုင်ချင်းဆက်လမ်းဘေး ကံကြီးကျေးရွာအနီး၌ နှမ်းအမှုန့်ကြိတ်ပြီး တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့ရောင်းချမည့် စက်ရုံတည်ဆောက်လျက်ရှိသည်။ ယင်းစက်ရုံမှ ဦးကျော်သူအောင် (အင်ဂျင်နီယာ) ဒါရိုက်တာအဖွဲ့ဝင်(၁)က"မလှိုင်မြို့မှာ နှမ်းအမှုန့်ကြိတ်စက်ရုံကို ၂၀၁၃ ခုနှစ် အစပိုင်းက တည်ဆောက်ခဲ့တာ ၉၀ ရာခိုင်နှုန်းပြီးစီးနေပါပြီ။ ရည်ရွယ်ချက်က ဒေသခံ နှမ်းစိုက်တောင်သူတွေရဲ့ နှမ်းတွေကို ရန်ကုန်၊ မန္တလေးမြို့ကြီးတွေမှာ ပေါက်ဈေးအတိုင်း ပေးဝယ်မှာဖြစ်တယ်။ တစ်ဖက် တစ်လမ်းကလည်း ဒေသခံကျေးရွာသူ ကျေးရွာသားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းများပေးနိုင်မှာဖြစ်ပြီး သီးနှံသုံးမျိုးဖြစ်တဲ့ နှမ်း၊ မြေပဲ၊ နေကြာကို အဓိက အမှုန့်ကြိတ်မှာဖြစ်ပါတယ်။ တောင်သူများအနေနဲ့ အဝေးကို စရိတ်ကုန်ခံပြီး တင်ပို့ရောင်းချစရာမလိုတော့ဘဲ နှမ်းကုန်ကြမ်းမှ ကုန်ချောအထိ နည်းပညာရှင်များက ကုန်ချောပို့ကုန်အဖြစ် ကြိတ်ရပါတယ်။ နှမ်းအမှုန့် ကုန်ချောထွက်လာတာနဲ့ ကျွန်တော်တို့ ကုမ္ပဏီက တစ်ဆင့် တောင်ကိုရီးယားနိုင်ငံကို တင်ပို့ရောင်းချမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။ **ကျော်ကျော်(မလှိုင်)**

တမူးနယ်စပ် ကုန်သွယ်ရေးစခန်း ကုန်သွယ်မှု မြှင့်တင်ရေးဆွေးနွေး

တမူး နိုဝင်ဘာ ၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန(မြန်မာ-အိန္ဒိယ) တမူးနယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေးပွဲ အမှတ်စဉ်(၇) ၂၀၁၃-၂၀၁၄ အခမ်းအနားကို အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီက တမူးမြို့ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တမူးနယ်စပ် ကုန်သွယ်ရေးစခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အဆိုပါ အခမ်းအနားတွင် တမူးနယ်စပ်ကုန်သွယ်ရေးစခန်း တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းအောင်အေးက ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အခြေအနေများနှင့် ကုန်သွယ်မှု မူဝါဒဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး ဦးခင်မောင်ချိုက တမူးမှ ကုန်သွယ်မှုနှင့် ပတ်သက်၍ အကောက်ခွန် လုပ်ထုံးလုပ်နည်းဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေး

ဆက်လက်၍ တမူးနယ်စပ်စခန်း၏ (OSS) အဖွဲ့ဝင်ဌာနများဖြစ်သည့် အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တို့မှ တာဝန်ခံများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြဆွေးနွေးကြကာ တမူး-ကလေး-ကလေးဝ နယ်စပ်ကုန်သည်ကြီးများ အသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးဝင်းတင်က ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်လုပ်ကိုင်ရာတွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများနှင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသည့် ကုမ္ပဏီလုပ်ငန်းရှင်များနှင့် မော်တော်ယာဉ်လိုင်း တာဝန်ခံများက တွေ့ရှိရသည့် လုပ်ငန်းပိုင်းဆိုင်ရာ အခက်အခဲများကို ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် စခန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဝင်းနိုင်(တမူး)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂-၁၁-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၈၆၀၀၀-၆၄၅၆၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၈၆၅၀၀-၆၄၅၁၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၆၅-၉၇၅	ကျပ်
ဥရောပ	တစ်ယူရို	၁၃၂၈-၁၃၄၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၃	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၂-၃၀. ၈	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၃-၁၅. ၈	ကျပ်
တရုတ်	တစ်ယွမ်	၁၅၈-၁၆၅	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၀၉	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၁၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၇၀၀-၅၀၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၅၀-၃၆၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၆၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၂၀၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၇၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စေ့ငုတင်ပြသည်။

လူမှုဖူလုံရေး Smart Card များထုတ်ပေး

ကျောက်မဲ နိုဝင်ဘာ ၂

ရှမ်းပြည်နယ် ကျောက်မဲခရိုင် ကျောက်မဲမြို့၌ လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ အာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များ စနစ်တကျ လျင်မြန်မှန်ကန်စွာ ရရှိစေရေးအတွက် ယခင်အသုံးပြုနေသော လူမှုဖူလုံရေး လူပြလက်မှတ်(အ-၁၂) ကတ်များအစား ကွန်ပျူတာဖြင့် ဖတ်ရှုနိုင်သော Smart Card များ ရိုက်နှိပ်ထုတ်ဝေနိုင်ရန် လူမှုဖူလုံရေး (ရုံးချုပ်)နေပြည်တော်မှ ညွှန်ကြားရေးမှူး ဦးဆန်းနွယ်ဝင်း ဦးဆောင်သော အော်ပရေတာအဖွဲ့နှင့် ကျောက်မဲမြို့ လူမှုဖူလုံရေးရုံးမှ ရုံးနှင့် ဆေးခန်းဝန်ထမ်းများ ပူးပေါင်း၍ အောက်တိုဘာ ၂၆ ရက် နံနက် ၁၁ နာရီက C.P ကြက်စာစက်ရုံ၊ ကုန်တင်/ကုန်ချ အစည်းအဝေးခန်းမ နေရာများတွင် စုရပ်များအဖြစ် သတ်မှတ်၍ အာမခံအလုပ်သမားများအား ဓာတ်ပုံရိုက်၊လက်ဗွေယူခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး အောက်တိုဘာ ၂၇ ရက် နံနက် ၈ နာရီက စည်ပင်သာယာရုံးခန်းမနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအစည်းအဝေးခန်းမတို့တွင်လည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **သိန်းသန်း(ပြန်/ဆက်)**

မော်တော်ယာဉ်စီးရေ ၂၈၀၇၀ သွင်းကုန်ပါမစ် ထုတ်ပေးပြီး

ရန်ကုန် နိုဝင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီးရုံး ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန သွင်းကုန်လုပ်ငန်းဌာနခွဲ မော်တော်ယာဉ်ပါမစ် ထုတ်ပေးရေးဌာနစိတ်က လူပုဂ္ဂိုလ် တစ်ဦးချင်းအလိုက် မော်တော်ယာဉ် သွင်းကုန်ပါမစ်များ ထုတ်ပေးလျက်ရှိရာ ၂၀၁၂ ခုနှစ် ဩဂုတ် ၁ ရက်မှ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်အထိ 1350 CC အောက် ယာဉ်များအပါအဝင် Saloon, Van, Wagon, Light Truck, Box Truck နှင့် Truck တို့အပါအဝင် စုစုပေါင်း မော်တော်ယာဉ်စီးရေ ၂၈၀၇၀ ကို သွင်းကုန်ပါမစ် ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် အမေရိကန် ဒေါ်လာ (၁၉၅ ဒသမ ၇၉၇)သန်းခန့် တန်ဖိုးရှိကြောင်း ယင်းဌာနက ထုတ်ပြန်သော စာရင်းအရ သိရသည်။ **အေးကို(သတင်းစဉ်)**

ရွှေ့ပြောင်းသွားလာ ဘေးကင်းကွာ သိမှတ်စရာ ကြိုတင်လေ့လာပါ

ဘီးလင်းတိုက်သစ်ကျောင်း (၆၄)ကြိမ်မြောက် ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ ဘီးလင်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊ ရန်ကုန်တိုင်းဒေသကြီး၊ သံဃာ့နာယကအဖွဲ့(ဝေဠုဝန်)ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညောဘာသအား အမှူးထား၍ သံဃာတော် (၉၅)ပါးတို့အား ဒါယကာ ဒါယိကာမအပေါင်းတို့က နိဗ္ဗာန်ကိုရည်မျှော်၍ ကထိန်သင်္ကန်းနှင့်ဆွမ်းစသောလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက်)၊ ၁၀-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းလွဲ ၁နာရီအထိ ကျင်းပမည်ဖြစ်ပါ၍ ဒါယကာ၊ ဒါယိကာမများ၊ ဘီးလင်းမြို့နယ်သူ မြို့နယ်သားများ မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဘုံကထိန်ဖြစ်မြောက်ရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(သန်လျင်)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း)တို့တွင် အောက်ဖော်ပြပါ လုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **နည်းပညာတက္ကသိုလ်(သန်လျင်)**
ဆရာ/ဆရာမဆောင် ပေ(၁၃၂×၄၅×၁၂) ခြောက်ခန်းတွဲတစ်လုံး၊ RC ဆောက်လုပ်ခြင်းလုပ်ငန်း(လျှပ်စစ်မီးသွယ်ခြင်းနှင့်ရေသန့်အပါအဝင်)

(ခ) **အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း)**
နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာတစ်ထပ်၊ သံကူကွန်ကရစ်အဆောက်အအုံ ပေ(၄၈×၄၉) တစ်လုံးဆောက်လုပ်ခြင်း၊ (လျှပ်စစ်မီးသွယ်ခြင်းနှင့် ရေသန့်အပါအဝင်)

၂။ တင်ဒါတင်သွင်းလိုသည့်ကုမ္ပဏီများသည် ဦးစီးဌာနမှ သတ်မှတ်ထားသော လုပ်ငန်းစံနှုန်း ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲ တွက်ချက်တင်ပြရန်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် (Profile)တင်ပြရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၃၀-၁၀-၂၀၁၃ ရက်မှ ၁၅-၁၁-၂၀၁၃ရက်အထိ နည်းပညာတက္ကသိုလ်(သန်လျင်) စီမံရေးရာဌာနတွင် ဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါတင်သွင်းလိုသူသည် ဆရာ ဆရာမဆောင်၊ ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာတစ်ထပ်ဆောက်လုပ်ခြင်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေး ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။

၅။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
နည်းပညာတက္ကသိုလ်(သန်လျင်)
ဖုန်း-၀၉-၈၆၀၂၄၄၃၊ ၀၉-၈၆၀၂၀၅၃၊ ၀၉-၄၂၀၁၂၆၂၃၆

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် ကုန်ကြမ်းပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်လျက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို နိုင်ငံခြားငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Wipeon Aluminium Plate (650x550x0.24)mm	၅၀၀၀ ချပ်
(ခ)	Ortho Film (sheet)50 sheet/Box	၃၀၀ ဘူး
(ဂ)	Coating A+B	၅၀၀ sets
(ဃ)	Developing Lacquer	၃၆၀ လီတာ
(င)	A3 Toner 5000 N	၉၀ ဗူး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၁၁-၂၀၁၃ရက်မှ ၁၅-၁၁-၂၀၁၃ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၁၁-၂၀၁၃ရက် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း	ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ပြန်ကြားရေးဝန်ကြီးဌာန	ထုခွဲရောင်းချရေးကော်မတီ
ရုံးအမှတ်(၇)၊ နေပြည်တော်	ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၁၂၁၂၃၊	ရုံးအမှတ် (၇)၊ နေပြည်တော်
၀၆၇-၄၁၂၁၂၈	ဖုန်း-၀၆၇-၄၁၂၃၂၇

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် E-Government နှင့် ပတ်သက်သည့်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်လျက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Dell Web Server	၅ လုံး
(ခ)	Colour Scanner	၅ လုံး
(ဂ)	Dell Optiplex 9010 MT	၁၄ လုံး
(ဃ)	Network Accessories	၁ စုံ

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၁၁-၂၀၁၃ရက်မှ ၁၅-၁၁-၂၀၁၃ရက်အထိ နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၁၁-၂၀၁၃ရက် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း	ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ပြန်ကြားရေးဝန်ကြီးဌာန	ထုခွဲရောင်းချရေးကော်မတီ
ရုံးအမှတ်(၇)၊ နေပြည်တော်	ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၁၂၁၂၃၊	ရုံးအမှတ် (၇)၊ နေပြည်တော်
၀၆၇-၄၁၂၁၂၈	ဖုန်း-၀၆၇-၄၁၂၃၂၇

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရက်ပေါင်း ၃၇ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို ဆန်းစစ် နိုင်ငံတကာ ဖိတ်ခေါ်မွေပြိုင်ပွဲနှင့် ခြင်းလုံးပြိုင်ပွဲကျင်းပရေး စည်းဝေး

နေပြည်တော် နိုဝင်ဘာ ၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာ့ရိုးရာမွေအားကစား အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြိုဆန်းစစ် နိုင်ငံတကာဖိတ်ခေါ်မွေပြိုင်ပွဲနှင့် ခြင်းလုံးပြိုင်ပွဲကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အိုလံပစ် အစည်းအဝေးခန်းမ၌ ကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက "မွေ" ရိုးရာ အားကစားပြိုင်ပွဲကို နိုင်ငံတကာ ပြိုင်ပွဲအဖြစ် မြန်မာနိုင်ငံအနေနှင့် ပထမဆုံးဖိတ်ခေါ်ပြိုင်ပွဲအဖြစ် ကျင်းပခြင်းဖြစ်ကြောင်း၊ ယခုပြိုင်ပွဲမှရရှိသော ကျင်းပရေးအတွေ့အကြုံကောင်းများကို ရယူ၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ မွေအားကစားနည်း အောင်မြင်စွာ ကျင်းပနိုင်ရေး ပြင်ဆင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မွေရိုးရာ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်က ယခုပြိုင်ပွဲသည် အိမ်ရှင်မြန်မာအပါအဝင် ပြိုင်ပွဲဝင်ခြောက်နိုင်ငံယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲအတွက် လက်ရည်စမ်းပြီး အားနည်းချက် အားသာချက်များကို ကြည့်၍ ကြိုတင်ပြင်ဆင်ကာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ တွဲဖက်အတွင်းရေးမှူးက ခြင်းလုံးဖိတ်ခေါ်ပြိုင်ပွဲကို အောက်တိုဘာ ၆ ရက်မှ ၈ ရက်အထိ အမျိုးသားလေးသင်း၊ အမျိုးသမီး လေးသင်းဖြင့် ကျင်းပမည်ဖြစ်ကြောင်း ပြောကြားပြီး ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီအသီးသီးက လိုအပ်သည်များ တင်ပြဆွေးနွေးသည်။ **(သတင်းစဉ်)**

မြန်မာဟော်ကီအသင်း ဆီးဂိမ်းတွင်အကောင်းဆုံးဖြစ် ပထမဆုရွှေတံဆိပ်ဆွတ်ခူးနိုင်ရန်မျှော်လင့်

နေပြည်တော် နိုဝင်ဘာ ၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း)တွင် မြန်မာဟော်ကီအားကစားသမားများ အနေဖြင့် ပထမဆု ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ရန်မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးခင်မောင်လတ်က ပြောကြားသည်။

"ကျွန်တော်တို့ ဟော်ကီ အားကစားသမားများအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲကြီးမှာ အကောင်းဆုံးအသင်းဖြစ်ပါလိမ့်မယ်။ ပြီးခဲ့တဲ့ Presea-games ပြိုင်ပွဲ ရလဒ်အနေအထားကို ကြည့်ခြင်းဖြင့် မြန်မာဟော်ကီအသင်းဟာ ရွှေတံဆိပ် သေချာပေါက်ရယူနိုင်ပါလိမ့်မယ်။ ဒါကတော့ အမျိုးသားအသင်းဖြစ်ပါတယ်။ အမျိုးသမီးအသင်းကတော့ ငွေလောက်ပဲ မျှော်မှန်းထားပါတယ်။ လက်ရှိ အမျိုးသမီးရော အမျိုးသားပြိုင်ပွဲတွေအတွက်ပါ ဆန်ခါတင် လက်ရွေးစင်များရွေးချယ်ပြီး ဖြစ်ပါတယ်။ ဒီဆန်ခါတင် ကစားသမားတွေက ဆီးဂိမ်းမှာ ပြိုင်ပွဲဝင်ကြမှာဖြစ်ပါတယ်"ဟု ဦးခင်မောင်လတ်က ဆက်လက်ရှင်းပြသည်။

"ဟော်ကီမှာဆိုရင် အရင်တုန်းကတော့ မလေးရှားနဲ့ ထိုင်းကတော့ အာဆီယံထဲမှာ အကောင်းဆုံးအသင်းတွေဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ မြန်မာဟော်ကီ အားကစားအမျိုးသားအသင်းက ထိပ်တန်းအဆင့်ရှိပါတယ်။ လာမယ့်ဆီးဂိမ်းမှာ မြန်မာဟော်ကီ အမျိုးသားအသင်းက သေချာပေါက်အောင်နိုင်ဆု ရယူသွားမယ်လို့ မျှော်လင့်ရပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဆီးဂိမ်းဟော်ကီ အားကစားပြိုင်ပွဲသည် ရန်ကုန်တွင် ကျင်းပမည့် အားကစားခုနစ်မျိုးအနက် တစ်မျိုးအပါအဝင်ဖြစ်သည်။ လာမည့် ဆီးဂိမ်းပြိုင်ပွဲတွင် ဟော်ကီအားကစားပြိုင်ပွဲများကို သိမ်ဖြူ ဟော်ကီအားကစားကွင်း၌ ဒီဇင်ဘာ ၁၃ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဟော်ကီ အားကစားနည်းသည် မြန်မာတို့အတွက် အောင်မြင်မှုအသစ်ရရှိလာမည့် အားကစားနည်းဖြစ်ပြီး မြန်မာပရိသတ်များအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲကြီးတွင် မြန်မာဟော်ကီ အားကစားသမားများ အောင်မြင်မှုကို မျက်ဝါးထင်ထင် တွေ့မြင်ရတော့မည်ဖြစ်ပါသည်။

မောင်ရွှေရိုး

မြန်မာဟော်ကီအမျိုးသားအသင်း လက်ရည်စမ်းမှုအဖြစ် ဘင်္ဂလားဒေ့ရှ်အသင်းနှင့် ချစ်ကြည်ရေး ယှဉ်ပြိုင်ကစားစဉ်က တွေ့ရစဉ်။

မြန်မာ့လက်ရွေးစင် အားကစားသမားများအတွက် ဆေးဘူးများလှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အားကစားသမားများ အောင်မြင်မှုရရှိစေရေးအတွက် ဘက်ပေါင်းစုံမှ အားပေးကူညီပံ့ပိုးလျက်ရှိရာ ထိုင်းနိုင်ငံ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Unison Laboratories Co.,Ltd. (Thiland)မှ UNIREN SPRAY ဆေးဘူးများ လှူဒါန်းခြင်းအခမ်းအနားကို နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီခွဲတွင် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အလှူရှင်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာက (UNIREN SPRAY) အကိုက်အခဲဒဏ်ကျေပျောက်ဖျန်းဆေးဘူးများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ဆေးဘူးများကို အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းထံ ပေးအပ်လှူဒါန်းသည်။

ကျင်းပ

ထို့နောက် ဒုတိယဝန်ကြီးသည် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပရေးနှင့် မြန်မာ့အားကစား အောင်နိုင်ရေးအတွက် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များနှင့် ဒုတိယနေ့ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သထုံမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းမဟာဘုံကထိန်

မဟာဝိဇယစေတီတော် ရင်ပြင်တော်ဝင်း၊ သထုံအသင်းတိုက်ဓမ္မာရုံ၌ သထုံအသင်း စုပေါင်းမဟာဘုံကထိန် ကျင်းပမည်ဖြစ်ပါ၍ သထုံအသင်းသူ အသင်းသားမိသားစုများ၊ အသင်းမဝင်ရသေးသော သထုံမြို့နယ်သူ မြို့နယ်သားများ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေရာ - မဟာဝိဇယစေတီတော်၊ သထုံမြို့နယ်အသင်းဓမ္မာရုံ
နေ့ရက် - နိုဝင်ဘာ ၁၀ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉ နာရီ

အမှုဆောင်အဖွဲ့

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

အမည်ပြောင်းလဲခေါ်ပါရန်

ဦးနေမျိုး ၁၃/လရန(နိုင်)၁၀၉၂၈၃ ၏သား အောင်ဆန်းသူရိယကျောင်း အထက (၂) မင်္ဂလာဒုံ ဒုတိယတန်း(င) မောင်ကောင်းခန့်အား မောင်ခန့်ထူးနိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ခန့်ထူးနိုင်**

ငှားလိုသည်

Motel ဆောက်လုပ်ရန် (ရန်ကုန်မြို့တွင်း) မြေကွက်သီးသန့်၊ နှစ်ရှည်ငှားရမ်းလိုသည်။ (6000 sq-ft နှင့် 10000 Sq-ft အကြား)

ဖုန်း-၀၉-၄၂၁၁၃၀၄၉၉

ဖခင်အမည်မှန်

လားရှိုးမြို့၊ အလက(၇)၊ ပဥ္စမတန်း (D)မှ မောင်ယုယ၏ ဖခင်အမည်မှန်မှာ ဦးဝမ်ရှန်းချမ် ၁၃/ကခန(နိုင်)၀၃၈၁၅၅ ဖြစ်ပါသည်။

ဦးဝမ်ရှန်းချမ်

အမည်မှန်

ဦးငွေစိုး၏သမီး ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အထက-၁၊ အဋ္ဌမတန်း C မှ မခင်ညိမ်းညိမ်းသန့်၏ အမည်မှန်မှာ မခင်ညိမ်းညိမ်းသွင် ဖြစ်ပါသည်။ **မခင်ညိမ်းညိမ်းသွင်**

တိုက်ခန်းပိုင်ဆိုင်ကြောင်း အသိပေးကြေညာခြင်း

ကွယ်လွန်သွားသော ဖခင် ဦးတင်မောင်ဝင်း၊ မိခင် ဒေါ်လှလှတို့ကျန်ရှိသော တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ ဣန္ဒာသယလမ်း၊ တိုက်အမှတ် ၄၇၊ ပထမထပ် (ခေါင်းရင်းခန်း)အား ကျွန်တော် ဦးကိုကိုဇော် ၁၂/တမန(နိုင်)၁၀၁၇၀၂ တစ်ဦးတည်းသာ ပိုင်ဆိုင်ခွင့်ရှိကြောင်း ၁၆-၁၁-၂၀၀၇ရက်တွင် အသိသက်သေများရှေ့မှောက်၌ မောင်နှမများနှင့်စုံညီစွာ သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးကိုကိုဇော် ၁၂/တမန(နိုင်)၁၀၁၇၀၂

ကြော်ငြာ

Junction CENTRE
RAINY SEASON PROMO !! 2013
KIA Rio Brand New Car ကံထူးရှင်များ
1. Junction Square - ဦးအောင်ဇင်မင်း 217672
2. Junction Mawtin - 140245
3. Junction Nay Pyi Taw - ဦးခင်မောင်မြင့် 133106
4. Junction Zawana - ဒေါ်သီသီဆွေ 029776
5. Junction 8 - ဒေါ်နော်ခင်ငြိမ်း 248829
ဦးအောင်ဇင်မင်း
ဦးခင်မောင်မြင့်
ဒေါ်သီသီဆွေ
ဒေါ်နော်ခင်ငြိမ်း
အခြားဆုမဲကံထူးရှင်များစာရင်း
Junction Square
1. Junction Necklace 059146
2. Hisense(50") LCD TV 134871
3. ipad Mini (Wifi+4G(32G) 171575
4. Samsung Galaxy Mega(6.3) 288296
5. Diamond Ring by 256421
6. Acer Aspire V5-431 202437
7. Hisense Air Con 1HP 294036
8. Hisense Refrigerator 108963
9. Junction Cash Coupon 181696
10. Hisense Washing Machine 174787
Junction Centre Mawtin
1. Junction Necklace 140792
2. Hisense(50") LCD TV 050296
3. ipad Mini (Wifi+4G(32G) 261385
4. Samsung Galaxy Mega(6.3) 155292
5. Acer Aspire V5-431 141085
6. Ogival Couple Watch 142077
7. Hisense Air Con 1HP 168118
8. Hisense Refrigerator 202749
9. Junction Cash Coupon 265909
10. Hisense Washing Machine 267435
Junction Centre Nay Pyi Taw
1. Junction Necklace 039606
2. Hisense(50") LCD TV 115789
3. ipad Mini (Wifi+4G(32G) 107928
4. Samsung Galaxy Mega(6.3) 085885
5. Acer Aspire V5-431 322598
6. Ogival Couple Watch 124330
7. Hisense Air Con 1HP 031147
8. Hisense Refrigerator 142599
9. Junction Cash Coupon 014589
10. Hisense Washing Machine 033866
Junction Centre Zawana
1. Junction Necklace 281176
2. Hisense(50") LCD TV 295236
3. ipad Mini (Wifi+4G(32G) 242576
4. Samsung Galaxy Mega(6.3) 318229
5. Acer Aspire V5-431 243375
6. Ogival Couple Watch 079160
7. Hisense Air Con 1HP 028512
8. Hisense Refrigerator 280624
9. Junction Cash Coupon 317022
10. Hisense Washing Machine 318422
Junction Centre 8mile
1. Junction Necklace 025285
2. Hisense(50") LCD TV 189475
3. ipad Mini (Wifi+4G(32G) 158456
4. Samsung Galaxy Mega(6.3) 068055
5. Acer Aspire V5-431 248713
6. Ogival Couple Watch 188883
7. Hisense Air Con 1HP 196597
8. Hisense Refrigerator 159232
9. Junction Cash Coupon 249510
10. Hisense Washing Machine 245894
Rainy Season Promo !! 2013 ကံထူးရှင်ရွေးချယ်ပွဲတွင် ဆုမဲထုတ်ယူရန်ကျန်ရှိသော ကံထူးရှင်များသည် ဆုမဲများကို နိုဝင်ဘာလ (၃)ရက်နေ့မှ နိုဝင်ဘာလ(၁၁)ရက်နေ့အထိ ရုံးချိန်အတွင်း Junction Centre ရုံးချုပ်၊ အလုံတာဝါ(မြေညီထပ်)၊ ကမ်းနားလမ်း၊ အလုံမြို့နယ်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။ ကံထူးရှင်များသည် မိမိတို့၏ ကူပွန်စာရွက်နှင့် မှတ်ပုံတင်အား တစ်ပါတည်းယူဆောင်လာရပါမည်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သာသနာသမိုင်းဝင် နှစ် ၁၀၀ ကျော်ထူးခြားသစ်ပင် ဆေးရိုးပင် နှစ်ရှည်တည်တံ့ခိုင်မြဲရှင်သန်စေရန်ဘက်စုံပြုပြင်

သဲအင်းဂူဆရာတော်ကြီး မှီခိုတရားအားထုတ်တော်မူရာ တရားတွေ့ရှိတော်မူရာဒေသ နှစ်ပေါင်း ၁၀၀ ကျော်ကြာရှင်သန်နေသော အံ့ဖွယ်ထူးခြားသာသနာ့သမိုင်းဝင် ဆေးရိုးပင်ကြီးကို မိုးဒဏ်လေဒဏ်ကြောင့်ယိုင်လဲနေသည့်အတွက် နှစ်ရှည်တည်တံ့ခိုင်မြဲရှင်သန်ရန် ထိန်းသိမ်းစောင့်ရှောက်ဘက်စုံပြုပြင်မှုများကို ဦးဆန်းနိုင်-ဒေါ်မိုးမိုးအေး(ဆေးရိုးပင်အုတ်လုပ်ငန်း) မိသားစုက ဘက်စုံမွမ်းမံပြုပြင်ပူဇော်မှုများကို ပြုလုပ်လျက်ရှိသည်။

အံ့ဖွယ်ထူးခြား သက်တမ်းရှည် ဆေးရိုးပင်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် နှောကုန်းကျေးရွာ ဦးအောင်ထွန်း၏ အစ်မကြီးဒေါ်ဖွားစိန်၏ ခြံအတွင်း နှစ် ၁၀၀ ကျော်တည်ရှိခဲ့သော ဆေးရိုးပင်(ခ)အုန္နပင်ကြီးဖြစ်သည်။ အဆိုပါ ဆေးရိုးပင်ကြီးအောက်တွင် ဦးအောင်ထွန်း(ခ)သဲအင်းဂူဆရာတော် တရားအားထုတ်ခဲ့ရာ တရားထူးတရားမြတ်ရရှိခဲ့သည့်နေရာထူးခြားသောရှေးဟောင်းနှစ်ရှည်ဆေးရိုးပင်ကြီးဖြစ်သည်။

ပြုပြင်ထိန်းသိမ်းခဲ့

ဆေးရိုးပင်ကြီးမှာ အသက်အရွယ်ကြီးရင့်လာပြီး ပြိုလဲလုနီးနီးဖြစ်ခဲ့သည်တွင် ဆေးရိုးပင်ကြီး မပြိုလဲမပျက်စီးရေးအတွက် တညင်းကုန်း(အင်းစိန်မြို့)ရှိ ဆေးရိုးပင်အုတ်လုပ်ငန်းမှ ဦးဆန်းနိုင်-ဒေါ်မိုးမိုးအေး မိသားစုက ပြုပြင်ထိန်းသိမ်းခဲ့သည်။ မိုးဒဏ်၊ လေဒဏ်ခံနိုင်စေရန် ဆေးရိုးပင်ကြီးကို သံတိုင်ထောက်များနှင့်စနစ်တကျထောက်၍ ဆေးရိုးပင်ကြီးကို နှစ်ရှည်တည်တံ့ရှင်သန်ခိုင်မြဲစွာထိန်းသိမ်းထားနိုင်ရေးအတွက် ပြုပြင်တည်ဆောက်ထားခဲ့သော အောက်ခြေတွင် မဂ္ဂင်(၈)ပါးအခြေခံသည့် ရှစ်ထောင့်ပုံ သာသနာ့ပလ္လင်တော်နှင့်သဲအင်းဂူဆရာတော်ကြီး လူ့ဘဝဦးအောင်ထွန်း ခန္ဓာကိုယ်တွေ့တရားအားထုတ်ပုံတော်ထုလုပ်ပူဇော်ထားသည်ကိုကြည်ညိုစွာပူဇော်ခွင့်ရရှိကြသည်။ သဲအင်းဂူ ဆရာတော်အလောင်းအလျာ ဦးအောင်ထွန်းအဖို့ အတိတ်ကောင်းနိမိတ်ကောင်းဖွင့်ဆိုရန် အကြောင်းခံသည့် ရှေးနှစ် ၁၀၀ ကျော်က ထူးခြားသော ဆေးရိုးပင်ဖြစ်ခဲ့သည်။

ဆေးရိုးပင်ကြီးကို အမှီပြု၍ ထူးခြားအံ့ဖွယ်နှစ် ၁၀၀ ကျော်ရှိ ဆေးရိုးပင်တွင် ဦးအောင်ထွန်း(ခ) သဲအင်းဂူဆရာတော်၊ တရားထူးများရတော်မူကာ ဘဒ္ဒန္တဥက္ကဋ္ဌ မထေရ်သူမြတ်ဖြစ်ပြီး ၁၉၆၁ ခုနှစ် မေလ ၂၀ ရက်တွင် စတုတ္ထတရားထူးအရဟတ္တမဂ်ကိုရရှိ ရဟန္တာဖြစ်တော်မူသည်။

နိုင်ဝင်း

နွားလှည်းတိမ်းမှောက်ပိမိ၍ တစ်ဦးသေဆုံး

နေပြည်တော် နိုဝင်ဘာ ၂

အောက်တိုဘာ ၂၈ ရက်က မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ဝါးကြီးအိုင်ကျေးရွာတိုက်နယ်ဆေးရုံ၌ လှည်းမှောက်၍ သေဆုံးသောလူနာတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ ဝါးကြီးအိုင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ မြို့သစ်မြို့နယ် ဝါးကြီးအိုင်ကျေးရွာနေ ဦးမောင်ဆန်း (၆၆ နှစ်)နှင့် ၎င်း၏ သမီးဖြစ်သူ မအေးယုခိုင်တို့သည် အောက်တိုဘာ ၂၈ ရက်က ရွာ၏ အနောက်ဘက်တစ်မိုင်ခန့်အကွာရှိ ၎င်းတို့၏ ယာခင်းမှ နွားစာပြောင်းပင်များရိတ်ရန် နွားလှည်းဖြင့်ထွက်ခွာခဲ့ကြောင်း၊ မအေးယုခိုင်သည်ယာခင်းအတွင်း နွားစာရိတ်နေစဉ် ဖခင်ဖြစ်သူ၏ အော်သံကြားသဖြင့် သွားရောက်ကြည့်ရှုရာ ဦးမောင်ဆန်းမှာ ရိတ်သိမ်းပြီးသော နွားစာထုံးကို လှည်းပေါ်တင်ရန်အတွက် နွားလှည်းကို ရှစ်ပေခန့်မြင့်သည့် ချောင်းဘေးကမ်းပါးယံမှ ယာခင်းထဲသို့ မောင်းနှင်ဆင်းသက်စဉ် လှည်းတိမ်းမှောက်ကာ ခန္ဓာကိုယ်ပေါ်သို့ လှည်းပိမိပြီး ဒဏ်ရာများရရှိသဖြင့် ဝါးကြီးအိုင် တိုက်နယ်ဆေးရုံသို့ သွားရောက်ပို့ဆောင်စဉ် လမ်း၌ သေဆုံးသွားခဲ့ကြောင်း သိရပြီး ဝါးကြီးအိုင်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုရဲ

မီဒီယာများကျေးဇူးကြောင့် လယ်သမားကြီးများ ရိတ်သိမ်းပြီးစပါး အပျက်အစီးနည်းပါး

ဖြူး နိုဝင်ဘာ ၂

ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်း ဖြူးမြို့နယ်တွင် အချိန်အခါမဲ့မိုးများ အောက်တိုဘာ ၂၆ ရက်မှ ၂၉ ရက်အထိ နေ့စဉ်ရက်ဆက် ရွာသွန်းမှုများရှိခဲ့သော်လည်း ရိတ်သိမ်းပြီးသက်ငယ်စပါးများ ပျက်စီးဆုံးရှုံးမှုမရှိသလောက်နည်းပါးခဲ့သည်။

၂၀၁၃ ခုနှစ် မိုးရာသီတွင် ဖြူးမြို့နယ် ကျေးရွာအုပ်စု ၆၂ အုပ်စုတို့မှ လယ်သမားကြီးများအနေဖြင့် မိုးစပါးစိုက်ဧကများကို သတ်မှတ်လျာထားချက်အတိုင်း စိုက်ဧက ၁၅၃၄၂၆ ဧကကို အပြည့်အဝ စိုက်ပျိုးခဲ့ကြရာ မိုးဦးတွင် (မိုးခေါင်)မိုးမရွာသလောက်နည်းပါးခဲ့သော်လည်း မိုးလယ်၊ မိုးနှောင်း မိုးရွာသွန်းအားကောင်းခဲ့သဖြင့် မိုးစပါးစိုက်ခင်းများသည် ရာခိုင်နှုန်းပြည့်ဖြစ်ထွန်းအောင်မြင်ခဲ့သည်။

ယခုအချိန်တွင် သက်ငယ်မျိုးစပါးများဖြစ်ကြသည့် ပုလဲသွယ်သုခ(၁)၊ ဆင်းသုခစပါး စိုက်ခင်းများသည် ရင့်မှည့်နေကြပြီဖြစ်၍ ရိတ်သိမ်းနေကြစဉ် အချိန်အခါမဲ့မိုးရွာသွန်းခဲ့သဖြင့် စပါးခင်းရိတ်သိမ်းမှုခေတ္တရပ်ဆိုင်းထားခဲ့ကြရပြီး လယ်သမားကြီးများစပါးရိတ်သိမ်းနေကြစဉ် အခါမဲ့မိုးရွာသွန်းခဲ့သော်လည်း ကျေးလက်နေလယ်သမားကြီးများသည် ယခင်နှင့်နှိုင်းယှဉ်လျှင် ယခုအခါ ခေတ်မီတိုးတက်နေကြပြီဖြစ်၍ ယနေ့ပြည်သူ့ဝန်ဆောင်မှုသတင်းမီဒီယာများဖြစ်ကြသည့် နေ့စဉ်ထုတ်သတင်းစာများ၊ ရေဒီယို၊ ရုပ်မြင်သံကြားများမှနေ့စဉ်ဖော်ပြပေးနေသော မိုးလေဝသသတင်းများနှင့်လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ သတိပေးကြေညာချက်များကို အချိန်နှင့်တစ်ပြေးညီဖတ်မှတ်၊ ကြည့်ရှုလေ့လာသိရှိနေကြရသည့်အတွက် ရိတ်သိမ်းပြီးစပါးများ ပျက်စီးဆုံးရှုံးမှုမရှိသလောက်နည်းပါးခဲ့ကြောင်း၊ သတင်းမီဒီယာများ၏ ကျေးဇူးကြောင့်ဖြစ်ကြောင်း လယ်သမားကြီးတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ဖြူးမြင့်ဦး

စိတ်ကြွရူးသွပ်ဆေးပြား ၁၈၄ ပြားနှင့် ဘိန်းဖြူဆပ်ပြာခွက် သုံးခွက် ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂

ရှမ်းပြည်နယ် အမှတ် (၂၂)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မူဆယ်)မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီခွဲက မူဆယ်မြို့အထွက် အေးရှားဝေါလ်တိုးဂိတ်တွင် နမ့်အွန်ကျေးရွာမှ မူဆယ်ဘက်သို့ ကွတ်ခိုင်မြို့နယ် မန်ကျယ်ကျေးရွာနေ နောင်ဒီး (၂၃ နှစ်) မောင်းနှင်ပြီး မူဆယ်မြို့နယ် နမ့်အွန်ကျေးရွာနေ အိုက်မြင့် (၁၈နှစ်) နောက်ထိုင်လိုက်ပါလာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ ဆိုင်ကယ်ကာဗာအတွင်း သို၀ှက်သယ်ဆောင်လာသည့် ဘိန်းဖြူဆပ်ပြာခွက်သုံးခွက်၊ အလေးချိန် ၃၆ ဂရမ် တန်ဖိုးငွေကျပ် ၇၂၀၀၀၀၊ 88 နှင့် 1 စာတန်းပါ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၈၄ ပြား၊ တန်ဖိုးငွေကျပ် ၃၆၈၀၀၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးချက်အရ အဆိုပါ မူးယစ်ဆေးဝါးများကို မူဆယ်မြို့ စွမ်စော်ရပ်ကွက်တွင် စောင့်ဆိုင်းသူ စိုင်းယီဆိုင်ထံသို့ ပို့ဆောင်ရန် သယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် သွားရောက်ဖမ်းဆီးရာ မူဆယ်မြို့နယ် စယ်လန့်ကျေးရွာနေ စိုင်းယီဆိုင် (၂၆နှစ်)ကို ဖမ်းဆီးရမိခဲ့သဖြင့် နောင်ဒီး၊ အိုက်မြင့်နှင့်စိုင်းယီဆိုင်တို့သုံးဦးကို မူဆယ်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်းပွဲကျင်းပ

မြစ်ကြီးနား နိုဝင်ဘာ ၂

မြစ်ကြီးနားမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ မြို့နယ်အတွင်း ၂၀၁၃-၂၀၁၄ ခုနှစ် မိုးစပါးရာသီတွင် ပုလဲသွယ်စပ်မျိုးစပါးစံပြကွက် ဧက၃၀စိုက်ပျိုးပြသခဲ့ပြီး နောင်နန်းကျေးရွာအုပ်စု၊ နောင်နန်းကျေးရွာရှိ စံပြစိုက်ကွက် ၁၀ဧက ရိတ်သိမ်းပွဲ အခမ်းအနားကို အောက်တိုဘာ ၃၁ ရက်နံနက်၉နာရီက တောင်သူဦးယာဝူတား၏လယ်မြေရှိ အထူးအထွက်တိုးပုလဲသွယ်စပ်မျိုးစပါးစံပြကွက်၌ ကျင်းပသည်။ ရှေးဦးစွာ ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးဘီထောဇောင်းက ယနေ့အချိန်တွင် နိုင်ငံတော်အနေဖြင့်လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားပေးဆောင်ရွက်နေချိန်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အပိုင်းက တွန်းအားပေးဆောင်ရွက်နေသကဲ့သို့တောင်သူများဘက်ကလည်း မျက်စိဖွင့်နားစွင့်၍ အတူတကွတက်ညီလက်ညီလိုက်ပါဆောင်ရွက်မှသာ တောင်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်းပြောကြားခဲ့သည်။ဆက်လက်၍စံကွက်ရိတ်သိမ်းခြင်းကို တာဝန်ရှိသူများက ရိတ်သိမ်းဆောင်ရွက်ပြသခဲ့ကြရာ တစ်ဧကပျမ်းမျှအထွက်၁၃၈ တင်းနှုန်းထွက်ရှိပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ စုစုပေါင်း ၇၀ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။

မိုးယံကျ(မြစ်ကြီးနား)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးစီမံကိန်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန ၂၀၁၄ ခုနှစ်အတွက် ကျန်းမာရေးသတင်းအချက်အလက်များကောက်ယူမည့် ပြည်သူ့ကျန်းမာရေးစာရင်းအင်းပုံစံ၊ ဆေးရုံးလချုပ်ပုံစံနှင့် ပြင်ပလူနာရောဂါစာရင်းပုံစံ (၁၅)မျိုးကို ပုံနှိပ်ခြင်း၊ စာအုပ်ချုပ်လုပ်ခြင်းနှင့် အဆိုပါပုံစံများအား တိုင်းဒေသကြီး၊ ပြည်နယ်ကျန်းမာရေးစီမံကိန်းဦးစီးဌာနများသို့ ပေးပို့ခြင်းလုပ်ငန်းအတွက်အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပုံနှိပ်ခြင်းနှင့် စာအုပ်ချုပ်ခြင်းလုပ်ငန်း အသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်တွင် ရုံးချိန်အတွင်းလူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၃၁၀၇၀သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် ပုံစံ(၁၅)မျိုးပုံနှိပ်ခြင်း၊ စာအုပ်ချုပ်ခြင်းလုပ်ငန်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ကျန်းမာရေးစီမံကိန်းဦးစီးဌာနများသို့ ပို့ဆောင်ခြင်းလုပ်ငန်းများအတွက် ဈေးနှုန်းတင်သွင်းလွှာ-

စတင်ရောင်းချမည့်ရက် - ၆-၁၁-၂၀၁၃ ရက် နံနက် ၉း၃၀ နာရီ

၄။ **အိတ်ဖွင့်တင်ဒါပိတ်ရက်** - ၁၉-၁၁-၂၀၁၃ ရက် ညနေ ၁၆း၀၀ နာရီ

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ အဆောက်အအုံများ အသစ်ဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ၃၂ ခုအား ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားပိုင်ဆိုင်သော ဆောက်လုပ်ရေးလိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၈-၁၁-၂၀၁၃ ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် စတင်ရောင်းချမည်ဖြစ်ပြီး ၇-၁၂-၂၀၁၃ ရက် (သောကြာနေ့) တွင် အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို လက်ခံသွားမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းမျဉ်းစည်းကမ်း အသေးစိတ်နှင့်ပတ်သက်၍လည်းကောင်း၊ ဆောက်လုပ်မည့် အဆောက်အအုံများ၏ ဗိသုကာပုံစံနှင့် ဆောင်ရွက်မည့်အတိုင်းအတာ၊ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍လည်းကောင်း လိုအပ်သောအိတ်ဖွင့်တင်ဒါပုံစံများအား ရုံးချိန်အတွင်း နေပြည်တော်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန(ရုံးအမှတ်-၄)၊ ဆောက်လုပ်ရေးဌာနစိတ်တွင် လူကိုယ်တိုင်လာရောက်၍ဖြစ်စေ တယ်လီဖုန်းအမှတ်-၀၆၇-၄၁၁၅၁၁သို့ ဆက်သွယ်၍ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်

သမဝါယမဝန်ကြီးဌာန
ရုံးသုံး/လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ သမဝါယမဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/လုပ်ငန်းနှင့် တက္ကသိုလ်/ကောလိပ်များတွင် အသုံးပြုရန် အောက်ဖော်ပြပါရုံးသုံး/လုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်-

(က)	Computer (ကွန်ပျူတာ)	၄၆ လုံး
(ခ)	UPS	၄၆ လုံး
(ဂ)	Printer (ပရင်တာ)	၈ လုံး
(ဃ)	Laptop (ကွန်ပျူတာ)	၄ လုံး
(င)	မိတ္တူကူးစက်	၁၂ လုံး
(စ)	Aircon(SPlit)	၂၁ လုံး
(ဆ)	ဓာတ်ခွဲခန်းသုံးပစ္စည်း	၂ မျိုး
(ဇ)	ရုံးသုံးပရိဘောဂ ပစ္စည်းများ	၅၄ မျိုး
(ဈ)	စက်ရုံ၊ အလုပ်ရုံသုံးပစ္စည်းများ	၁ မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၁၁-၂၀၁၃ရက်မှ ၁၅-၁၁-၂၀၁၃ရက်အထိ နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ရုံးဖွင့်ရက်အတွင်း သမဝါယမဝန်ကြီးဌာန၊ ရုံးအမှတ်(၁၆)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၁၁-၂၀၁၃ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း သမဝါယမဝန်ကြီးဌာန၊ ရုံးအမှတ်(၁၆)နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်-

လုပ်ငန်းသုံးနှင့်စက်ပစ္စည်းကိရိယာများဝယ်ယူရေးအဖွဲ့
သမဝါယမဝန်ကြီးဌာန
ရုံးအမှတ်(၁၆)၊ နေပြည်တော်
ဖုန်း-၄၁၀၀၃၁၊ ၄၁၀၄၅၉

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ သာကေတဓာတ်အားပေးစက်ရုံအတွက် လိုအပ်သော 33KVCT ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၄-၁၁-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက် - ၃-၁၂-၂၀၁၃ ရက်

တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ပြည်တွင်းသတင်းနှင့်ဖော်ပြ

လူသတ်မှုကျူးလွန်သူကို နာရီပိုင်းအတွင်း ရဲတပ်ဖွဲ့ကဖမ်းဆီး

ညောင်လေးပင် နိုဝင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဝါးပတောကျေးရွာအုပ်စု အရှေ့ဇီးကန်ကျေးရွာနေ ဦးမှုံ၏နေအိမ်နောက်ဖေးတွင် လူတစ်ဦးအော်သံကြားနေရ၍ ကျေးရွာအုပ်ချုပ်ရေးမှူးဦးမောင်ကြိုင်အား အကြောင်းကြားပြီး သွားရောက်ကြည့်ရှုရာ တစ်ရွာတည်းနေ မောင်ဝမ်း(၃၂နှစ်)တွင် ယာဘက်ရင်အုံထိုးသွင်းဒဏ်ရာ နှစ်ချက်၊ ဝဲဘက်ရင်အုံတွင် ပြတ်ရှဒဏ်ရာ တစ်ချက် ရရှိထားသဖြင့် ညောင်လေးပင်ဆေးရုံသို့ပို့ဆောင်စဉ် ငှက်ပျောတောကျေးရွာအရောက် အောက်တိုဘာ ၃၀ ရက် နံနက် ၃ နာရီခွဲက သေဆုံးသွားခဲ့သဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးဦးမောင်ကြိုင်က လူသတ်မှုကျူးလွန်သူကို ဥပဒေအရ အရေးယူပေးပါရန် မြို့မရဲစခန်းသို့ တိုင်တန်းပြီး သေဆုံးသူကို ညောင်လေးပင်ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

ဖြစ်ပွားပုံမှာ သေဆုံးသူမောင်ဝမ်းနှင့် ဇနီးဖြစ်သူ ချစ်စုမ (၁၈ နှစ်)တို့သည် မကြာခဏစကားများပြီး မောင်ဝမ်းကရိုက်နှက်လေ့ရှိကြောင်း၊ ယင်းသို့ ရိုက်နှက်ခြင်းမပြုရန် မချစ်စုမ၏အစ်ကိုဝမ်းကွဲတော်စပ်သူ ကျောက်တံခါးမြို့ ဘွဲ့ကျင်ကျေးရွာနေ ချစ်ကို (၃၂ နှစ်)က မကြာခဏပြောဆိုလေ့ရှိခဲ့ကြောင်း အောက်တိုဘာ ၂၉ ရက်က အရှေ့ဇီးကန်ရွာသို့ ချစ်ကိုရောက်ရှိနေခိုက် မောင်ဝမ်းနှင့်ချစ်စုမတို့ စကားများရန်ဖြစ်ရိုက်နှက်နေသည်ကို တွေ့ရပြီး ယင်းသို့မပြုရန် ထပ်မံပြောဆိုခဲ့ကြောင်း၊ ထို့နောက် ချစ်ကိုက ကျောက်တံခါးမြို့သို့ ပြန်ရန်ထွက်လာစဉ် မောင်ဝမ်းက အရှေ့ဇီးကန်ရွာ မြောက်ဘက်ရွာလမ်းတွင် စောင့်ဆိုင်းနေပြီး ချစ်ကိုနှင့်တွေ့ဆုံစကားများ ကြစဉ် အသင့်ပါလာသော ဓားဖြင့် ချစ်ကိုအားထိုးခဲ့ကြောင်း ချစ်ကိုက အဆိုပါဓားကိုလုကာ မောင်ဝမ်းကို ပြန်လည်ထိုးပြီး ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

သို့ပါ၍ ထိုအမှုကို ညောင်လေးပင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူပြီး လူသတ်မှုကျူးလွန်သူကို စခန်းမှူးဒုရဲမှူးသက်လွင်၊ နယ်ထိန်းခေါင်းဆောင်ရဲအုပ် ဝင်းထွဋ်အောင်နှင့်တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများက စွမ်းစွမ်းတမံလိုက်လံရှာဖွေရာ လူသတ်မှုကျူးလွန်သူ ချစ်ကိုအား အောက်တိုဘာ ၃၀ ရက် နံနက် ၇ နာရီခွဲတွင် ကျောက်တံခါးမြို့ ဘွဲ့ကျင်ကျေးရွာနေ ၎င်း၏ အစ်မမခိုင်ဦး၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့သဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ဖုန်းဖြင့် ဆက်သွယ်၍ ငွေလိမ်လည်မှု ညောင်လေးပင်မြို့၌ ဖြစ်ပွား

ညောင်လေးပင် နိုဝင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ (၅) ရပ်ကွက် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးအား ကံစမ်းမဲပေါက်သည်ဟု ဖုန်းဆက်ကာ ငွေတောင်းခံခဲ့သဖြင့် ငွေ ၂၁သိန်း လိမ်လည်ခံရမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၅ ရက် နံနက်က ဖုန်းဖြင့် ညောင်လေးပင်မြို့ သစ်တောဦးစီးဌာနမှ စာရင်းကိုင် (၃) ဒေါ်ခင်အုန်းသန်း လက်ကိုင်ဖုန်းထံသို့ ဖုန်းဆက်သွယ်ခဲ့ပြီး ဖုန်းဆက်သွယ်သူမှာ အမည်ပြောကြားခြင်းမရှိဘဲ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဆက်သွယ်ရေးဝန်ကြီး၏ PSO ဖြစ်ကြောင်း ပြောကြားသည်။ ၎င်းကဒေါ်ခင်အုန်းသန်းအားဆက်လက်ပြောကြားသည်မှာ ငွေကျပ် နှစ်သိန်းတန်ဖုန်းများကို ကံစမ်းမဲဖောက်ပေးရာမြန်မာပြည်တွင် သုံးဦးသာပေါက်ကြောင်း၊ ၎င်းကံထူးရှင် သုံးဦးထဲတွင် ထူးထူးခြားခြား ဒေါ်ခင်အုန်းသန်း ပါဝင်နေသဖြင့် ဖုန်းဆက်အကြောင်းကြားရခြင်း ဖြစ်ကြောင်း၊ ကံစမ်းမဲပေါက်သည့်အတွက် ကံစမ်းမဲပေါက်ငွေမှာ ကျပ်သိန်း ၁၁၀၀ ဖြစ်ကြောင်း၊ ယင်းကံစမ်းမဲပေါက်ငွေများကို အမြတ်ခွန်ပေးဆောင်ပြီးမှ သာရရှိမည်ဖြစ်ကြောင်းဖြင့် အမြတ်ခွန်ပေးဆောင်ရန်အတွက် လတ်တလော ငွေကျပ် ၂၁ သိန်းကို ရန်ကုန်မြို့ မင်္ဂလာဈေးရှိ CB ဘဏ်သို့ ဦးချမ်းမြေ့ဦး မှတ်ပုံတင်အမှတ် ၁၄/ဝခမ(နိုင်) အမည်သို့ လွှဲပြောင်းပေးရန်ပြောဆိုခဲ့သည်။ သို့ပါ၍ ဒေါ်ခင်အုန်းသန်းသည် အောက်တိုဘာ ၂၅ ရက် ၁၂ နာရီ ၄၅ မိနစ်တွင် ညောင်လေးပင်မြို့ CBဘဏ်မှ ရန်ကုန်မြို့ မင်္ဂလာဈေး CB ဘဏ်ခွဲသို့ ချက်ချင်းငွေလွှဲပေးလိုက်သည်။ ထိုသို့ ငွေလွှဲပေးပြီး မွန်းလွဲ ၂ နာရီ မိနစ်၃၀တွင် ညောင်လေးပင် CB ဘဏ်မှ ရန်ကုန် CB ဘဏ်သို့ မေးကြည့်ရာ ငွေလွှဲသူ လာရောက်ထုတ်ယူသွားသည်ကိုသိရပြီးနောက် ဒေါ်ခင်အုန်းသန်းအား ဝန်ကြီး PSO ပထမဆက်သွယ်သောဖုန်းကို ပြန်လည်ဆက်သွယ်ရာ အကြိမ်ကြိမ်ခေါ်ဆိုသော်လည်း ဘက်ပိတ်သည်အထိ ခေါ်ဆို၍မရကြောင်း ကြုံတွေ့ခဲ့ရသည်။ သို့ပါ၍ ဒေါ်ခင်အုန်းသန်းသည် ၎င်း၏ငွေများ လိမ်လည်သွားကြောင်း ညောင်လေးပင်မြို့မရဲစခန်းသို့ အောက်တိုဘာ ၂၇ ရက် နံနက် ၁၁ နာရီခွဲက လာရောက်တိုင်ကြားခဲ့သဖြင့် ညောင်လေးပင် ရဲစခန်းက ဦးချမ်းမြေ့ဦးအပေါ် အမှုဖွင့်ကာ ဒုရဲအုပ်ကြည်လွင်က လက်ခံစစ်ဆေးပြီး ငွေလိမ်လည်သူကို စုံစမ်းဖော်ထုတ် ဖမ်းဆီးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ဝန်းသိုမြို့နယ် ဆင်ကုန်းရွာအနီး မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ဝန်းသို နိုဝင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် နန်းခန်းရဲစခန်းမှူး ဒုရဲအုပ်အေးလှိုင်နှင့်အဖွဲ့သည် အောက်တိုဘာ ၂၈ ရက် ညနေ ၅ နာရီက သက်သေများနှင့်အတူ ဝန်းသိုမြို့နယ် တပ်လွင်ကျေးရွာအုပ်စု ဆင်ကုန်းရွာမြောက်ဘက်တွင် အင်ကြင်းပင်ခင်းတောလမ်းအတွင်း၌ မူးယစ်ဆေးဝါးသတင်းအရသွားရောက်စဉ် လူတစ်ဦးကိုတွေ့ရှိ၍ စစ်ဆေးရှာဖွေရာ ကွက်စိတ်ပုဆိုးအဟောင်းတစ်ထည်၊ အနီရောင်လက်ဆွဲအိတ်အတွင်းမှ ဘိန်းဖြူ ၂၅ ဒသမ ၂၄ ဂရမ်ခန့် တန်ဖိုးငွေကျပ် ၂၅၂၄၀၀၀ တွေ့ရှိခဲ့သည်။ မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူ ကျော်ထွန်း (၃၆ နှစ်) မိုးမိတ်မြို့နယ်နေသူကို ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

လှအောင်(ကသာ)

ချောင်းရေတိုက်စားမှုကြောင့်

သဘာဝဓာတ်ငွေ့ပိုက်လိုင်းပြတ်၍မီးလောင်

နေပြည်တော် နိုဝင်ဘာ ၂

အောက်တိုဘာ ၂၉ ရက် နံနက် ၃ နာရီခွဲက မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကျောက်ဆည်ကျေးရွာ၏ အရှေ့ဘက် ကိုက် ၄၀၀ ခန့် အကွာရှိ ဘွက်ကြီးချောင်းအတွင်း ဖြတ်သန်းသွယ်တန်းထားသော ပြည်-ဆားခါး သဘာဝဓာတ်ငွေ့ ၁၄ လက်မပိုက်လိုင်းသည် ချောင်းရေတိုက်စားမှုကြောင့် အနောက်ဘက်ကမ်းပါးထိပ်တစ်နေရာနှင့်ချောင်းအလယ်တစ်နေရာတို့တွင် ပိုက်ပြတ်သွားပြီး အနောက်ဘက်ကမ်းပါးထိပ်နေရာမှ မီးတောက်လောင်မှုဖြစ်ပွားခဲ့သည်။ အခင်းဖြစ်နေရာသို့ တီတွတ် MOGE မှ ဝန်ထမ်းများ ရောက်ရှိလာကာ သဘာဝဓာတ်ငွေ့ပို့လွှတ်မှုကို ခေတ္တရပ်တန့်ခဲ့သဖြင့် နံနက် ၈ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် လူ/တိရစ္ဆာန်နှင့်နေအိမ်အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုမရှိဘဲ ကျောက်ဆည်ကျေးရွာမှ ဦးမင်းလွင်၏ ပဲတီစိမ်း/မြေပဲခင်းပါ ၄ ဒသမ ၅၈ဧက မီးလောင်ပျက်စီးခဲ့သည်။ အဆိုပါ မီးလောင်ကျွမ်းရာနေရာသို့ အောင်လံမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ၊ ပြလို့ရဲကင်းရဲစခန်းမှတပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိပြီး ပြည်မြို့ MOGE ဌာနမှ ဝန်ထမ်းများက ဂက်စ်ပိုက်လိုင်းကို ပြုပြင်ခဲ့ရာ ချောင်းရေအရှိန်ပြင်းစွာစီးဆင်းနေသဖြင့် ပြုပြင်၍မရဘဲ ချောင်းရေစီး လျော့ကျမှသာ ဆက်လက်ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုရဲ

နေပြည်တော်မီးသတ်ဦးစီးဌာနတွင် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးသင်တန်းဆင်း

နေပြည်တော် နိုဝင်ဘာ ၂

နေပြည်တော်မီးသတ်ဦးစီးဌာန ဗဟိုမီးသတ်တပ်ဖွဲ့စခန်း စစ်ရေးပြကွင်း၌ ရှာဖွေရေးနှင့်ကယ်ဆယ်ရေး(၁/၂၀၁၃) သင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီက ကျင်းပရာ နေပြည်တော်မီးသတ်တပ်ဖွဲ့စခန်းအသီးသီးမှ သင်တန်းသားနှင့် မီးသတ်တပ်ဖွဲ့ဝင်စုစုပေါင်း ၁၂၀ တက်ရောက်ခဲ့ပြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော်က သင်တန်းဆင်းအမှာစကားပြောကြား၍ ရှာဖွေရေးနှင့်ကယ်ဆယ်ရေးသင်တန်းဆင်းတပ်ဖွဲ့ဝင်များက အသက်ကယ်နည်းစနစ်များကိုသရုပ်ပြသခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)** **(မီးသတ်ဦးစီး)**

သတိ ပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။

၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။

၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Power Extin guisher) ဓာတုဗေဒပေါင်းဒါမှုန့်ခြောက်မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

မီးသတ်ဦးစီးဌာန

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
အမှတ် (၁)ဆေးဝါးစက်ရုံ(ရန်ကုန်)
အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးထုတ်လုပ်ရေးဌာနခွဲအား
GMP နှင့်အညီ မွမ်းမံခြင်းလုပ်ငန်းများအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁) ဆေးဝါးစက်ရုံ (ရန်ကုန်)၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး ထုတ်လုပ်ရေးဌာနခွဲ၏ ကုန်ထုတ်အဆောက်အအုံအား GMP နှင့်အညီ မွမ်းမံခြင်းလုပ်ငန်းများ အတွက် ဆေးဝါးစက်ရုံတည်ဆောက်ရေး လုပ်ငန်းအတွေ့အကြုံရှိသော ကုမ္ပဏီများမှ အိတ်ဖွင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၅-၁၁-၂၀၁၃ ရက်(အင်္ဂါနေ့) (ရုံးချိန်)

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၁၁-၂၀၁၃ ရက် (တနင်္လာနေ့) ညနေ ၄:၀၀ နာရီ

(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ဒုတိယဝန်ကြီးရုံးခန်း၊ ရုံးအမှတ်(၃၇) စက်မှုဝန်ကြီးဌာန

၂။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်းရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက စုံစမ်းနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၃၇၀၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆၊ ၄၀၈၁၉၅၊ ၀၁-၆၄၆၂၇၄၊ ၀၁-၆၃၉၅၁၅

ဖခင်အမည်မှန်

ကျိုက္ကရော်မြို့နယ် တွဲဖက် အထက ဖာသိမ် တတိယတန်းမှ နန်းရွှေရီဝင့်အေး ၏ဖခင်အမည်မှန်မှာ ဦးစောရီဝင်း ၁၀/ကမရ(နိုင်) ၀၈၇၄၇၉ ဖြစ်ကြောင်း။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၂/၂၀၁၃)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ကြီးကြပ်မှုအောက်မှ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီးများ (ဓနိတော/ပဋ္ဌနဂိုရ်/မန္တလေး/ချောက်)နှင့် သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲများ (မော်လမြိုင်/ပုသိမ်/ရွှေညောင်/ပျဉ်းမနား/ကျိုင်းတုံ/လားရှိုး/ပြည်/စစ်တွေ/သံတွဲ/မြိတ်/ထားဝယ်/မင်္ဂလာဒုံလေယာဉ်ဆိပ်)တို့ရှိ အသုံးမပြုတော့သည့် တာယာအဟောင်း ၅၂၇၄လုံးနှင့် ဘက်ထရီအဟောင်း ၁၁၅၀လုံးအား မျက်မြင်အခြေအနေအတိုင်း နေရာဌာနအသီးသီးအလိုက် ရောင်းချမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါများကို ၃-၁၂-၂၀၁၃ရက် ၁၂:၀၀နာရီ နောက်ဆုံးထား၍ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၁၁-၂၀၁၃ရက်မှစတင်၍ ပစ္စည်းတည်ရှိရာဌာနများနှင့် ဤရုံးဌာနတွင် ဝယ်ယူရရှိနိုင်ပြီး အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၄၈၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စီမံရေးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊
စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီးတွင် လာရောက်ကုသသော လူနာများအားကုသပေးရန် လိုအပ်သောဆေးဝါးများ (FDA အသိအမှတ်ပြု)ကို ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၄-၁၁-၂၀၁၃ ရက် (တနင်္လာနေ့)

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃-၁၂-၂၀၁၃ ရက် (အင်္ဂါနေ့) ညနေ ၄:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေးပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် နေ့စဉ် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ရန်ကုန်ပြည်သူ့ဆေးရုံကြီး
လသာမြို့နယ်၊ ရန်ကုန်မြို့

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန-ဘားအံမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ

(က) ခုတင် ၁၀၀ ဆေးရုံသုံးရုံအတွက် လိုအပ်သောဆေးဝါးပစ္စည်းများ

(ခ) ၅၀နှင့် ၂၅ ခုတင် လေးရုံအတွက် လိုအပ်သောဆေးဝါးပစ္စည်းများ

(ဂ) တိုက်နယ်ဆေးရုံ ၂၀ ရုံအတွက် လိုအပ်သောဆေးဝါးပစ္စည်းများ

(ဃ) ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများအတွက် လိုအပ်သောဆေးဝါးပစ္စည်းများကို ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးဝါးကုမ္ပဏီများထံမှ တင်ဒါခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက် ၄-၁၁-၂၀၁၃ ရက် (တနင်္လာနေ့) မှစ၍ ရုံးချိန်

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်နှင့်အချိန် ၁၅-၁၁-၂၀၁၃ရက် (သောကြာနေ့) ညနေ ၁၆:၀၀နာရီ။

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်းအသေးစိတ်သိရှိလိုပါက ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန ဘားအံမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၅၈-၂၁၂၃၆သို့ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ

တာချီလိတ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ငွေကျပ် ၃နှစ်သိန်းဖိုး ခန့် သိမ်းဆည်းရမိ

တာချီလိတ် နိုဝင်ဘာ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဟောင်လိတ်အုပ်စု လွယ်စတုံ(အထက်)ရွာ၌ WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၄၄ ပြား၊ ကာလတန်ဖိုး ငွေကျပ် ၆၈၈၀၀၀ ခန့်ကို အောက်တိုဘာ ၂၉ ရက် ညနေ ၅ နာရီခွဲက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ရှာဖွေတွေ့ရှိ

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ရဲအုပ်မြင့်နိုင်ဦး ဦးစီးအဖွဲ့၊ တာချီလိတ်မြို့မရဲစခန်းမှ နယ်ထိန်း တပ်ကြပ် ညီလှအောင်၊ စရဖ (တာချီလိတ်) စု-၂မှ ဒုတပ်ကြပ်သိန်းဇော်ဦးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့ ဟောင်လိတ်အုပ်စု လွယ်စတုံ (အထက်)ရွာ၊ အမှတ်-လစတ(ပ)၉နေအားကျူ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိမ်ရှင် အားကျူနှင့် ဒေါ်မီဂွန်တို့ကို နေအိမ်တွင် အသင့်တွေ့ရှိရပြီး နေအိမ်အိပ်ခန်း အိပ်ရာအောက်မှ အပြာရောင်ပလတ်စတစ်ကပ်ခွာအိပ်ဖြင့်ထည့်လျက် WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ တစ်ထုပ်၊ ဆေးပြား ၁၄၄ ပြား တစ်ထုပ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၃၄၄ ပြား၊ အလေးချိန် ၃၄ ဒသမ ၄ ဂရမ်(စိတ်ကြွရူးသွပ်ဆေးပြား တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့်)ကာလတန်ဖိုးငွေကျပ် ၆၈၈၀၀၀ ခန့် ရှာဖွေတွေ့ရှိရသဖြင့် ရဲအုပ်စိုင်းခမ်းစိုင်းက သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့်ရေးသွင်းသိမ်းဆည်းခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးများနှင့်လက်ဝယ်တွေ့ရှိသူ အားကျူ (၅၅ နှစ်) အမှတ်-လစတ(ပ)၉၊လွယ်စတုံ (အထက်)ရွာ ဟောင်လိတ်အုပ်စု တာချီလိတ်မြို့နယ် နေသူနှင့် မီဂွန် (၅၆ နှစ်) လိပ်စာတူသူတို့နှစ်ဦးကို တာချီလိတ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်းသိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

စိတ်ကြွရူးသွပ်ဆေးပြား၃၉၀၀၀နှင့် လက်နက်ခဲယမ်းများဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂

ရှမ်းပြည်နယ် အမှတ်(၂၂) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မူဆယ်)မှ တပ်ဖွဲ့ဝင်များနှင့် မူဆယ်မြို့နယ် ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါး သတင်းအရ အောက်တိုဘာ ၂၉ ရက် ည ၈ နာရီခွဲက မူဆယ်မြို့ အေးရှားဝေါလ် တိုးဂိတ်အနီးတွင် ကွတ်ခိုင်မှ မူဆယ်သို့ ကွတ်ခိုင်မြို့နယ် လော်ဆီးထန်ရွာနေ အောင်ဝင်း(ခ) လျိုးဖာဟိုက် (၂၇နှစ်)မောင်းနှင်လာသော ၃ဂ/. . . ဟိုင်းလပ်ဆပ်ဖ် ငွေမင်ရောင်ယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ အောင်ဝင်း(ခ) လျိုးဖာဟိုက်၏ခါးကြားမှ ကျည်အသင့်ထိုးထားသော ပစ္စတိုတစ်လက်နှင့် ၎င်းကျည်ခြောက်တောင့်၊ ကျည်ကတ်တစ်ခုနှင့် အပိုဘီးတာယာအတွင်းမှ WY စာတန်းပါ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀၀ တန်ဖိုးငွေကျပ်သိန်း ၇၈၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အောင်ဝင်း(ခ)လျိုးဖာဟိုက်ကိုမူဆယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **ကိုရဲ**

မှုခင်းသတင်းနှင့်ကြော်ငြာ

လောဘဇောကြောင့် ညီမဝမ်းကွဲဖြစ်သူအား ရောင်းစားခဲ့သူကို ဖမ်းဆီး အရေးယူ

နမ့်ခမ်း နိုဝင်ဘာ ၂

နမ့်ခမ်းမြို့နယ်ဖာလင်ကျေးရွာ၌အသက်(၃၀နှစ်)အရွယ်အမျိုးသမီးတစ်ဦးသည် အိမ်ထောင်ကွဲပြီး တရုတ်နိုင်ငံနယ်စပ် ကျေ့ရှန်မြို့ ဟိုယုတ်ကျေးရွာ သစ်ခွပန်းခြံတွင်အလုပ်လုပ်ခဲ့ရာ အဆင်မပြေ၍ ရွာသို့ပြန်လာမည်ပြုစဉ် ထိုအမျိုးသမီး၏အစ်မတစ်ဝမ်းကွဲတော်သူ မအေနွယ်(တရုတ်နိုင်ငံသားနှင့် အိမ်ထောင်ကျနေသူ)က ရွာသို့မပြန်ရန်နှင့်ကူမင်းမြို့ရှိ အချိုရည်စက်ရုံတွင် စရိတ်ငြိမ်းတစ်လ ယွမ် ၁၅၀၀ ရသောအလုပ်ရှိကြောင်း စည်းရုံးပြောဆိုခဲ့သည်။ ထိုအမျိုးသမီးက လစာကောင်းကောင်းဖြင့်အလုပ်ရမည်ဖြစ်၍ လုပ်ကိုင်လိုကြောင်း ၎င်း၏မိဘထံဖုန်းဖြင့်ဆက်သွယ်ပြောဆိုအသိပေးခဲ့ရာ အစ်မဝမ်းကွဲဖြစ်သူ စီစဉ်ပေးသည့်အတွက် စိတ်ချနေခဲ့သည်။ မိခင်ဖြစ်သူက သမီးဖြစ်သူစက်ရုံတွင်အလုပ်လုပ်နေသည်ဟုသာသိရပြီး မည်သည့်အဆက်အသွယ်မှမရဘဲရှိခဲ့ရာ အောက်တိုဘာ ၂၃ ရက်က ၎င်းအမျိုးသမီးသည် တရုတ်နိုင်ငံ ဟဲနန်ပြည်နယ် ရှင်းရန်မြို့ရှိ တရုတ်ယောကျ်ားထံတွင် ဇနီးအဖြစ်ရောင်းစားခံရကြောင်းနှင့် မိမိအားကယ်တင်ပေးပါရန် မိခင်ထံသို့ ဖုန်းဖြင့် အကြောင်းကြားခဲ့သည်။

အောက်တိုဘာ ၂၄ ရက်တွင် ရောင်းစားခံရသောအမျိုးသမီးသည် အစ်မဝမ်းကွဲ၏ကျေ့ရှန်မြို့ ဟိုယုတ်ရွာတွင်ရှိနေစဉ် တရုတ်နိုင်ငံသား ရှမ်းအမျိုးသမီး သုံးဦး၊ အမျိုးသားတစ်ဦးရောက်ရှိလာပြီး ကူမင်းအချိုရည်စက်ရုံသို့ ပို့ပေးမည်ဟုပြောပြီး လာခေါ်ကြောင်း၊ မအေနွယ်က ရွှေလီမြို့အထိ ကားဖြင့်အတူလိုက်ပါပို့ဆောင်ခဲ့သည်။ ကားမူးမည်စိုး၍ အမျိုးသမီးအား ဆေးတိုက်ခဲ့ရာ အိပ်ပျော်သွားခဲ့သည်။ နိုးလာသောအခါ တရုတ်လူမျိုးအားလုံဆိုသူ၏နေအိမ်ကိုရောက်ရှိနေပြီး မအေနွယ်ကို မတွေ့ရတော့ဘဲ အားလုံက အမျိုးသမီးအား ဇနီးအဖြစ်ပေါင်းသင်းရန် ယွမ်ခြောက်သောင်းဖြင့် ဝယ်ယူထားကြောင်း ပြောပြသည်။ ထိုအမျိုးသမီးက လက်ထပ်ပေါင်းသင်းရန် သဘောမတူ၍ နေအိမ်ထဲတွင်ပိတ်လှောင်ထားခြင်းခံရကြောင်း၊ နောက်ပိုင်းတွင် အားလုံဆိုသူနှင့် ပေါင်းသင်းနေရကြောင်း ဖုန်းဖြင့်ဆက်သွယ်ပြောကြားသည်။ မိခင်ဖြစ်သူက အောက်တိုဘာ ၂၈ ရက် နံနက် ၁၀ နာရီတွင် မူဆယ်မြို့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးတပ်ဖွဲ့စုသို့သွား၍ အကြောင်းစုံတိုင်ကြားခဲ့ပြီး သမီးဖြစ်သူအား ရောင်းစားခဲ့သူ မအေနွယ်၏ နေထိုင်သည့်နေရာကိုအသိပေးခဲ့သည်။ ထိုနေ့ညနေ ၃ နာရီတွင် မိခင်ဖြစ်သူက မအေနွယ်နေထိုင်ရာအိမ်ကို လိုက်လံပြသပေးခဲ့ပြီး ရွှေလီလူကုန်ကူးမှုတားဆီးရေးအထူးအဖွဲ့နှင့်ပူးပေါင်းရှာဖွေခဲ့ရာ ကျေ့ရှန်မြို့ ဟိုယုတ်ကျေးရွာတွင် မအေနွယ်ကို တွေ့ရှိဖမ်းဆီးရမိကာ မူဆယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးတပ်ဖွဲ့စုသို့ လွှဲပြောင်းပေးခဲ့သည်။

နမ့်ခမ်းမြို့ရဲစခန်းက မအေနွယ်(ခ)မဝေဝေနွယ်(၃၉ နှစ်) နမ့်ခမ်းမြို့ မိုခမ်းရပ်ကွက် (လက်ရှိ တရုတ်နိုင်ငံ ကျေ့ရှန်မြို့ ဟိုယုတ်ကျေးရွာနေသူ)ကို စစ်ဆေးလျက်ရှိပြီး ရောင်းစားခံရသူ အမျိုးသမီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိရေးအတွက် မူဆယ်မြို့ လူကုန်ကူးမှုတားဆီးရေးတပ်ဖွဲ့စုက တရုတ်နိုင်ငံရဲတပ်ဖွဲ့နှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၁၇)

တောင်တွင်းကြီးမြို့နယ်၌ ရေနံချက်ရုံများ မီးလောင်

တောင်တွင်းကြီး နိုဝင်ဘာ ၂

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က ရေနံချက်ဖို မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်တွင်းကြီးမှ ငမင်ရွာသို့သွားသော ကျောက်ချောလမ်း၏ တောင်ဘက် ကိုက် ၂၀၀ ခန့်အကွာ ရှားတောအတွင်း လုပ်ကိုင်လျက်ရှိသော ရေနံချက်သည့်နေရာတွင် ချက်ဖိုနှစ်လုံးရှိပြီး အမှတ်(၂) ရေနံချက်ဖိုအနီးရှိ အမှတ်(၁/၂) ရေကန်မှ ဆီစစ်ကန်သို့ ဆက်သွယ်ထားသည့် ပိုက်လိုင်းနှစ်လိုင်းတွင် ရေနံချေးများ ပိတ်ဆို့နေသဖြင့် ဆေးကြောရန်အတွက် အမှတ်(၁)ကန် အတွင်းသို့ ဆက်သွယ်ထားသည့် ပိုက်လိုင်းအတွင်းသို့ ကော့စတစ် ဓာတုဆေးမှုန့်ကို ရေဖြင့်ရော၍ အမှတ်(၁)ကန်အတွင်း စက်ဖြင့် မောင်းတင်ရာမှ ရေနံချက်ဖို အမှတ် (၂)အတွင်းသို့ ဆက်သွယ်ထားသည့် ဘားမလုံ၍ ကော့စတစ်နှင့်ရေနံစိမ်းရောနှောပြီးမီးလောင်ပေါက်ကွဲမှုဖြစ်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ မီးလောင်မှု ဖြစ်ရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးသန်းဌေးဟန်၊ မြို့မရဲတပ်ဖွဲ့ စခန်းမှူး ဒုတိယရဲမှူး တင်မောင်ဆွေနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ် ဒုတိယဦးစီးမှူး ဦးစိန်ငွေမိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းတင်နှင့် တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ မြို့နယ်မီးသတ်နှင့်အရန်မီးသတ်တပ်ဖွဲ့ပိုင် မီးသတ်ယာဉ်ခုနစ်စီးတို့ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြသဖြင့် မွန်းလွဲ ၂ နာရီတွင် မီးညွန့်ကျိုးခဲ့ပြီး ညနေ ၃ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြသည်။ မီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ လုပ်ငန်းပိုင်ဆိုင်လုပ်ကိုင်သူ မန္တလေးမြို့ မဟာအောင်မြေမြို့နေသူ ကိုအာကာ (၃၄နှစ်)ကို တောင်တွင်းကြီးရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဗိုလ်ပြည့်(တောင်တွင်းကြီး)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

စက်မှုဝန်ကြီးဌာန

အထည်အလိပ်လုပ်ငန်း

အမှတ်(၈) အထည်စက်ရုံခွဲ၊ ဝါကြိတ်စက်ရုံ(ရမည်းသင်း)၏ မြေ၊ အဆောက်အအုံနှင့် စက်နှင့်စက်ပစ္စည်းများ

ငှားရမ်းရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်တွင်တည်ရှိသော အမှတ်(၈) အထည်စက်ရုံခွဲ၊ ဝါကြိတ်စက်ရုံ(ရမည်းသင်း)၏ မြေ၊ အဆောက်အအုံနှင့် စက်နှင့်စက်ပစ္စည်းများအား ငှားရမ်းလိုပါသဖြင့် စိတ်ဝင်စားသူ ပုဂ္ဂလိက ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များထံမှ ဈေးနှုန်းတင်သွင်းရန် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ပါသည်-

(က) **ဈေးနှုန်းတင်သွင်းလွှာပုံစံ ရောင်းချမည့်ရက်** - ၁-၁၁-၂၀၁၃ ရက်

(ခ) **တင်ဒါပိတ်မည့်ရက်** - ၂-၁၂-၂၀၁၃ ရက်

(ဂ) **ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၄၀၈၃၃၈၊ ၄၀၈၁၈၅၊ ၄၀၈၁၅၆

တင်ဒါကြော်ငြာနှင့်စည်းကမ်းချက်များကို စက်မှုဝန်ကြီးဌာန၏ Website: www. myanmarindustry 2.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အထည်အလိပ်လုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၇)

စက်မှုဝန်ကြီးဌာန

အထည်အလိပ်လုပ်ငန်း

ယခင်အထည်စက်ရုံအမှတ်(၁၀)၊ ရုံခွဲ(၄)၊ (မြောက်ဥက္ကလာ)၏ မြေနှင့် အဆောက်အအုံများအား

ငှားရမ်းရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အမှတ်(၃၁၅/၆၆၁)၊ မဓာဝီလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်တွင်ရှိသော ယခင်အထည်စက်ရုံ အမှတ်(၁၀)၊ ရုံခွဲ(၄)၏ မြေနှင့် အဆောက်အအုံများအား ငှားရမ်းလိုပါသဖြင့် စိတ်ဝင်စားသူ ပုဂ္ဂလိက ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များထံမှ ဈေးနှုန်းတင်သွင်းရန် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ပါသည်-

(က) **ဈေးနှုန်းတင်သွင်းလွှာပုံစံ ရောင်းချမည့်ရက်** - ၁-၁၁-၂၀၁၃ ရက်

(ခ) **တင်ဒါပိတ်မည့်ရက်** - ၂-၁၂-၂၀၁၃ ရက်

(ဂ) **ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၄၀၈၃၃၈၊ ၄၀၈၁၈၅၊ ၄၀၈၁၅၆

၂။ တင်ဒါကြော်ငြာနှင့်စည်းကမ်းချက်များကို စက်မှုဝန်ကြီးဌာန၏ Website: www. myanmarindustry 2.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အထည်အလိပ်လုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၇)

ဥတုရာသီ တောကိုမီး

တစ်ဦးတည်းဖြစ်ကြောင်း

ဦးအောင်ဟိန်းဝင်း(ခ)အောင်စည်သူဝင်း၊ ဒေါ်အေးမြဍူ၏သမီး ရှမ်းပြည်နယ်(တောင်ပိုင်း) ဗထူးတပ်မြို့၊ အထက (၁)၊ ပထမတန်းမှ မယွန်းဝတီထူး (ခ) မဟိန်းဝတီထူး(ခ)မဖြိုးဝတီထူးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

အမည်ဖြည့်စွက်

မြစ်ကြီးနားမြို့၊ အထက (၃)၊ ဒုတိယတန်း (A) မှ မောင်ထက်အာကာအား မောင်စိုင်းထက်အာကာဟု ဖြည့်စွက်ခေါ်ပါရန်။

အမည်ပြောင်း

ဦးမိုးကျော်သူ၏သား မြစ်ကြီးနားမြို့၊ အလက (ခွဲ)၊ ရေကြည် တတိယတန်းမှ မောင်အောင်ဟိန်းမြတ်အား မောင်ဖြိုးသီဟကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဖြိုးသီဟကျော်

အမည်ပြောင်း

ဦးလယ်ဂါး၏သမီး လှိုင်ကော်မြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း (C) မှ မတူးနီဦးအား မဘယ်ရောနီကာဟု ပြောင်းလဲခေါ်ပါရန်။

မဘယ်ရောနီကာ

တစ်ဦးတည်းဖြစ်ကြောင်း

ကျိုက်လတ်မြို့၊ သာယာဝဲကျေးရွာနေ မောင်ဖြူ(ခ)ခင်မောင်ဖြူ ၁၄/ကလန(နိုင်) ၀၈၆၈၄၀ သည် တစ်ဦးတည်းဖြစ်ပါသည်။

မောင်ဖြူ(ခ)ခင်မောင်ဖြူ

မှုခင်းသတင်းနှင့်ကြော်ငြာ

မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၇) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(တမူး)မှတပ်ဖွဲ့ဝင်များနှင့် တမူးခရိုင်ရဲတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ အောက်တိုဘာ ၂၉ ရက် ည ၈ နာရီ ၄၅ မိနစ်က သက်သေများနှင့်အတူ တမူးမြို့နယ် ဇော်ပွား(၃)ရပ်ကွက်နေ မလားထန်ပွိုးရီ(၃၂နှစ်)၏နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ နေအိမ်၌ မလားထန်ပွိုးရီနှင့် အိန္ဒိယနိုင်ငံ မိုရေးမြို့နေ ပေါင်ခိုလွန်း(၁၈ နှစ်)တို့ကို တွေ့ရှိရပြီး နေအိမ်အတွင်းမှ ဆူဒိုအက်ဖီဒရင်းဆေးပြား ၁၇၄၇၅၀၊ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင် အဓိကအသုံးပြုသည့် ဆူဒိုအက်ဖီဒရင်းအာနိသင်ပါ Alprazolam ဆေးပြား ၄၇၇၀၀၊ ဆူဒိုအက်ဖီဒရင်းအမှုန့် ၁၂ ကီလို စုစုပေါင်းတန်ဖိုးငွေကျပ် ၃၇၇ ဒသမ ၁ သိန်း တွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် မလားထန်ပွိုးရီနှင့်ပေါင်ခိုလွန်းတို့နှစ်ဦးအား တမူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ယာပုံ)** **ရဲပြန်ကြား**

သစ်တောဝန်ထမ်းများအား ရန်ပြုတိုက်ခိုက်

နေပြည်တော် နိုဝင်ဘာ ၂

သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ခိုးထုတ်သယ်ယူနေခြင်းကို ကာကွယ်တားဆီး အရေးယူဆောင်ရွက်ခြင်း စီမံချက်များချမှတ်ကာ အထူးအလေးထား ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ၂၀၁၃ခုနှစ် ဧပြီလမှ စက်တင်ဘာလကုန်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျွန်း၊ သစ်မာ၊ အခြားသား စုစုပေါင်း (၁၄၀၃၄. ၅၇၇၁)တန်၊ မီးသွေး (၆၅၁၉. ၅၇) တန်၊ ကား၊ ထော်လာဂျီ၊ ဆိုင်ကယ်စက်လှေ ၇၁၉စီး၊ သစ်စက်/အင်ဂျင် ၁၅၃လုံး တို့ကို ဖမ်းဆီးသိမ်းဆည်းနိုင်ခဲ့သည်။ ဤကဲ့သို့ ဆောင်ရွက်ရာတွင် သစ်တောဦးစီးဌာနဝန်ထမ်းများအား တရားမဝင်သစ်ခိုးထုတ်သယ်ယူနေသူများက တုတ်၊ ဓား၊ လေးခွ လက်နက်များကိုင်ဆောင်ပြီး ရန်ပြုတိုက်ခိုက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အနှောင့်အယှက်ပေးခြင်းများ ပြုလုပ်ခဲ့သည့် ဖြစ်စဉ်များ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၀ကြိမ်၊ ပဲခူးတိုင်းဒေသကြီးတွင် လေးကြိမ်စုစုပေါင်း ၁၄ကြိမ် ဖြစ်ပွားခဲ့သည်။ အောက်တိုဘာ ၅ ရက် နံနက် ၄ နာရီက ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာ သစ်တောကင်းရုံးရှေ့၌ တရားမဝင်သစ်တင်ဆိုင်ကယ်မောင်းသူက တားဆီးစစ်ဆေးသော သစ်တောဝန်ထမ်းတောအုပ် တစ်ဦးအား ငှက်ကြီးတောင်ဓားဖြင့် တိုက်ခိုက်ခဲ့၍ ဝန်ထမ်း၏ ယာဘက်လက်ခုံပြတ်ရှဒဏ်ရာရခဲ့သည်။

ဧပြီ ၂၇ ရက်က ရန်ကုန်-မန္တလေး အမြန်လမ်း၌ ရန်ကုန်မြို့သို့ ဦးတည်မောင်းနှင်လာသော Mitsubishi Pick-up အမျိုးအစား မော်တော်ယာဉ်ကို လှည်းကူးမြို့နယ် သစ်တောဝန်ထမ်းများက ရပ်တန့်စစ်ဆေးရန်ကြိုးစားစဉ် Klluger ယာဉ်တစ်စီးက ဝန်ထမ်းမော်တော်ယာဉ်ကို ကာဆီးပိတ်ဆို့နှောင့်ယှက်ခဲ့ခြင်း၊ မေ ၂၀ ရက်က အမှတ်(၃)လမ်းမပေါ်၌ တရားမဝင်သစ်တင်လာသော Fuso မှန်လုံယာဉ်ကို အင်းစိန်မြို့နယ် သစ်တောဝန်ထမ်းများက ဖမ်းဆီးရန်ဆောင်ရွက်ချိန်တွင် Super Custom ကားတစ်စီးက ပိတ်ဆို့နှောင့်ယှက်ခဲ့ခြင်း၊ ဩဂုတ် ၉ ရက်က ရန်ကုန်-ပြည်လမ်းမမိုင်တိုင်အမှတ် ၄၆/၄ ၌ တရားမဝင်သစ်တင်လာသော Mark II ကားကို တိုက်ကြီးမြို့နယ်သစ်တောဝန်ထမ်းများက ဖမ်းဆီးချိန်တွင် ယာဉ်ပေါ်ပါလာသူ နှစ်ဦးက ဆိုင်ကယ်ကယ်ရီဖြင့် ထွက်ပြေးရာ လိုက်လံဖမ်းဆီးသော ဝန်ထမ်းများအား ထိုသူများက ကုန်းသီးသုံးပြီး လောက်လေးခွဖြင့် ပစ်ခတ်ခဲ့ခြင်း၊ ဩဂုတ် ၁၇ ရက်က ရန်ကုန်-မန္တလေး အမြန်လမ်းမမိုင်တိုင်၂၃/၀၌ ရန်ကုန် ဘက်သို့ မောင်းလာသော Super Custom ယာဉ်ကို စစ်ဆေးရန်ဆောင် ရွက်ချိန်က ၎င်းယာဉ်က ဝန်ထမ်းများစီးလာသောယာဉ်ကိုအနောက်မှဝင် တိုက်ခဲ့ပြီး အဖြူရောင် Toyota Harrier ယာဉ်တစ်စီးက ဝန်ထမ်းယာဉ် ရှေ့ဘက်တွင် ပိတ်ဆို့ရပ်တန့်ကာ ယာဉ်ပေါ်လိုက်ပါလာသူ ငါးဦးကတုတ်၊ ဓားများဖြင့် ဝန်ထမ်းများအားရန်ပြုခြင်း၊ မော်တော်ယာဉ်ဖြင့် ထွက်ပြေး၍ ဝန်ထမ်းများလိုက်လံဖမ်းဆီးရာ ကားချင်းယှဉ်မောင်းချိန်၌ ထွက်ပြေးသူများထဲမှ တစ်ဦးက ဓားဖြင့်ဝန်ထမ်းများကို လှမ်းခုတ်ခဲ့ခြင်း၊ ဩဂုတ် ၂၂ ရက်က ရန်ကုန်-မန္တလေးအမြန်လမ်း၌ တရားမဝင်သစ်တင်လာသော Super Custom ယာဉ်ကို လိုက်လံဖမ်းဆီးစဉ် ဝန်ထမ်းယာဉ်ကို ပွတ်ဆွဲကျော်တက်ခြင်း၊ တရားမဝင်သစ်သယ်ယာဉ်၏ ရှေ့ပြေးယာဉ်က ဝန်ထမ်းများစီးလာသော ယာဉ်ကို ဝင်တိုက်ခြင်း၊ ပွတ်ဆွဲခြင်း၊ လေးခွနှင့်ပစ်ခြင်း၊ တုတ်နှင့်ရိုက်ခြင်း၊ ကားနောက်မှန်ကိုခွဲခြင်းစသည့် အသက်အန္တရာယ်ထိခိုက်စေသော နည်းလမ်းများဖြင့် နှောင့်ယှက်ပြီး ထွက်ပြေးခဲ့ခြင်းစသည့် ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။ထိုကဲ့သို့ ဖြစ်စဉ်များရှိနေသော်လည်း သစ်တောဝန်ထမ်းများသည် အန္တရာယ်များကို အမှုမထားဘဲ တရားမဝင်သစ်နှင့် သစ်တောထွက် ပစ္စည်းခိုးထုတ်သယ်ယူနေသူများကို ဖမ်းဆီးအရေးယူဆောင်ရွက်ရန် စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိကြောင်းနှင့် ထိုသို့အရေးယူဆောင်ရွက်ရာတွင် နိုင်ငံအကျိုးကိုလိုလားသော ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကို ရယူကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘောလုံးလောင်းကစားဒိုင်တစ်ဦးကို လောင်းကြေးငွေကျပ်နှစ်သိန်းကျော်နှင့်အတူဖမ်းမိ

တောင်ငူ နိုဝင်ဘာ ၂

လောင်းကစားပပျောက်ရေးစီမံချက်အရ တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူးရုံး၏ ဖမ်းဝရမ်းဖြင့် တောင်ငူမြို့ အမှတ်(၂)ရပ်ကွက် အောင်မင်္ဂလာလမ်းနေ ပူတူး(ခ) ပြည့်ဖြိုးအောင် ၃၁ နှစ်(ဘ)ဦးစန်းညွှန့်၏ နေအိမ်သို့ အောက်တိုဘာ ၂၇ ရက်က ခရိုင်(အထူး)အဖွဲ့မှ ရဲအုပ်ဇော်ဝေနှင့် အမှတ်(၂) ရဲစခန်းမှ ဒုရဲအုပ် သန်းထိုက်ထွေးတို့အဖွဲ့သည် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ကြသည်။ ၎င်းထံမှ လူအမည်၊ ဘောလုံးအသင်းနှင့်လောင်းကြေးများပါစာရွက်စာတမ်းများအပါအဝင် လောင်းကြေးငွေရောရာ ငွေကျပ် ၂၂၇၅၀၀ နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိပြီး ပူတူး(ခ) ပြည့်ဖြိုးအောင် ဘောလုံးပွဲလောင်းကစားဒိုင်ကိုတောင်ငူမြို့ အမှတ်(၂) ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ **(၁၁၅)**

နှစ်လုံးထီ လောင်းကစားသူ အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မြစ်ခြေနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၉ ရက် ညနေ ၃ နာရီခွဲက လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ သက်သေများနှင့်အတူ ပခုက္ကူမြို့နယ် မြစ်ခြေအုပ်စု မြို့သစ်ရပ်နေ မသန့်နွယ်မျိုး(၄၂ နှစ်)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့သည်။

အရေးယူ

ထိုသို့ရှာဖွေရာ မသန့်နွယ်မျိုးအား လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသော စာရွက်စာတမ်းများ၊ လောင်းကြေးငွေကျပ် ၁၄၆၀၀တို့နှင့်အတူ နေအိမ်အတွင်းရှိ စားပွဲပေါ်တွင် နှစ်လုံးထီဂဏန်းများရေးသွင်းနေစဉ် တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် မြစ်ခြေနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

ခေတ်အေးကျေးရွာ ရန်ကုန်-မန္တလေးကားလမ်းမပေါ်၌ ကားနှင့်ဆိုင်ကယ် တိုက်မှုဖြစ်ပွား

ရန်ကုန် နိုဝင်ဘာ ၂

နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအတွင်း ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း) ပေါ်၌ အောက်တိုဘာ ၃၁ ရက်ညနေက ကားနှင့်ဆိုင်ကယ်တစ်စီးတို့ တိုက်မှုဖြစ်ပွားရာ ဆိုင်ကယ်ပေါ်လိုက်ပါသူနှစ်ဦးစလုံး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ ပျဉ်မနားပေါင်းလောင်းဆည်လမ်းနေ ယာဉ်မောင်းဦးကဘူးသည် အေးရှားဝေါကုမ္ပဏီပိုင်ယာဉ်အမှတ်၅ခ/---အဝါရောင်နစ်ဆန်း ၁၀ ဘီး မြေသယ်ယာဉ်ကို နေပြည်တော်ပျဉ်းမနားဘက်မှ တပ်ကုန်းဘက်သို့ဦးတည် မောင်းနှင်လာစဉ်ဂျင်းနှင့်လားရာတူဘက်သို့ မောင်းနှင်လာသော ဒုတပ်ကြပ် အောင်စိုးလွင်(ယာဉ်မောင်း)နှင့်နောက်မှလိုက်ပါသူတပ်သားနန္ဒထွန်း စီးနင်းလာသည့်အနက်ရောင် KENBO -110 အမျိုးအစား ၂၆ယ/---- ဆိုင်ကယ်နှင့်ရန်ကုန်-မန္တလေး ကားလမ်းမ၌ တိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

တာဝန်ရှိသူများက ဒဏ်ရာရသူနှစ်ဦးစလုံးကို ခုတင် ၁၀၀၀ ဆေးရုံသို့ ပို့ဆောင်ထားပြီး ယင်းအမှုကို ရဲအုပ် ကျော်ကျော်ထွန်းက ဆက်လက် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်မောင်လွင်(မြန်မာ့အလင်း)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လှူ့မိတ်ဆွေ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ကြီး) အေးသာယာအတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Computer table	၁၈ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၁၁-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ကြီး)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၄-၁၂-၂၀၁၃ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း (တောင်ကြီး) ဖုန်း-၀၈၁-၂၁၂၇၆၆၁နှင့် ၀၉-၄၀၂၅၉၈၀၃၅တို့တွင် စုံစမ်းနိုင်ပါသည်။

အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ကြီး)
တင်ဒါခေါ်ယူရေးအဖွဲ့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့၏မြောက်ဘက် (၁၂)မိုင်ခန့်အကွာ၊ ရွှေလီ(၃)ရေအား လျှပ်စစ်စီမံကိန်း၏ လမ်းဖောက်လုပ်ခြင်းလုပ်ငန်း (၅မိုင် ၅ဖာလုံ)အား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၁၁-၁၁-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ
Company Profile အပါအဝင် Technical Proposal နောက်ဆုံးထား၍တင်သွင်းရမည့်ရက် - ၁၈-၁၁-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ

၃။ Technical အောင်မြင်သည့် လုပ်ငန်းရှင်များအား Price Proposal တင်သွင်းရန်ဌာနမှ အကြောင်းကြားပေးမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်(စ်)-၀၆၇-၄၁၀၄၃၁

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရုံးချုပ်
နေပြည်တော်

ပရိဘောဂပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်မှ အောက်ဖော်ပြပါ အရွယ်အစားပါ ပရိဘောဂပစ္စည်း ၁၀ မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းကြရန်ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Officer table (L=6', B=4', H=2'6")	၁၀ လုံး
၂။	Book Case (3'x1'4"x6')	၁၀ လုံး
၃။	File Shelfs (3'x1'2"x3')	၁၀ လုံး
၄။	Cabinet (Leeco 4 Drawers) Width 3' , Heigh 6'	၁၅ လုံး
၅။	ဖိုင်တင်စင် (Leeco/taiyo/standard)	၁၀ လုံး
၆။	Computer table	၁၀ လုံး
၇။	လက်တင်ပါကုလားထိုင်	၃၀ လုံး
၈။	သစ်သားဆက်တီ	၂ စုံ
၉။	Sofa settee (ဆိုဖာဆက်တီ)	၂ စုံ
၁၀။	ထိုင်ခုံ B-319	၆ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၈-၁၁-၂၀၁၃ ရက် ၁၄း၀၀ နာရီ နောက်ဆုံးထား၍ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့ တင်ဒါစည်းကမ်းများနှင့်အညီ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၄၄၈၉၊ ၀၆၇-၄၀၄၄၉၁

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်းရှိ အဝေးရောက်အသင်းသားများ၏အသင်းသားလစဉ်ကြေး ပေးဆောင်နိုင်ရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်းရှိ အဝေးရောက်အသင်းသားများအား ၁၅-၁၁-၂၀၁၁ရက်မှစပြီး ခွင့်ပြုခြင်းမရှိတော့ပါသောကြောင့် ခွင့်ပြုပေးခဲ့သည့် အဝေးရောက်အသင်းသားအားလုံး အလိုအလျောက်ပယ်ဖျက်ပြီး ဖြစ်ပါသဖြင့် သတ်မှတ်ထားသည့် လစဉ်ကြေးများ ပေးဆောင်ရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် မြို့တော်ဂေါက်ကွင်း၏ စည်းမျဉ်းဥပဒေအပိုဒ်(၉)တွင် (၁)နှစ်နှင့်အထက် ပျက်ကွက်သော အသင်းသား(မြန်မာ/နိုင်ငံခြားသား)များအား အသင်းသားအဖြစ်မှ ရပ်စဲမည်ဟုပါရှိပါသဖြင့် အဝေးရောက်အသင်းသားများအနေဖြင့် အသင်းသားလစဉ်ကြေး ကြွေးကျန်များအား ၂၈-၂-၂၀၁၄ရက် နောက်ဆုံးထားပြီး လာရောက်ပေးဆောင်ပါရန်နှင့် လာရောက်ပေးဆောင်ခြင်းမရှိပါက အသင်းသားအဖြစ်မှ ရပ်စဲသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အထွေထွေမန်နေဂျာ
မြို့တော်ဂေါက်ကွင်း

ကျွန်းလှမြို့၌ အရန်သားဖွားသင်တန်းဖွင့်ပွဲကျင်းပ

ကျွန်းလှ နိုဝင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး၊ကျွန်းလှမြို့၌ ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ အရန်သားဖွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးတွင်ကျင်းပသည်။

အခမ်းအနားတွင်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊မြို့နယ်စီမံခန့်ခွဲမှု ကော်မတီများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊မြို့မိ/မြို့ဖများ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ၊ သင်တန်းသူများတက်ရောက်ကြသည်။ **(အောက်ပုံ)**

ထို့နောက်သင်တန်းဖွင့်ပွဲတွင်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးကျော်နိုင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်စန်းဌေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ စာတွေ့သုံးလ၊ လက်တွေ့သုံးလပို့ချပေးမည်ဖြစ်သည်။

ဆက်လက်၍ သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်မှု အသိပညာပေးဆွေးနွေးပွဲကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးတွင်ကျင်းပကြောင်း သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

သဃ်န်းကျွန်းမြို့နယ်၌ ဂက်စ်မီးဖို မီးမွှေးရာမှ မီးလောင်မှုဖြစ်

ရန်ကုန် နိုဝင်ဘာ ၂

အောက်တိုဘာ ၃၀ရက် ည ၇ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဘ၀မြင့်ရပ်ကွက်၊ ရတနာလမ်း၊ တိုက်အမှတ် B4(၁၂)တွင် ဖွင့်လှစ်ထားသော MERMAID SMILE KTV မှ အကြော်ဆရာ မောင်စစ်မင်း (၁၉)နှစ်က အကြော်ကြော်ရန် ဂက်စ်မီးဖိုကို ဖွင့်၍ စက္ကူဖြင့် မီးမွှေးရာမှ ဂက်စ်မီးဖိုခေါင်းတွင်မီးစွဲ၍ ထွက်ပြေး/ယိုစိမ့်ပြီး မီးစတင်လောင်ကျွမ်းခဲ့သည်။ **(အပေါ်ပုံ)**

အမှုဖွင့်အရေးယူ

မီးလောင်ရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးကြည်ဝင်း ဦးဆောင်သော မီးသတ်ယာဉ်ကိုးစီး၊ အထောက်အကူပြုယာဉ် တစ်စီး ပေါင်း ၁၀စီးရောက်ရှိ၍ မီးငြိမ်းသတ်ခဲ့ရာ ၇ နာရီ ၄၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး မီးလောင်မှုကြောင့် KTVဆိုင်မှ အကြော်ဆရာ မောင်စစ်မင်း ဝဲ/ယာလက်နှစ်ဖက် မီးလောင်ဒဏ်ရာ၊ အကူ မောင်မင်းမင်းထွန်း (၂၇)နှစ်တွင် ယာခြေချင်းဝတ်ပေါက်ပြဲဒဏ်ရာ၊ ယာတင်ပါးနာကျင်ဒဏ်ရာတို့ ရရှိပြီး တာဝန်ရှိသူတို့က စံပြဆေးရုံကြီးသို့ တင်ပို့ခဲ့ကြသည်။ မီးလောင်မှုနှင့်ပတ်သက်၍ KTV ဆိုင်မန်နေဂျာ စောထွန်းထွန်း (၂၉ နှစ်)က ကျုံခနောင်ကျေးရွာ မြဝတီကျေးရွာအုပ်စု ဝါးခယ်မမြို့နယ် ဧရာဝတီတိုင်းဒေသကြီး နေသူကို သဃ်န်းကျွန်းရဲစခန်းက အမှုဖွင့်အရေးယူရန် စစ်ဆေးလျက်ရှိကြောင်း မီးသတ်ဌာနမှ သိရသည်။

တင်ကြည်-သဃ်န်းကျွန်း

ပန်းတနော်၌ မြို့နယ်လုံးကျွတ် လယ်ယာမြေလက်မှတ်များထုတ်ပေး

ပန်းတနော် နိုဝင်ဘာ ၂

သားစဉ်မြေးဆက် အဆက်ဆက် ဘ၀အာမခံချက် ရရှိရေးအတွက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်များထုတ်ပေးခြင်းကို အောက်တိုဘာ ၂၆ရက်နံနက်၉နာရီကပန်းတနော်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစန်းမောင်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးသန်းထွန်းတို့တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန၊ ဒုတိယတိုင်းဦးစီးမှူး ဦးဝင်းမြင့်က သားစဉ်မြေးဆက် အဆက်ဆက်ရောင်းချ၊ပေါင်နှံ၊ ငှားရမ်း၊ လဲလှယ်၊ ပေးအပ်နိုင်သည့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်များထုတ်ပေးရခြင်းအကြောင်းရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးများနှင့် တာဝန်ရှိသူများက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု တောင်သူလယ်သမားများကိုယ်စား ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ကျေးရွာအုပ်ချုပ်ရေးမှူးများကလက်ခံရယူကြသည်။ အဆိုပါလယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်များထုတ်ပေးခြင်းကို ပန်းတနော်မြို့နယ်အနေဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု ၅၅ အုပ်စု၊ တောင်သူ ၂၂၉၄၈ဦး၊ ဦးပိုင်လုပ်ကွက် ၃၄၃၁၇ အတွက် လယ်ယာမြေလုပ်ကိုင်ခွင့်ပြု လက်မှတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

ခင်မောင်ဇော်မြင့်

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာန စမ်းချောင်းမြို့နယ် ပြည်လမ်းရှိ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေး အသိပညာပေးရေးဌာနသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆင့် ဦးဆောင်သော ဌာနဆိုင်ရာအရာရှိများ၊ ဝန်ထမ်းများ အောက်တိုဘာ ၂၇ရက်က သွားရောက်လေ့လာကြစဉ်။တင်ဝင်းလေး(ကြည့်မြင်တိုင်)

မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြင်ပမှတင်သွင်းသော ယာဉ်များအား အကောက်ခွန်ရှင်းလင်းထုတ်ပေးမှုအခြေအနေ

ရန်ကုန် နိုဝင်ဘာ ၂

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှဝယ်ယူတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် ၂၅-၁၀-၂၀၁၁ ရက်မှ ၂၄-၁၀-၂၀၁၃ရက်အထိ ၂၄ လတာကာလအတွင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကိုစည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၂၂၅၉၁၉ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် ၃၂၂၁၀၅ ဒသမ ၅၈ ကျပ်သန်း၊ ကုန်သွယ်လုပ် ငန်းခွန် ၃၄၃၉၄၆ ဒသမ ၁၅ ကျပ်သန်း စုစုပေါင်း ၆၆၆၀၅၁ ဒသမ ၇၃ ကျပ်သန်းကို ကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါအကောက်ခွန် (CD) နှင့် ကုန်သွယ်လုပ်ငန်းခွန် (CT) များစည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်များအနက် ယာဉ်အို၊ ယာဉ်ဟောင်းအစားထိုးလဲလှယ်ရေးစီမံချက်အတွက် ၇၈၇၃၉ စီး၊ ကားအရောင်းပြခန်းများအတွက် ၅၁၂၄၉ စီး၊ သဘောသားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၇၂၈ စီး၊ ပြင်ပနေအလုပ်လုပ်သူများပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၈၉၉၅၁ စီးတို့ဖြစ်ကြောင်း သိရသည်။

သိန်းဌေး

ရန်ကုန်တက္ကသိုလ် (မြန်မာစာ)မိသားစု (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ
၁၅-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီ
တက္ကသိုလ်များဓမ္မာရုံကြီး

အထက်ပါ ပူဇော်ပွဲနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ၈-၁၁-၂၀၁၃ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ်နယ်မြေ တောင်ပူဆောင် မြေညီထပ် မြန်မာစာခန်းမ၌ ကျင်းပမည်ဖြစ်ပါသဖြင့် ပညာသင်နှစ်အသီးသီးမှ မြန်မာစာမိသားစုဝင်အားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

ကထိန်အလှူဖိတ်ကြားလွှာ

မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ **ပင်လုံရတနာပအိုဝ်း (၂၊ ဝိုင်း) ကျောင်းတိုက်**၌ ကထိန်လျာ ဆက်ကပ်လှူဒါန်းပွဲကို ၉-၁၁-၂၀၁၃ရက်(စနေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ရပ်နီး/ရပ်ဝေးမှ အလှူရှင် ဒါယကာ၊ ဒါယိကာမများအား ဖိတ်ကြားအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်(ကံဘဲ့) ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက် ဘုံကထိန်ဖိတ်ကြားလွှာ

ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရွှေယင်းမာလမ်း၊ ရွှေဟင်္သာတိုက်သစ် ပရိယတ္တိစာသင်တိုက်ကြီး၌ အဘိဓဇမဟာရဋ္ဌဂုရု၊ တွဲဖက်ရွှေကျင်သာသနာပိုင် သက်တော်ရှည်ဆရာတော်ကြီးအမှူးပြုသော သံဃာတော်အရှင်မြတ်တို့အား အများစုပေါင်း၍ (၄၈)ကြိမ်မြောက် ဘုံကထိန်သင်္ကန်းနှင့်တကွ ဆွမ်းစသော လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ ဆရာတော်ကြီး၏ တပည့်ဒါယကာ ဒါယိကာမများနှင့် ဆွမ်းဒါယကာ ဆွမ်းဒါယိကာမများအား ၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်းစရက် (၁၀-၁၁-၂၀၁၃ရက်) တနင်္ဂနွေနေ့ နံနက် ၉နာရီတွင် တရားတော်နာကြွရောက်၍ ကုသိုလ်ထူးများကိုရယူကြပါရန် ဖိတ်ကြားအပ်ပါသည်။

အကျိုးတော်ဆောင်အဖွဲ့

ဖုန်း-၀၉-၃၁၂၇၈၈၁၉၊ ၀၁-၅၇၁၄၂၂

ရွှေတိဂုံစေတီတော်(စနေထောင့်ရှိ) ရခိုင်တန်ဆောင်းထိန်းသိမ်းစောင့်ရှောက်ရေးအသင်း
ရန်ကုန်မြို့
ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ
ဖိတ်ကြားလွှာ

(၁၆)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါ၍ အသင်းသူအသင်းသားများ မပျက်မကွက်တက်ရောက်ကြပါရန် ခင်မင်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

ကျင်းပမည့်နေ့ရက် ။ ။ ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ ရက်
၂၀၁၃ ခုနှစ် နိုဝင်ဘာ ၉ ရက် (စနေနေ့)
ကျင်းပမည့်အချိန် ။ ။ နံနက် ၉ နာရီ
ကျင်းပမည့်နေရာ ။ ။ **ရခိုင်တန်ဆောင်း** ရွှေတိဂုံစေတီတော်ရင်ပြင် (စနေထောင့်)

အမှုဆောင်အဖွဲ့

ရေကြောင်းလမ်းညွှန်တပ်ဖွဲ့ဝင်များသို့ နှိုးဆော်ဖိတ်ကြားလွှာ

ပည/၁၁(အငြိမ်းစား/အမှုထမ်းဆဲ)စစ်သည်များ၏ ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲနှင့် ဆွမ်းကျွေးအလှူကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသောကြောင့် ပည/၁၁ မည်သူမဆို ဇနီးနှင့်အတူ တက်ရောက်ကြပါရန်နှင့် ဖော်ပြပါအကျိုးဆောင်များထံသို့ အလှူငွေများဆက်သွယ်လှူဒါန်းနိုင်ကြပါရန် လေးစားစွာ နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

အခမ်းအနားအစီအစဉ်
နေ့ရက် - ၁၀-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့)
အချိန် - ၀၉း၀၀နာရီမှ ၁၄း၀၀နာရီအထိ
နေရာ - ကျိုက်ပိဘုန်းတော်ကြီးကျောင်း
သန်လျက်စွန်း၊ ဗိုလ်တထောင်

အကျိုးဆောင်အဖွဲ့
ဦးစိန်လင်း ဖုန်း-၀၉-၄၂၁၀၉၃၉၇၇
ဦးစိုးသူရ ဖုန်း-၀၉-၅၁၄၃၁၀၉
အရာခံဗိုလ်ခင်မောင်သိန်း
ဖုန်း-၀၉-၃၁၁၂၅၂၆၄
အရာခံဗိုလ်တင့်ဆန်း
ဖုန်း-၀၉-၈၆၃၅၀၃၆
အရာခံဗိုလ် မောင်မောင်ဦး
ဖုန်း-၀၉-၇၃၁၀၈၀၅၁

20th Batch B.D.S (1982-1990)
အာစရိယပူဇော်ပွဲ

ကျေးဇူးရှင်ဆရာကြီး/ဆရာမကြီးများအား ပူဇော်ကန်တော့ရန်နှင့် သူငယ်ချင်းများ ပြန်လည်တွေ့ဆုံကြရန် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် ခင်မင်စွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ (၁၅) ရက်၊ တနင်္ဂနွေနေ့
နေရာ - "White Rice Restaurant"
"ကျွန်းသာယာစားသောက်ဆိုင်" တန်ဆောင်ကြီး
အချိန် - နံနက် (၁၀) နာရီမှ (၁၂) နာရီ

ဆက်သွယ်ရန်ဖုန်းနံပါတ်များ

၁။ Dr. တင်ဝင်း	09-5016187	၄။ Dr. မိုမိုဦး	09-5165022
၂။ Dr. ဆန်းဇော်နိုင်	09-5161243	၅။ Dr. ဝင်းနိုင်	09-5113538
၃။ Dr. နေမျိုးထွဋ်	09-5020978	၆။ Dr. မိုမိုမျိုး	09-5052146

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်စျေးတန်းလမ်း၊ အမှတ် ၉စတွင်နေထိုင်သူ ဦးထွန်းထွန်းနိုင် ၁၂/ပဘတ(နိုင်)၀၀၂၅၉၂ထံတွင် မော်တော်ယာဉ်အမှတ် 7F/8469၊ 7F/5971၊ 7F/3359၊ 7F/3477၊ 6F/4842၊ 6F/6816၊ 4F/8180၊ 4F/2519၊ 9F/1636၊ 5F/7558၊ 6F/7910၊ 5F/1587 တို့၏ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (OWNER BOOK) များကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တရားဝင်ထုတ်ယူထားပြီးဖြစ်ပါသည်။

အထက်ပါ မော်တော်ယာဉ်အမည်ပေါက်ပိုင်ရှင်များအနေနှင့် အဆိုပါ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်များကို ဦးထွန်းထွန်းနိုင် ဖုန်း-၀၉-၅၁၀၃၃၇၀၊ ၀၉-၇၃၁၇၃၁၄၄ထံဆက်သွယ်ညှိနှိုင်း၍ ဤကြေညာချက်ပါသည့်ရက်မှ ၁၄ ရက်အတွင်း ဆက်သွယ်ညှိနှိုင်းလာရောက်ယူကြပါရန် ကြေညာအပ်ပါသည်။

ဦးထွန်းထွန်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ထူးထူးမြတ်	ဒေါ်အိသန္တာဝင်းမောင်	ဦးစိုးဟန် LL.B
အထက်တန်းရှေ့နေ	LL.B, LL.M	တရားလွှတ်တော်ရှေ့နေ
(စဉ်-၃၅၇၉၃)	အထက်တန်းရှေ့နေ	အမှတ် ၃၇၊
အမှတ် ၅၅၊ အခန်း ၅၊	(စဉ်-၂၉၄၇၆)	ဘုရားကုန်းမြို့ပြကွက်သစ်၊
ဒုတိယထပ်၊ မဟာဗန္ဓုလ	အမှတ်(က/၂၂)၊ ခိုင်ရွှေဝါ	သန်လျင်မြို့နယ်
ပန်းခြံလမ်း၊	လမ်းသွယ်၊ ပဲခူးစုရပ်ကွက်၊	
ကျောက်တံတားမြို့နယ်၊	သန်လျင်မြို့	
ရန်ကုန်တိုင်းဒေသကြီး		

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆-DII ၊ ဒုတိယတန်းစားမြောက်ဘက်ပိုင်း)၊ မြေကွက်အမှတ် ၇၊ ဧရိယာ (၃၁ပေ ၃ လက်မ × ပေ၆၀)ရှိ မြေပိုင်မြေကွက်တည်ရှိရာအမှတ် (၆၃/၆၅)၊ မောင်ထော်လေးလမ်း (ခ)ဗိုလ်ဆွန်ပက်လမ်း၊ အမှတ် (၆)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်တွင် **လက်ရှိနေထိုင်သူများအား အခန်းပြန်လည်ပေးအပ်စေပြီး ၈ ၁/၂ ထပ်** အဆောက်အအုံအသစ်ဆောက်လုပ်ရန် မူလအမည်ပေါက်ပိုင်ရှင် **CAဒူပလီ**၏ အမွေဆက်ခံပိုင်ဆိုင်သူ **ဒေါ်ခင်မြင့်(ခ)ခတီဇာဘီဘီ ၁၂/ပဘတ(နိုင်)၀၁၉၂၅၇**ထံမှ အထွေထွေ ကိုယ်စားလှယ်လွှဲစာရရှိသူ **ဦးလှမြင့် ၁၂/မဂတ(နိုင်)၀၅၄၀၁၃**ကိုင်ဆောင်သူနှင့် ကျွန်ုပ်တို့၏မိတ်ဆွေ **အောင်တံခွန်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် (YCDC LC -No. 370+390)**တို့ သဘောတူကတိစာချုပ်များ ပြုလုပ်ချုပ်ဆိုပြီးဖြစ်ပါသည်။

အဆောက်အအုံဆောက်လုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံ ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)
LL.B, D.B.L,D.M.L, D.I.L, D.L.P, WIPO (Switzerland)
ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)
B.Sc, Hon (IC), HGP, R.L, D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၂၇၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၄၈၆၆၊ ၂၉၄၇၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄

ထားဝယ်အသင်း
အမှုဆောင်ကော်မတီဝင်လောင်းများ ဖိတ်ခေါ်ခြင်း

ထားဝယ်အသင်း၏ ၂၀၁၄-၂၀၁၆ ခုနှစ် သုံးနှစ်သက်တမ်းအတွက် အမှုဆောင်ကော်မတီဝင်များ ရွေးချယ်ရန်ရှိပါသဖြင့် အသင်းဝင်များသည် အမှုဆောင်ကော်မတီဝင်တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိပါက အမှုဆောင်ကော်မတီဝင် အဆိုပြုလွှာပုံစံများကို အသင်းတွင်ရယူပြီး ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက် ညနေ ၄း၃၀ နာရီ နောက်ဆုံး ထားပြီး တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ **ထားဝယ်အသင်း**

အမှတ် ၈၂၈၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၂၂၂၁၉

ပျောက်ဆုံးသွားပါကြောင်း

ကျွန်တော် ဦးရဲဝင်းထွဋ် ၁၂/ရကန(နိုင်)၀၀၀၂၅၇၏ P.P No M-260201 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၂၅၀၀၇၆၁၁၃**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ပုလဲလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁/၃၆) မြေကွက်အမှတ် ၇၂၅ဟုခေါ်တွင်သော အလျားပေ ၄၀×အနံပေ ၆၀မြေကွက်နှင့် မြေကွက်အမှတ် ၇၂၄ဟုခေါ်တွင်သော မြေကွက်ကြီး၏ခေါင်းရင်းဘက်ခြမ်း အလျားပေ ၃၀× အနံပေ ၆၀ စုစုပေါင်းမြေကွက်အကျယ် အလျားပေ ၇၀ × အနံပေ ၆၀ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက် အိမ်တစ်လုံး၊ ရေ၊ မီးအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးအား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူ ဦးလှဦးထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စန်းမော် LL.B, D.B.L
အထက်တန်းရှေ့နေ(စဉ်-၃၆၆၁၆)
ရှေ့နေများ နားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၇၃၁၈၅၆၇၁

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ ၂၄လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ အကွက်အမှတ်-၉၈၃ နှစ် ၆၀မြေငှားဂရန်စာချုပ် အမည်ပေါက် ဒေါ်သန်းသန်းဝင်းပိုင် အလျားပေ ၆၀× အနံ ၄၅ပေရှိ မြေကွက်နှင့်မြေပေါ်ရှိ အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမွေဆက်ခံခွင့်ရရှိသူ သား ဦးမျိုးမြင့်အောင်၊ သမီး ဒေါ်ဝင်းဝင်းမိုးနှင့် ချွေးမများဖြစ်သူ ဒေါ်လှစန်းကြည်နှင့် ဒေါ်ယုယုတင်တို့က အပြီးအပိုင်ရောင်းချသည်ကို ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူသည့်အလျောက် ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ရောင်းချသော အိမ်၊ ခြံ၊ မြေနှင့် ပိုင်ဆိုင်မှုအရ ဆက်စပ်သူရှိပါက ခိုင်လုံသောစာရွက်စာတမ်းများနှင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက အိမ်၊ ခြံ၊ မြေအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်အေးအေးမော် LL.B
အထက်တန်းရှေ့နေ (စဉ်-၃၈၃၆၇)
အမှတ်-၉၄၄၊ ဇဋိလ ၂လမ်း၊ ၁၆/၁ ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်

ကန့်ကွက်နိုင်ပါသည်

ကန့်ကွက်နိုင်ပါကြောင်း

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ် ၆၃၀၊ မြေကွက်တည်နေရာအမှတ် ၂၀/က၊ အောင်ဇေယျ ၁လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သင်္ဃန်းကျွန်း ဦးထွန်းမောင်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးထွန်းမောင်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ (၁)ဦးသံဒိုင်အောင် ၁၃/ကလန(နိုင်)၀၃၈၁၆၇၊ (၂)ဒေါ်ဖြိုးဝေမာ ၁၃/ကလန(နိုင်)၀၂၁၇၇၅၊ (၃)ဒေါ်တင်တင်ဝင်း ၁၂/သဃက(နိုင်)၀၈၇၇၁၅ တို့က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



အများသိစေရန် ကြေညာခြင်း

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရွှေပင်လုံအိမ်ရာ၊Rose Part-3 ဟုခေါ်သော နှင်းဆီဥယျာဉ်လမ်း၊ ခြံအမှတ် (၅၈/A-2)ရှိ အလျားမြေအကျယ်အဝန်း $\frac{၁၄၈}{၉၃}$ × $\frac{၁၀၇}{၁၀၂}$ ပေ၊ ဧရိယာစတုရန်းပေအားဖြင့် ၁၂၁၄၃အကျယ်အဝန်းရှိသော (တိုက်၊ အိမ်၊ ခြံမြေ)၏ အကျိုးခံစားခွင့်အရပ်ရပ်အား ဆက်စပ်စာချုပ်အရ ရောင်းချပိုင်ခွင့်အပြည့်အဝရှိသူ ဒေါ်ကြည်ကြည်ဝင်း ၁၂/ဗဟန(နိုင်)၀၃၉၆၇၃ထံမှ ကျွန်တော် ဦးထွန်းထွန်းဦး ၁၂/မရက(နိုင်)၀၀၀၅၃၁ကိုင်ဆောင်သူမှ အရောင်းအဝယ်ပြုလုပ်ရန် နှစ်ဦးသဘောတူကြသဖြင့် ရောင်းဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေချထားပြီးဖြစ်သဖြင့် အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပြောရေးဆိုခွင့်ရှိသူ မည်သူမဆို ကန့်ကွက်တားမြစ်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးထွန်းထွန်းဦး ၁၂/မရက(နိုင်)၀၀၀၅၃၁၊ ဖုန်း-၀၉-၅၅၀၀၄၄၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၂၄၊ မြေကွက်အမှတ် ၄၄၉ ပေါ်ရှိ အလျားပေ၄၀×အနံပေ၆၀၊ ဧရိယာစတုရန်းပေ ၂၄၀၀ အကျယ်အဝန်းရှိသော မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဂရန်အမည်ပေါက်ဖြစ်သူ ဦးမြင့်ထွန်း-ဒေါ်ထားထားရီတို့ထံမှ ဆက်စပ်စာချုပ်အရ ပိုင်ဆိုင်သူဦးသန်းစိုး ၁၂/သဃက(နိုင်)၀၇၉၁၈၂ထံမှ ကျွန်မဒေါ်မို့မို့ဦး ၁၂/တမန(နိုင်)၀၁၀၆၅၄က အရောင်းအဝယ်ပြုလုပ်ရန် နှစ်ဦးသဘောတူကြသဖြင့် ရောင်းဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေချထားပြီးဖြစ်သဖြင့် အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပြောရေးဆိုခွင့်ရှိသူမည်သူမဆို ကန့်ကွက်တားမြစ်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မို့မို့ဦး ၁၂/တမန(နိုင်)၀၁၀၆၅၄
ဖုန်း-၀၉-၅၅၀၀၄၄၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးရေးအထူးဇုန်(၁)၊ မြေကွက်အမှတ်ကြီး လ-၃ M_7 လမ်းရှိ အကျယ်အဝန်း စိုက်ပျိုးရေး ၂ ဧကနှင့် မွေးမြူရေး ၂ ဒသမ ၁၅ ဧကမြေကွက်နှင့်ပတ်သက်၍ လက်ရှိပိုင်ဆိုင်လျက်ရှိသော ဦးတင်ဝင်း ၉/မထလ(နိုင်)၁၁၀၇၅၅ထံမှ ဦးကျော်သူရ ၉/ခအဇ(နိုင်)၀၀၆၇၈၃က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ညောင်နှစ်ပင်အထူးဇုန်(၁) ကြီးကြပ်ရေးကော်မတီထံတွင် အမည်ပြောင်းလဲခြင်းလုပ်ငန်းစဉ်များကို ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်သူရ
၉/ခအဇ(နိုင်)၀၀၆၇၈၃
ဖုန်း-၀၉-၇၃၁၀၁၉၃၁၊ ၀၉-၄၂၁၀၅၉၈၆၅

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၂၄၉၃၈၊ Honda C90 Custom CMV ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းအောင် ၅/ထခန(နိုင်)၀၀၄၉၄၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဇ/၇၇၁၁ Phoe La Min L/T (1) Ton P/U (4x2) ® ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းလှိုင် ၈/ရနခ(နိုင်)၁၀၉၈၈၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၈၂၂ Chin Dwin Star Jeep (4x2) Lယာဉ်လက်ဝယ်ရှိသူ ဒေါ်မူမူဌေး ၅/ရဥန(နိုင်)၀၀၇၄၇၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရွှေဘို)၊ ရွှေဘိုမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဏ/၆၂၅၇ Toyota Dyna L/T(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ဦး ၉/မရတ(နိုင်)၀၂၃၂၇၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၅၀၂၇၉ Jialing, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်မိုး ၅/စကန(နိုင်) ၂၄၅၇၅၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၁၉၇၆ CHIN DWIN STAR L/T, P/U ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သူကြွယ် ၅/ရဘန(နိုင်)၀၂၅၆၇၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရွှေဘို)၊ ရွှေဘိုမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၅၈၁၆၃၊ Zaw Cycle IV(2C-4)ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်မိုး ၅/စကန(နိုင်)၂၄၅၇၅၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ပုဂံမြို့သစ်အနီး ခြံရောင်းမည်

လောကနန္ဒာဘေးမဲ့ဥယျာဉ်ဘေး၊ ရွှေတွင်းကျေးရွာ၊ ညောင်ဦးမြို့နယ်ရှိ မြေ ၆.၅ ဧက ရောင်းရန်ရှိသည်။ အမည်ပေါက်ဖြင့် ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

ဆက်သွယ်ရန်-၀၉-၅၄၁၇၆၇၀၊ ၀၉-၇၃၂၂၁၅၅၇

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်မင်းကိုကို ၁၂/မဂဒ(နိုင်)၁၄၄၂၄၁သည် မိဘစကားနားမထောင်ပါသဖြင့် အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စများအားလည်း တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

မိခင်- ဒေါ်ခင်လေးကြူ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်ကျော်မိုးထွန်း ၁၂/လသယ(နိုင်)၀၇၄၅၇၃သည် မိဘပြောဆို ဆုံးမမှုအား (လုံး၀) လိုက်နာမှုမရှိပါ၍ မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအားလုံး လုံး၀တာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးမြင့်ရွှေ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဗမာအေး၊ မြေကွက်အမှတ် ၁၇၉၊မြေကွက်တည်နေရာအမှတ် ၁၇၉၊ ဗညားဒလလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးမြင့်အောင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးမြင့်အောင် ကွယ်လွန်သဖြင့် ဒေါ်ဌေး ၁၂/ဒပန(နိုင်)၀၂၄၃၂၇က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/သမိုင်း၊ မြေကွက်အမှတ် ၁၂/ဃ-၃၉၊ မြေကွက်တည်နေရာအမှတ် ၃၂၃၊ ၄ လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးသန်းရှိန်အမည်ပေါက် ဘီ၊ လ/န ၃၉ အိမ်ရာမြေအား အမည်ပေါက် ဖခင် ဦးသန်းရှိန်နှင့် မိခင် ဒေါ်ကြင်သန်းတို့ ကွယ်လွန်သဖြင့် ဦးကျော်ဇေယျ ၃/ဘအန(နိုင်)၀၀၆၁၄၉၊ ဒေါ်ဥမ္မာသန်း ၁၂/မရက(နိုင်)၀၄၁၉၄၂၊ ဦးစိုးမိုးအောင် ၁၂/မရက(နိုင်)၀၁၅၇၈၆၊ ဦးကျော်စွာသန်း ၁၂/မရက(နိုင်)၀၄၁၂၈၆တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရွှေပင်လုံ Rose Park 3 အိမ်ရာစီမံကိန်း၊ လုံးချင်းတိုက်အမှတ်($၆၉B_2$)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးခင်မောင်တိုး ၉/မရမ(နိုင်)၀၄၅၂၅၄+ ဒေါ်ဝေဝေခိုင် ၉/ခအဇ(နိုင်)၀၁၁၈၀၉ထံမှ ဦးစိုင်းရွက်မိုင်း ၁၃/မကန(နိုင်)၀၂၃၇၈၀+ ဒေါ်နန်းခန်းဒွန်း ၁၃/နစန(နိုင်)၀၃၁၇၉၁က တရားဝင်စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီးဖြစ်ပါသဖြင့် ပိုင်ရှင်အမည်ပြောင်းလဲ၍ မြေဂရန်ထုတ်ယူခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်းစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁/ဗမာအေး၊ မြေကွက်အမှတ် ၃၁၀၊ မြေကွက်တည်နေရာအမှတ်-၃၁၀၊ ကန်သာယာလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးတင်ညွန့် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်ညွန့် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူဒေါ်တင်ရီ ၁၂/ဒပန(နိုင်)၀၂၄၅၀၆ထံမှ GP $\frac{၁၇၀၄၀/၁၃}{၁၂-၉-၁၃}$ ရရှိသူ ဦးချစ်ကိုကိုညွန့် ၁၀/မလမ(နိုင်)၁၅၅၉၃၅က ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ မြေကွက်အမှတ် ၅/င၂၀၊ မြေကွက်တည်နေရာအမှတ် ၂၁၆၊ သုခမြိုင် ၄လမ်း၊ လမ်းသွယ် ၁၊ (၈)ရပ်ကွက် မောင်သိန်းအောင် အမည်ပေါက် ဘီ-မြေပိုင်မြေအား အမည်ပေါက် ဦးသိန်းအောင်ထံမှ အရောင်းအဝယ် စာချုပ်အမှတ် ၄၈၉/၁-၉-၁၉၆၁ဖြင့် ဝယ်ယူထားသူ ဦးအုံးရွှေ၊ ဇနီး ဒေါ်အမာစိန်နှင့် သားကြီး ဦးသိန်း၊ သမီး ဒေါ်လှအိ (အမျိုးကြီးဘဝဖြင့်)တို့ ကွယ်လွန်ကြသဖြင့် ဒေါ်အေးအေးမြင့် ၁၂/လမတ(နိုင်)၀၅၉၉၃၄က ကွယ်လွန်သူ ဦးသိန်း၏ တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ အရောင်းအဝယ်စာချုပ်အမှတ် ၄၈/၉-၂-၁၉၅၉၏ မိတ္တူမှန်တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လူမှုရေးကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဟန်ညွန့်

အသက် (၇၁)နှစ်

မန္တလေးတိုင်းတရားသူကြီး(ငြိမ်း)၊ ဆရာ ဦးဟန်ညွန့်သည် ၃၀-၁၀-၂၀၁၃ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်အေးသိန်း၊ ညွန့်ညွန့်လွင်၊ ခင်လှကြည်၊ စိုးခက်ခက်၊ နှင်းသီတာ၊ စန္ဒာအောင်၊ ကြည်ကြည်စိမ်း၊ ဌေးမြင့်အေး၊ သော်ဒါစိန်

(၃)နှစ်ပြည့် လွမ်းဆွတ်တမ်းတခြင်း

ဦးခင်မောင်ထွေး(ခ)ဦးဖိုးထွေး

ခွဲခွာသွားတာ (၃)နှစ်ပြည့်လည်း...

အဖေရဲ့ သွားလာလှုပ်ရှားမှုတွေ အမြဲမြင်ယောင်နေဆဲပါ။

အဖေရဲ့ ရိုးသားမှုတွေ အမြဲဂုဏ်ယူနေဆဲပါ။

အဖေရဲ့ ဆိုဆုံးမစကားတွေ အမြဲလိုက်နာနေဆဲပါ။

အဖေ့အတွက်ရည်စူးပြီး ပြုလုပ်သမျှ ကောင်းမှုကုသိုလ် အစုစုတို့ကို ရောက်ရာဘုံဘဝကနေ သာဓုခေါ်နိုင်ပါစေ။

အဖေရေ-အမျှ-အမျှ-အမျှ-

ကျန်ရစ်သူမိသားစု

ချစ်ဇနီးနှင့် သားသမီးမြေးများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ဝင်းဌေး ဦးစီးအရာရှိ(စက်မှု)

အသက်(၃၄)နှစ်

မကွေးမြို့၊ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၈)တွင် တာဝန်ထမ်းဆောင်နေသော ဦးကျော်ဝင်းဌေး ဦးစီးအရာရှိ(စက်မှု)သည် ၃၀-၁၀-၂၀၁၃ ရက် ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လ/ထညွှန်မှူး(စက်မှု)နှင့် စက်မှုဝန်ထမ်းများ

တည်ဆောက်ရေး(၈)၊ မကွေးမြို့

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ဝင်းဌေး ဦးစီးအရာရှိ(စက်မှု)

အသက်(၃၄)နှစ်

မကွေးမြို့၊ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၈)တွင် တာဝန်ထမ်းဆောင်နေသော ဦးကျော်ဝင်းဌေး ဦးစီးအရာရှိ(စက်မှု)သည် ၃၀-၁၀-၂၀၁၃ ရက် ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးစီးအရာရှိ(စက်မှု)များ

တည်ဆောက်ရေး(၈)၊ မကွေးမြို့

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ဝင်းဌေး ဦးစီးအရာရှိ(စက်မှု)

အသက်(၃၄)နှစ်

မကွေးမြို့၊ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၈)တွင် တာဝန်ထမ်းဆောင်နေသော ဦးကျော်ဝင်းဌေး ဦးစီးအရာရှိ(စက်မှု)သည် ၃၀-၁၀-၂၀၁၃ ရက် ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်မှူး၊ ဒု-ညွှန်မှူးနှင့်ဝန်ထမ်းများ

ရေအားလျှပ်စစ်ဌာနခွဲ(၁)၊ မင်းဘူးမြို့

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ဝင်းဌေး ဦးစီးအရာရှိ(စက်မှု)

အသက်(၃၄)နှစ်

မကွေးမြို့၊ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၈)တွင် တာဝန်ထမ်းဆောင်နေသော ဦးကျော်ဝင်းဌေး ဦးစီးအရာရှိ(စက်မှု)သည် ၃၀-၁၀-၂၀၁၃ ရက် ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လ/ထညွှန်မှူး(လျှပ်စစ်)နှင့်ဝန်ထမ်းများ

ရေအားလျှပ်စစ်ဌာနခွဲ(၁)၊ မင်းဘူးမြို့

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ဌေးဖြူ

အသက်(၈၈)နှစ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ၊ ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပျံချီ ဦးဌေးဦး-ဒေါ်နီနီဝင်းတို့၏ မိခင်ကြီး ဒေါ်ခင်ဌေးဖြူ အသက်(၈၈)သည် ၃၁-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းပါကြောင်း။

နတ်စင်တစ်ရာ နယ်လှည့်သစ္စာမိဋ္ဌာန် စတုဒိသာ မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်ခင်ဌေးဖြူ

အသက်(၈၈)နှစ်

ဟင်္သာတမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ဒုတိယဥက္ကဋ္ဌ၊ သီရိပျံချီဦးဌေးဦး- မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ နာယက ဒေါ်နီနီဝင်းတို့၏ချစ်လှစွာသောမိခင် ဒေါ်ခင်ဌေးဖြူသည် ၃၁-၁၀-၂၀၁၃ရက် နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကျော်ဟိုး၊ ဦးမောင်မောင်စန်း၊ ဦးဘိုသိန်း၊

ဒေါက်တာဒေါ်ခင်ချောစုကြည်

ဝမ်းနည်းကြေကွဲခြင်း

ဦးလှဌေး(81 E.P ပြည် G.T.I)-ဒေါ်ရင်ရင်ကြူတို့၏ ဖခင် ဦးပီတာလူး အသက်(၉၁)နှစ်သည် ၃၁-၁၀-၂၀၁၃ရက် နံနက် ၃း၂၀ နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည် G.T.I ကျောင်းသူ ကျောင်းသားဟောင်းများ

ဦးလူသွင်

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၇ ရပ်ကွက်၊ ဦးလွန်းမောင်လမ်း၊ အမှတ် ၆၈/ဘီ နေ (ဦးဘိုးညွန့်-ဒေါ်ငယ်မ)တို့ ၏သား၊ (ဦးထဲဝ-ဒေါ်ငွေခိုင်)တို့၏ သားသမက်၊ (ဦးလူတင်-ဒေါ်သောင်း)တို့၏ညီ၊ (ဒေါ်ခင်မြ)၏ခင်ပွန်း၊ ဒေါ်စန်းမြင့်၊ ဦးအောင်မြင့်-ဒေါ်အေးအေးသောင်း၊ ဦးဝင်းတင်-ဒေါ်စန်းစန်းဝင်း၊ ဦးအောင်မြိုင်-ဒေါ်စန်းစန်းဝင်း၊ ဦး အောင်မင်း-ဒေါ်သင်းသင်းဆွေ၊ ဦးဝင်းထွေး-ဒေါ်ချိုချိုမြင့်၊ ဒေါ်သော်သော်ဇင် တို့၏ဖခင်၊ မြေး ၁၂ ယောက်၊ မြစ် လေးယောက်တို့၏အဘိုးသည် ၃၁-၁၀-၂၀၁၃ရက်တွင် အာရုံတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။ ကျန်ရစ်သူမိသားစု

ဦးဟန်ညွန့် မန္တလေးတိုင်းတရားသူကြီး(ငြိမ်း)

အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ထန်းတပင်မြို့နယ်နေ (ဦးတင်-ဒေါ်သောင်း)တို့၏သား၊ (ဦးဖိုးရုံ-ဒေါ်စိန်)တို့၏သားသမက်၊ဒေါ်ညို၊ ဦးကျော်ဝင်း၊ ဦးကျော်မြင့်၊ဒေါ်နွဲ့ရီတို့၏အစ်ကို၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ (F-၂၉)၊၆၆လမ်း၊ သရဖီလမ်းနှင့်ငုရွှေဝါလမ်းကြားနေ ဒေါ်စန်းမွှေး၏ခင်ပွန်း၊ ဦးမင်းထင်-ဒေါ်ကြည်ကြည်မြင့်၊ ဦးအောင်နေမျိုး - ဒေါ်ယယ်ယယ်အောင်၊ ဒေါ်ခင်မျိုးဟန်-ဗိုလ်မှူးအောင်မျိုးဆန်းတို့၏ဖခင်၊ ဇေရယ်မင်းထင်၊ ဝဏ္ဏမင်းထင်၊ သက်တွယ်တာ၊ သုခြွေဆု၊ အုပ်စိုးခန့်တို့၏ အဘိုးသည် ၃၀-၁၀-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၃ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် မန္တလေးမြို့နေအိမ်မှ တောင်အင်း- မြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃-၁၁-၂၀၁၃ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ငြိမ်းငြိမ်း(မြင်းခြံ)

B.E (Chemical)

အသက် (၆၆)နှစ်

ဦးဇော်ဝင်း၏ဇနီး၊ ကိုကျော်မျိုးဝင်းမြင့်-မအိအိငြိမ်းဇော်၊ ကိုဟံသာငြိမ်းဇော်တို့၏မိခင် ဒေါ်ခင်ငြိမ်းငြိမ်းသည် ၃၀-၁၀-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညီအစ်မရင်းပမာ ချစ်ခင်ရပါသော မမသန်း

ဒေါက်တာသန်းသန်း၊ ပါမောက္ခ(ငြိမ်း) မြန်မာစာဌာန

(၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဒေါ်ခင်ခင်စိန်

(၂-၁၁-၂၀၁၁)-(၂-၁၁-၂၀၁၃)

မိသားစုတွေ လွမ်းရင်းဆွေးရင်းတမ်းတရင်းနဲ့ပဲ (၂)နှစ်ပြည့်သွားပြန်ပြီ အောက်မေ့ဖွယ်ရာဝတ်ပြုခြင်းကို မော်ဘီသတ္တမနေ့အသင်းတော်မှာ ပြုလုပ်ခဲ့တယ်။ တစ်နေ့ ထာဝရကောင်းကင်ဘုံမှာ ပြန်ဆုံကြမယ်။

ဦးဘိုခင်နှင့် သားသမီး၊ မြေး၊ မြစ်များ၊

မော်ဘီမြို့

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး

အရှင်ဦးဇဋိလ (ဦးသာဝ)

သက်တော် (၉၂)နှစ်၊ ဝါတော် (၂၂)ဝါ

ဦးသန်းအောင်-ဒေါ်စန်းစန်းမော် (ဒို့တာဝန်မိသားစု ကွန်ကရစ်လုပ်ငန်းနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၏ဖခင်ဖြစ်သူ အရှင်ဦးဇဋိလ (ဦးသာဝ)သည် ၃၀-၁၀-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၀၃ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ရွှေမေတ္တာ**

အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး

အရှင်ဦးဇဋိလ (ဦးသာဝ)

သက်တော် (၉၂)နှစ်၊ ဝါတော် (၂၂)ဝါ

ဦးသန်းအောင်-ဒေါ်စန်းစန်းမော် (ဒို့တာဝန်မိသားစု ကွန်ကရစ်လုပ်ငန်းနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၏ဖခင်ဖြစ်သူ အရှင်ဦးဇဋိလ (ဦးသာဝ)သည် ၃၀-၁၀-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၀၃ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **အဲဗား**

အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး

အရှင်ဦးဇဋိလ (ဦးသာဝ)

သက်တော် (၉၂)နှစ်၊ ဝါတော် (၂၂)ဝါ

ဦးသန်းအောင်-ဒေါ်စန်းစန်းမော် (ဒို့တာဝန်မိသားစု ကွန်ကရစ်လုပ်ငန်းနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၏ဖခင်ဖြစ်သူ အရှင်ဦးဇဋိလ (ဦးသာဝ)သည် ၃၀-၁၀-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၀၃ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **WIN**

အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး

အရှင်ဦးဇဋိလ (ဦးသာဝ)

သက်တော် (၉၂)နှစ်၊ ဝါတော် (၂၂)ဝါ

ဦးသန်းအောင်-ဒေါ်စန်းစန်းမော် (ဒို့တာဝန်မိသားစု ကွန်ကရစ်လုပ်ငန်းနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၏ဖခင်ဖြစ်သူ အရှင်ဦးဇဋိလ (ဦးသာဝ)သည် ၃၀-၁၀-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၀၃ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ**

ရွှေမဲကုမ္ပဏီလီမိတက်

ဝမ်းနည်းကြေကွဲခြင်း

ဦးပီတာလူး

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အခန်းအမှတ်(၄၀၁၊ ၄၀၂)၊ ဝါးတန်းကွန်ဒို၊ ခြံအမှတ်(၇)၊ ကလီရိုပ် သာလမ်း၊ လမ်းမတော်မြို့နယ်နေ ဒေါ်ကျင်အေး(ခ)တန်ရော့ဗုာ၏ချစ်လှစွာသော ခင်ပွန်း၊ ဦးဝမ်းကြည်-ဒေါ်စောလုတို့၏ဖခင် ဦးပီတာလူးသည် ၃၁-၁၀-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ကိုထွန်းသန့်ကျော်-မအိအိဝင်း(ရဲအောင်လံဂိတ်၊ သံတွဲမြို့)**

ကိုခင်မောင်ရွှေ-မခင်သန်းနွယ်(ရဲအောင်လံဂိတ်၊ တောင်ကုတ်မြို့)

ဝမ်းနည်းကြေကွဲခြင်း

ဦးပီတာလူး

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အခန်းအမှတ်(၄၀၁၊ ၄၀၂)၊ ဝါးတန်းကွန်ဒို၊ ခြံအမှတ်(၇)၊ ကလီရိုပ်သာလမ်း၊ လမ်းမတော်မြို့နယ်နေ ဒေါ်ကျင်အေး(ခ)တန်ရော့ဗုာ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝမ်းကြည် (ဥက္ကဋ္ဌ-စခန်းအကျိုးဆောင်အဖွဲ့)-ဒေါ်စောလုတို့၏ဖခင် ဦးပီတာလူးသည် ၃၁-၁၀-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **စခန်းအကျိုးဆောင်အဖွဲ့**

အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း

